မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၆ ခုနှစ်၊ တပို့တွဲလကွယ်နေ့၊ ၂၀၀၅ ခုနှစ်၊ မတ် ၉ ရက်၊ ဗုဒ္ဓဟူးနေ့၊ အတွဲ(၄၂)၊ အမှတ်(၁၆၀)

နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ဒေဝူးကော်ပိုရေးရှင်းဥက္ကဋ္ဌနှင့်အဖွဲ့အား လက်ခံတွေ့ဆုံ ကမ်းလွန်သဘာဝဓာတ်ငွေ့ထုတ်လုပ်ရေး ညှိနှိုင်းဆွေးနွေး

ရန်ကုန် မတ် ၈

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် Daewoo Int’l Corporation ဥက္ကဋ္ဌ Mr. Tae Yong Lee နှင့်အဖွဲ့အား ယနေ့မွန်းလွဲ ၂ နာရီ ၄၅ မိနစ်တွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တက်ရောက်

ယင်းသို့လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ၊ ဝန်ကြီးချုပ်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးစိုးတင့်၊ နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် သူရဦးအောင်ထက်နှင့် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနှင့် စီးပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းမြတို့ တက်ရောက်ကြသည်။

ထိုသို့လက်ခံတွေ့ဆုံရာ၌ ကမ်းလွန်သဘာဝဓာတ်ငွေ့ ထုတ်လုပ်ရေးဆိုင်ရာ ကိစ္စများနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ညှိနှိုင်းဆွေးနွေးကြသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း Daewoo Int’l Corporation ဥက္ကဋ္ဌ Mr. Tae Yong Lee အား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ တွေ့ဆုံနှုတ်ဆက်စဉ်။ (သတင်းစဉ်)

အမျိုးသားညီလာခံစုံညီအစည်းအဝေး မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၌ ဆက်လက်ကျင်းပ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့၏ အုပ်ချုပ်မှုအာဏာ၊ နိုင်ငံ့ဝန်ထမ်းနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုနှင့်စပ်လျဉ်းပြီး အသေးစိတ်အခြေခံရမည့်မူများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြ

ရန်ကုန် မတ် ၈

အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၌ ဆက်လက်ကျင်းပရာ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းများအနက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့်စပ်လျဉ်း၍ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းတင်ပြချက်များကို ဖတ်ကြားတင်ပြကြသည်။

စာမျက်နှာ ၈ ကော်လံ ၁ ■

အမျိုးသားညီလာခံ စုံညီအစည်းအဝေး

အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၌ ကျင်းပစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း အယ်ဒီတာ့ အာဘော်
(၂၀၀၅ ခုနှစ်၊ မတ်လ ၉ ရက်)

နိုးကြားသည့် အမျိုးသားရေးခံယူချက်ဖြင့် နိုင်ငံတော်ကို ကာကွယ် ထက်မြက်သည့် ပညာရည်စွမ်းပကားဖြင့် နိုင်ငံတော်ကို တည်ဆောက်

ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး နိုင်ငံတကာအလယ်တွင် တင့်တယ်ဝင့်ထည်စွာ ရင်ပေါင်တန်း ရပ်တည်နိုင်စေရန်အတွက် နိုင်ငံတော်ကို တည်ဆောက်ရာတွင် တိုင်းရင်းသားစည်းလုံးညီညွတ်မှု၊ နိုင်ငံတော် တည်ငြိမ်အေးချမ်းမှု၊ အမျိုးသားစီးပွားရေးဘဝ တောင့်တင်းခိုင်မာမှု၊ နည်းပညာတိုးတက်ဖြစ်ထွန်းမှု၊ လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှု စသည့် အမျိုးသားရေးစွမ်းအားများ ပြည့်ဖြိုးခိုင်မာစေရန် အထူးလိုအပ်ပေသည်။

ယနေ့ အချိန်အခါကဲ့သို့ ကမ္ဘာ့နိုင်ငံအသီးသီး ဆက်စပ်ယှက်နွှယ် ပြောင်းလဲဖြစ်ပေါ်နေသည့် Globalization အချိန်အခါမျိုးတွင် မျိုးဆက်သစ်လူငယ်များအနေဖြင့် နိုင်ငံတကာသိပ္ပံနှင့် နည်းပညာ တိုးတက်ဖြစ်ပေါ်မှုများ၊ ခေတ်မီသင်ကြားမှု၊ သင်ယူမှုနည်းပညာများကို အချိန်နှင့်တစ်ပြေးညီ တတ်သိကျွမ်းကျင်ပြီး နိုင်ငံတကာနှင့် မျက်ခြည်မပြတ်စေရန် အထူးလိုအပ်ပေသည်။

ထို့ကြောင့် ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုနယ်ပယ်အားလုံး လွှမ်းမိုးပိုင်းဖြတ်နေသည့် ခေတ်ကာလ၌ နိုင်ငံတော်ကို တည်ဆောက်ကာကွယ်ရေးအတွက် ပဓာနကျသည့် အမျိုးသားရေးစွမ်းအား အသီးသီး ပြည့်ပြည့်ဝဝ ဖြစ်ထွန်းလာစေရန် ပညာရေးကဏ္ဍက အဓိက ဖြည့်ဆည်းပေးကြရမည် ဖြစ်သည်။

နိုင်ငံတော်အစိုးရအနေဖြင့် ပညာရေးကဏ္ဍ အမျိုးသားရေးတာဝန်များ ပြည့်ပြည့်ဝဝ အောင်အောင်မြင်မြင် အကောင်အထည်ဖော် စွမ်းဆောင်ဖြည့်ဆည်းပေးနိုင်ရန်အတွက် အမျိုးသားပညာရည်မြင့်မားရေး စီမံကိန်းအဆင့်ဆင့်ကို ချမှတ်ဖော်ဆောင်လျက် ရှိသည်။ နိုင်ငံတကာ တိုးတက်ပြောင်းလဲမှုများနှင့် တစ်ပြေးညီစေရန် နိုင်ငံတော်အတွင်း ခေတ်မီသိပ္ပံနှင့် နည်းပညာရပ်များ ဖွံ့ဖြိုးတိုးတက် ထွန်းကားပြန့်ပွားစေရေးနှင့် သိပ္ပံနှင့် နည်းပညာရပ်များကို ထိရောက်အကျိုးရှိစွာ အသုံးချနိုင်စေရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ယင်းသို့ ကြိုးပမ်းဖော်ဆောင်ရာ၌ အမျိုးသားရေးအသိအမြင် ကြည်လင်ထက်သန်ပြီး ထူးချွန်ထက်မြက်သည့် မျိုးဆက်သစ် အသိပညာရှင်၊ အတတ်ပညာရှင်များ ဘက်စုံကဏ္ဍစုံတွင် စဉ်ဆက်မပြတ် တိုးတက်ပေါ်ထွန်းလာစေရန် အခြေခံပညာကဏ္ဍနှင့် အဆင့်မြင့်ပညာကဏ္ဍတို့ကို ဟန်ချက်ညီညီ အချိတ်အဆက်မိမိ ပေါင်းစပ်ပြီး စနစ်တကျ စီမံဆောင်ရွက်လျက်ရှိရာ အောင်မြင်ဖြစ်ထွန်းမှု အသီးအပွင့် အကျိုးရလဒ်ကောင်းများကို စတင်မြင်တွေ့နေရပြီ ဖြစ်သည်။

သို့ရာတွင် နိုင်ငံတကာတိုးတက်ဖြစ်ထွန်းမှုများကို လွဲမှားစွာ အတုယူအားကျမှုမဖြစ်စေဘဲ မြန်မာ့ယဉ်ကျေးမှု၊ မြန်မာ့စံထားမှုများနှင့် ဖီလာဆန့်ကျင်ပြီး တိုင်းတစ်ပါးအမူအကျင့် ဓလေ့စရိုက်နှင့် အတွေးအခေါ်များကို အမျိုးသားရေးအမြင်ဖြင့် မှန်ကန်စွာ ရှုမြင်သုံးသပ်ရှောင်ရှားနိုင်ရန်လည်း အထူးသတိပြုကြရမည် ဖြစ်ပေသည်။

ယနေ့ မျိုးဆက်သစ်လူငယ်လူရွယ်များ တိုင်းချစ်ပြည်ချစ် မျိုးချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်၊ နိုင်ငံတကာနှင့် ယှဉ်ပြိုင်နိုင်သည့်စိတ်ဓာတ်နှင့် အမျိုးသားယဉ်ကျေးမှု ထိန်းသိမ်းတတ်သည့်စိတ်ဓာတ်များ အစဉ်ထာဝရ ရှင်သန်နိုးကြားနေစေရန် လူငယ်ဘဝကတည်းကပင် ပြုစုပျိုးထောင်ပေးကြရန် အထူးလိုအပ်ပေသည်။

မျက်မှောက်ကာလတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးကို အဘက်ဘက်က အင်အားချည့်နဲ့ပြီး တိုင်းတစ်ပါးကို မှီခိုအားထား ဩဇာခံလာစေရန်ဦးတည်၍ တိုင်းရင်းသားစည်းလုံးညီညွတ်မှုစိတ်ဓာတ်နှင့် ပြည်ထောင်စုစိတ်ဓာတ် ယိုယွင်းပျက်ပြားစေရန် နည်းပညာတိုးတက်အသာစီးရရှိမှုကို အခွင့်ကောင်းယူကာ ရည်ရွယ်ချက်ရှိရှိ ဖန်တီးလုပ်ဆောင်မှုများကို စွမ်းရည်စွမ်းအားမြင့်မားသည့် လူငယ်လူရွယ်များက သတိပြုရှောင်ရှား၍ ရင်ဆိုင်ကျော်လွှားကြရန် ဖြစ်ပေသည်။

သို့ဖြစ်ရာ တိကျခိုင်မာသည့် အမျိုးသားရေးလုပ်ငန်းစဉ်များဖြင့် ပြည့်စုံခိုင်မာသော အနာဂတ်နိုင်ငံတော်သစ်ကြီးကို စနစ်တကျ ကြိုးပမ်းတည်ဆောက်ရာတွင် မျိုးဆက်သစ်လူငယ်လူရွယ်များက နိုးကြားသည့် အမျိုးသားရေး အသိအမြင်ခံယူချက်၊ ထက်မြက်မြင့်မားသည့် ပညာရည်စွမ်းပကားဖြင့် နိုင်ငံတော်ကို တည်ဆောက်ကာကွယ်သွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

သဘာဝဘေးအန္တရာယ် ကိုင်တွယ်ဖြေရှင်းမှုဆိုင်ရာကွန်ဖရင့် ဟောင်ကောင်၌ကျင်းပ၊ ကိုဖီအာနန် သဝဏ်လွှာပို့

ဟောင်ကောင် မတ် ၇

သဘာဝဘေးအန္တရာယ် ကိုင်တွယ်ဖြေရှင်းမှုနှင့် အာရှပြုပြင်ပြောင်းလဲရေး စိန်ခေါ်မှုများနှင့် စပ်လျဉ်းသည့်နိုင်ငံတကာဆိုင်ရာ ကွန်ဖရင့်ကို ဟောင်ကောင်၌ သောကြာနေ့ကကျင်းပသည်။

ယင်းနိုင်ငံတကာဆိုင်ရာ ကွန်ဖရင့်သို့ ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ကိုဖီအာနန်က သဝဏ်လွှာပေးပို့ခဲ့ရာ သဝဏ်လွှာ၌ ၂၀၀၄ ခုနှစ် ဒီဇင်ဘာ ၂၆ ရက်က ဆူနာမီ ဒီလှိုင်းအန္တရာယ် ကျရောက်ခဲ့ကြောင်း၊ မကြုံစဖူးသည့် ဖြစ်ရပ်တစ်ခုဖြစ်ကြောင်း၊ ကမ္ဘာတစ်ဝန်း ဘေးအန္တရာယ်များ ကျရောက်နေကြောင်း၊ မိမိတို့အနေဖြင့် မကြုံဖူးသည့် ဖြစ်ရပ်များ တွေ့မြင်နေရ၍ ကမ္ဘာလုံးဆိုင်ရာ တုံ့ပြန်မှုလိုအပ်လာကြောင်း၊ သို့ရာတွင် မည်သည့်အချိန်တွင် ယင်းကဲ့သို့ ဖြစ်ပေါ်မည်ကို အသေးစိတ် အချက်အလက်များ ကောက်ယူ၍ မရနိုင်သေးကြောင်း၊ အနာဂတ်တွင် ယင်းကဲ့သို့ ဖြစ်ပေါ်မှုမျိုးမှ အဖြစ်ဆိုးခြင်းများကို ကာကွယ်နိုင်ရန် ကြိုးပမ်းကြရမည်ဖြစ်ကြောင်းဖော်ပြထားသည်။

တိုးလာ

လွန်ခဲ့သော ၁၀နှစ်ကျော်က သဘာဝ ဘေးအန္တရာယ်ကြောင့် သေဆုံးသည့် အရေအတွက်သည် ထို့အရင် ၁၀နှစ်ကထက် ၅၀ရာခိုင်နှုန်းတိုးလာကြောင်း၊ ပြန်လည် ဖွံ့ဖြိုးတိုးတက်လာစေရန် ဆောင်ရွက်ရမှု ကုန်ကျစရိတ်များ တိုးလာကြောင်း ၎င်းက ပြောကြားသည်။

တစ်ချိန်တည်းမှာပင် မိမိတို့သည် ယင်းသဘာဝအန္တရာယ်များ မကျရောက်မီ ပြင်ဆင်ရေး ကာလတွင် ဘေးအန္တရာယ်ထိခိုက်မှုများလျှော့ချရန် မည်သို့ဆောင်ရွက်သင့်သည်ကို သဘောတူညီမှု သင်ခန်းစာရရှိခဲ့ကြောင်း အာနန်က ထပ်လောင်းပြောကြားသည်။ နှစ်ရက်ကြာကျင်းပသည့် အဆိုပါကွန်ဖရင့်ကို တရုတ် ကျွမ်းကျင်သူများနှင့်အတူ ဩစတြေးလျ၊ ကနေဒါ၊ ဂျာမနီ၊ ဆွစ်ဇာလန်၊ အိန္ဒိယ၊ အင်ဒိုနီးရှား၊ ဂျပန်၊ ထိုင်း၊ နယ်သာလန်၊ စင်ကာပူ၊ သီရိလင်္ကာနှင့် အမေရိကန်ပြည်ထောင်စုတို့က ပူးပေါင်းကျင်းပခြင်းဖြစ်သည်။ အာရှတွင် သဘာဝဘေးအန္တရာယ် ကိုင်တွယ်ဖြေရှင်းမှုနှင့် ထိန်းချုပ်မှုဆိုင်ရာများနှင့်စပ်လျဉ်း၍ ဆွေးနွေးကြမည် ဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ

လက်ဘနွန်မှ ဆီးရီးယားတပ်ဖွဲ့ဝင်များ ရုပ်သိမ်းမည်

ကိုင်ရို မတ် ၇

လက်ဘနွန်နိုင်ငံတွင် ဖြန့်ချထားသော တပ်ဖွဲ့ဝင်များနှင့် ပတ်သက်၍ ကြေညာချက်တစ်ရပ်ကြောင့် ဆီးရီးယားတပ်ဖွဲ့ဝင်များကို လက်ဘနွန်မှ ပြန်လည်ရုပ်သိမ်းတော့မည်ဟု ယုံကြည်ရကြောင်း အီဂျစ်နိုင်ငံခြားရေးဝန်ကြီး အာမက်အဘူဂါဟိတ်က စနေနေ့တွင် ပြောကြားသည်ဟု အီဂျစ်သတင်းဌာန မီနာက သတင်းထုတ်ပြန်သည်။

ဆီးရီးယားနိုင်ငံတွင် စနေနေ့က ပြုလုပ်ခဲ့သော ပါလီမန်အစည်းအဝေးတွင် ဆီးရီးယားသမ္မတ ဘာဆာအယ်အာဆတ်က လက်ဘနွန်နိုင်ငံ အရှေ့ပိုင်း ဘီကာတောင်ကြားမှ ဆီးရီးယားတပ်ဖွဲ့ဝင်များကို အပြီးပိုင် ရုပ်သိမ်းပြီး ဆီးရီးယားနှင့် လက်ဘနွန်နယ်စပ်သို့ ပြောင်းရွှေ့မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

လိုက်နာ

ယင်းကဲ့သို့ ဆီးရီးယားတပ်ဖွဲ့ဝင်များ ပြောင်းရွှေ့မှုမှာ ကုလသမဂ္ဂ လုံခြုံရေးကောင်စီ ညွှန်ကြားချက် အမှတ် ၁၅၅၉ နှင့် တာ့ဖ်သဘောတူညီမှုများကို အပြည့်အဝ လိုက်နာခြင်းပင်ဖြစ်ကြောင်း အီဂျစ်နိုင်ငံခြားရေးဝန်ကြီး အဘူဂါဟိတ်က ပြောကြားသည်။

၁၉၇၅-၁၉၉၀ ခုနှစ်က လက်ဘနွန်တွင် ဖြစ်ပွားခဲ့သော ပြည်တွင်းစစ်ပွဲ ပြီးဆုံးပြီးနောက် ၁၉၈၉ ခုနှစ်က သဘောတူစာချုပ် ချုပ်ဆိုခဲ့သော တာ့ဖ်စာချုပ်အရ ဘေရွတ်မြို့မှ ဆီးရီးယားတပ်ဖွဲ့ဝင်များ ရုပ်သိမ်းပြီး လက်ဘနွန်အရှေ့ပိုင်းသို့ တပ်ဖွဲ့များပြောင်းရွှေ့ချထားရန် ဖော်ပြထားကြောင်း သိရသည်။

ဖိအားပေး

ပြီးခဲ့သည့် ဖေဖော်ဝါရီလ ၁၄ ရက်က လုပ်ကြံခံရ၍ သေဆုံးခဲ့ရသော လက်ဘနွန်ဝန်ကြီးချုပ်ဟောင်း ရာဖစ်ဟာရီရီသေဆုံးခဲ့ရပြီးနောက် လက်ဘနွန်မှ ဆီးရီးယားတပ်ဖွဲ့ဝင် ၁၄၀၀၀ ကို ပြန်လည်ရုပ်သိမ်းရန် နိုင်ငံတကာမှ ဖိအားပေးခဲ့ကြသည်။

အမ်အင်အေ၊ဆင်ဟွာ

ရေနံပူးပေါင်းရှာဖွေရေးနှင့် သန့်စင်ချက်လုပ်ရေး အိန္ဒိယနှင့် ဗင်နီဇွဲလား နှစ်နိုင်ငံသဘောတူ လက်မှတ်ရေးထိုး

နယူးဒေလီ မတ် ၇

အိန္ဒိယနှင့် ဗင်နီဇွဲလားနိုင်ငံတို့သည် ရေနံစူးစမ်းရှာဖွေမှုနှင့် ရေနံသန့်စင်ချက် လုပ်ရာတွင် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရန်အတွက် ကန့်သတ်ချက်သဘောတူညီမှု တစ်ခုကို စနေနေ့က လက်မှတ်ရေးထိုးခဲ့ကြသည်။

အဆိုပါ နားလည်မှုစာချွန်လွှာ(အမ်အိုယူ)ကို ဟိုက်ဒြိုကာဗွန်ကဏ္ဍနှင့် ရေနံစူးစမ်းရှာဖွေရေးနှင့်ထုတ်လုပ်ရေး၌ ပူးပေါင်းဆောင်ရွက်ရန်အတွက် အိန္ဒိယ အိုအင်ဂျီစီဗီဒက်ချ်လီမိတက် နှင့် ဗင်နီဇွဲလားနိုင်ငံပိုင် ပက်ထရိုလီယံကုမ္ပဏီ (ပီဒီဗီအမ်စ်အေ)တို့က လက်မှတ်ရေးထိုးခဲ့ကြခြင်းဖြစ်သည်။

မိမိတို့သည် အထူးသဖြင့် ဟိုက်ဒြိုကာဗွန်နယ်ပယ်တွင် အိန္ဒိယနှင့် ခင်မင်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင် ရွက်မှုကို လက်ကမ်းကြိုဆိုပါကြောင်း သောကြာနေ့က စတင်၍ အိန္ဒိယသို့ လေးရက်ကြာအလည်အပတ်ခရီး ရောက်ရှိလာသည့် ဗင်နီဇွဲလားသမ္မတ ဟူဂိုရှာဗက်ဇ်က ပြောကြားသည်။

မိမိတို့သည် မိမိတို့၏ဆက်ဆံရေး အင်အားတောင့်တင်းခိုင်မာစေမည့် ဝန်ကြီးချုပ်၏ ခိုင်မာသည့်ဆုံးဖြတ်မှုကို အလေးထားမိကြောင်း နယူးဒေလီ၌ မန်မိုဟန်ဆင်းနှင့် တွေ့ဆုံရာတွင် ရှာဗက်ဇ်က ပြောကြားသည်။

မိမိတို့သည် ရေနံထုတ်လုပ်မှု တိုးတက်ရန် အိန္ဒိယကို ကူညီမည်ဖြစ်ကြောင်း၊ အားလုံးကောင်းမွန်လာလျှင် အိန္ဒိယသည် ရေနံစူးစမ်းရှာဖွေရေးနှင့် ထုတ်လုပ်ရေးတွင် မကြာမီ ကိုယ်တိုင်ပြည့်စုံလာမည်ဖြစ်ကြောင်း နယူးဒေလီ၌ ရှာဗက်ဇ်က သတင်းထောက်များအား ပြောကြားသည်။ ထို့အပြင်၎င်းက အိန္ဒိယနှင့်ခင်မင်ရင်းနှီးမှု ကြီးထွားလျက်ရှိခြင်း၊ တစ်ဦးနှင့်တစ်ဦးချစ်ခင်မှုနှင့် အပြန်အလှန် သဘောတူထားမှုတွင် စိတ်ပိုင်းဆိုင်ရာ အရင်းခံရှိခြင်းများနှင့် စပ်လျဉ်း၍ အားတက်သရော ပြောကြားခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ

မတ် ၈ရက်က ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း Daewoo Int'l Corporation ဥက္ကဋ္ဌ Mr. Tae Yong Lee နှင့် အဖွဲ့အား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။ (သတင်း-ရှေ့ဖုံး)

(သတင်းစဉ်)

တောင်ကြီး-အင်းလေးနှင့်ကလောဒေသများသို့ သွားရောက်လေ့လာကြမည့် စစ်သံမှူးများနှင့်ဇနီးများအား တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ ပို့ဆောင်နှုတ်ဆက်

ရန်ကုန် မတ် ၈

ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ စစ်သံမှူးများ နာယက လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ စစ်သံမှူး Col. Onechanh -Phetsalat ခေါင်းဆောင်ပြီး ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ စစ်သံမှူးများနှင့်ဇနီးများ၊ မိသားစုများသည် ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၏ဇနီး ဒေါ်ခင်သက်ဌေးနှင့် တပ်မတော်အရာရှိကြီးများ၏ဇနီးများ၊ တာဝန်ရှိသူများလိုက်ပါလျက် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေ တောင်ကြီး-အင်းလေးနှင့်ကလောဒေသများသို့ သွားရောက်လေ့လာရန် ယနေ့နံနက်ပိုင်းတွင် တပ်မတော်အထူးလေယာဉ်များဖြင့် ရန်ကုန်မြို့မှ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေသို့ ထွက်ခွာသွားကြသည်။

ပို့ဆောင်နှုတ်ဆက်

အဆိုပါ စစ်သံမှူးများနှင့်ဇနီးများ၊ မိသားစုများအား ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် တပ်မတော်အရာရှိကြီးများ၊ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။ **(အောက်ပုံ)** **(သတင်းစဉ်)**

ညောင်နှစ်ပင်မှာတမ်း

✻ ပြည်ထောင်စုကို ပျိုးထောင်
ဘာအရောင်မှမလိုဘူး......

✻ ပြည်ထောင်စုကိုချစ်
ဘာအပြစ်မှမရှိဘူး......

✻ ပြည်ထောင်စုကိုစုစည်း
ဘယ်ခရီးမှ မဝေးဘူး......

✻ တိုင်းပြည်ဖျက်မယ့်အကြံ
ဘယ်တော့မှမကြံ......

✻ တိုင်းပြည်ဖျက်မယ့်အလုပ်
ဘယ်တော့မှမလုပ်......

✻ ဒို့ညီအစ်ကိုချင်း၊ သွေးသားရင်းတွေ
မရှင်းရင်မေး၊ မေးတော့မှသိ
သိတော့မှဝေဖန်၊ မှန်တော့မှခရီးရောက်
ရှေ့နောက်မြော်မြင်၊ ဆင်ခြင်နှိုင်းဆ
ဆွေးနွေးကြလော့၊ မြန်မာ့ရေမြေ
အခြေအနေနဲ့၊ ညီထွေလိုက်လျော
ကောင်းသောအကြံဉာဏ်၊ ညီလာခံမှာ
အမှန်အမှား၊ ခွဲခြားသုံးသပ်
ဆုံးဖြတ်ချက်များ၊ ချမှတ်သွားလော့
ရှည်လျားနှစ်ပေါင်း၊ သမိုင်းကြောင်းမှာ
ထောင်သောင်းမကတည်စေသော်......။

✻ သမိုင်းတစ်ကွေ့၊ ဆုံတွေ့ခိုက်တွင်
ညောင်နှစ်ပင်မှာတမ်း၊ စာပန်းတစ်ခိုင်
မှတ်တိုင်အဖြစ်၊ တည်ကျန်ရစ်ဖို့
ရေးဖြစ်ခဲ့ပြီ ကဗျာတစ်ပုဒ်......။ ။

ဟသ်ာတမြင့်ငွေ

ကျိုက်မရောအသင်းစည်းဝေးမည်

ရန်ကုန် မတ် ၈

ကျိုက်မရောအသင်း(ရန်ကုန်)၏ တတိယအကြိမ်မြောက်နှစ်ပတ်လည်အစည်းအဝေး၊ ဘွဲ့ထူးဂုဏ်ထူးရရှိသူများအား ထပ်ဆင့်ချီးမြှင့်ပွဲနှင့် ပညာရည်ချွန် ဆုပေးပွဲကို မတ်၂၀ရက် (တနင်္ဂနွေနေ့) မွန်းလွဲ၂နာရီတွင် မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူလမ်း ဆရာဝန်အသင်းတိုက်အနီးရှိ စိတ်တိုင်းကျ စားသောက်ဆိုင်တွင် ကျင်းပမည်ဖြစ်ရာ ရန်ကုန်ရောက် ကျိုက်မရောမြို့နယ်သူ မြို့နယ်သားများ တက်ရောက်ကြရန် ဖိတ်ကြားထားသည်။

၂၀၀၄ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ဂုဏ်ထူးဖြင့်အောင်မြင်ခဲ့သော အသင်းဝင်များ၏ သားသမီးများသည် အမှတ်စာရင်းမိတ္တူ အထောက်အထားများဖြင့်မတ်၁၇ရက်နောက်ဆုံးထား၍ ဦးသောင်းညွန့် ဖုန်း-၇၀၇၈၈၀၊ ဦးရဲမြင့် ဖုန်း-၂၂၅၀၇၆၊ ဦးရွှေမြ ဖုန်း-၇၀၃၀၉၂ နှင့်ဦးခင်အောင် ဖုန်း-၇၀၁၈၁၅တို့သို့ ဆက်သွယ် စာရင်းပေးပို့ကြရန်နှင့် အလှူငွေများလည်း ထည့်ဝင်လှူဒါန်းကြရန် နှိုးဆော်ထားသည်။ **(က-ပ)**

မြန်မာ့ရုပ်မြင်သံကြား

၁၃၆၆ ခုနှစ် တပို့တွဲလကွယ်နေ့
(ဥပုသ်နေ့)
၉-၃-၂၀၀၅(ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ ကျေးဇူးရှင်မင်းကွန်းဆရာတော်ဘုရားကြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
- ၇း၂၅။ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇း၃၀ ၃။ နံနက်ခင်းသတင်း
- ၇း၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
- ၇း၅၅ ၅။ မြူးမြူးကြွကြွယဉ်ကျေးမှု အက
- ၈း၁၀ ၆။ အရေးပြိုင်ပွဲ
- ၈း၂၀ ၇။ ရန်ကုန်တိုင်းပေါင်းလောင်း (ငမိုးရိပ်ရေကူ) ရေလှောင်တမံ
- ၈း၃၀ ၈။ International News
- ၈း၄၅ ၉။ Let's Go

ညပိုင်း

- ၁၆း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၁၆း၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၁၆း၃၀ ၃။ Demonstration Exercises for Correct Pronunciation
- ၁၆း၄၅ ၄။ တပ်မတော်နေ့ ဂုဏ်ပြုတေးသီချင်းပြိုင်ပွဲ ဆုရတေးများ (၂၀၀၃ ခုနှစ်)
- ၁၇း၀၀ ၅။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ ဒုတိယနှစ် (ဓာတုဗေဒအထူးပြု) (ဓာတုဗေဒ)
- ၁၇း၁၅ ၆။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
- ၁၇း၃၀ ၇။ တေးဂီတအစီအစဉ်
- ၁၇း၄၀ ၈။ လက်ဆင့်ကမ်းပေးဂီတတေး
- ၁၇း၄၅ ၉။ သီချင်းကြီးပဒေသာ
- ၁၈း၀၀ ၁၀။ ရှုဖွယ်စုံလင်အာဆီယံအစီအစဉ်
- ၁၈း၁၀ ၁၁။ Discovery
- ၁၈း၁၅ ၁၂။ တေးဂီတအစီအစဉ်
- ၁၈း၃၀ ၁၃။ ညနေခင်းသတင်း
- ၁၉း၀၀ ၁၄။ မိုးလေဝသအခြေအနေ
- ၁၉း၀၅ ၁၅။ မြန်မာစာ၊မြန်မာစကား
- ၁၉း၁၅ ၁၆။ နှစ်(၆၀) ပြည့်တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
- ၁၉း၃၀ ၁၇။ ကြံ့ခိုင်ကျန်းမာပြည်မြန်မာ
- ၁၉း၄၅ ၁၈။ အမျိုးသား ညီလာခံဂုဏ်ပြုတေး
- ၂၀း၀၀ ၁၉။ ပြည်တွင်းသတင်း
- ၂၀။ နိုင်ငံတကာသတင်းများ
- ၂၁။ မိုးလေဝသအခြေအနေ
- ၂၂။ **မမှောင်သောအလင်း (အပိုင်း- ၁၂) "အတိတ်ကအရိပ်သဖွယ်"** ဖိုးကျော်၊ရတနာခင်၊ခင်မို့မို့အေး၊ စမ်းစမ်းအေး၊ခိုင်နှင်းဝေ၊ ဒေါ်သဲနု (ဒါရိုက်တာ-သက်တင်)
- ၂၃။ မင်းကွန်း ဆရာတော်ဘုရားကြီး ဦးဝိစိတ္တသာရာဘိဝံသ၏ အရပ်ဆယ်မျက်နှာမေတ္တာဘာဝနာပွားများခြင်းတရားတော်

မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံသံအမတ်ကြီးအဖြစ် မစ္စတာလီဂျူဟွမ်းအား ခန့်အပ်ရန်သဘောတူ

ရန်ကုန် မတ် ၈

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရသည် မြန်မာနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ကိုရီးယားသမ္မတနိုင်ငံသံအမတ်ကြီးအဖြစ် မစ္စတာလီကျောင်ဂူး၏နေရာတွင် မစ္စတာလီဂျူဟွမ်းအားခန့်အပ်ရန် သဘောတူလိုက်ပြီး ဖြစ်သည်။

မစ္စတာလီဂျူဟွမ်းသည် ၁၉၅၀ပြည့်နှစ် ဇန်နဝါရီလ ၁၁ရက်နေ့တွင် မွေးဖွားခဲ့ပြီး ၁၉၇၉ ခုနှစ်တွင် ဆိုးလ်မြို့ ဆန်ကျူကွမ်းတက္ကသိုလ်မှ ဘွဲ့ရရှိခဲ့ပါသည်။ ၎င်းသည် ၁၉၇၉ ခုနှစ် ဇူလိုင်လမှစတင်၍ နိုင်ငံခြားရေးဝန်ကြီးဌာနတွင် အမှုထမ်းဆောင်ခဲ့ပြီး ဂျပန်နိုင်ငံ၊ ထိုင်းနိုင်ငံ၊ အီတလီနိုင်ငံတို့ရှိ သံရုံးများနှင့် ဂျပန်နိုင်ငံ အိုဆာကာမြို့ရှိ ကိုရီးယားကောင်စစ်ဝန်ချုပ်ရုံးတို့တွင်လည်းကောင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန၌လည်းကောင်း ရာထူးအဆင့်ဆင့်ဖြင့် တာဝန်ထမ်းဆောင်ခဲ့သည်။ မစ္စတာလီဂျူဟွမ်းသည် ၁၉၉၅ခုနှစ်တွင် သမ္မတရုံး၌ လက်ထောက် အတွင်းရေးမှူးအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး ၂၀၀၄ခုနှစ် ဇွန်လမှစ၍ သမ္မတရုံးတွင် သမ္မတ၏ လက်ထောက်အဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။

မစ္စတာလီဂျူဟွမ်းသည် အိမ်ထောင်သည်တစ်ဦးဖြစ်ပြီး သားနှစ်ယောက်ရှိသည်။ **(သတင်းစဉ်)**

ဗိုလ်တထောင်မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့စည်းဝေး

ရန်ကုန် မတ် ၈

ဗိုလ်တထောင်မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့၏ ၂၀၀၄-၂၀၀၅ခုနှစ် လုပ်ငန်းဆိုင်ရာ နှစ်ပတ်လည်အစည်းအဝေးကို မတ်၆ရက် နံနက် ၉နာရီက ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ဝိုင်အမ်စီအေခန်းမ၌ကျင်းပရာ သဘာပတိအဖြစ် အဖွဲ့ဥက္ကဋ္ဌ ဦးကြိုင်မြင့်(မောင်ရန်ရှင်း) နှင့် အခမ်းအနားမှူးအဖြစ် ဦးဆန်းတင့်(တက္ကသိုလ်ဆန်းတင့်နိုင်)တို့က ဆောင်ရွက်ကြသည်။

ရှေးဦးစွာ သဘာပတိအဖွဲ့ဥက္ကဋ္ဌ ဦးကြိုင်မြင့်(မောင်ရန်ရှင်း)က အမှာစကားပြောကြားပြီး ဆက်လက်၍မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်း ဗဟိုတွဲဖက်အတွင်းရေးမှူး ဦးခင်ဆွေ(ရွှေစွန်ညို) နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြအေးတို့**(ယာပုံ)**က အမှာစကားပြောကြားကြသည်။ ထို့နောက်အဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးမြင့်ဆွေ(မြင့်ဆွေမြင့်)က နှစ်ပတ်လည် အစည်းအဝေးသို့ တင်သွင်းမည့် အလုပ်အမှုဆောင်ကော်မတီ၏ အစီရင်ခံစာကိုလည်းကောင်း၊ ဘဏ္ဍာရေးမှူး ဦးမြင့်စိုး (ကွမ်း၊ ပေါင်းတည်)က ဘဏ္ဍာရေးရှင်းတမ်းကိုလည်းကောင်း ဖတ်ကြားကာ အဖွဲ့ဝင် ဦးမောင်မောင်ညို(မောင်မောင်ညို)က အကြံပြုဆွေးနွေးပြီး အစည်းအဝေးက အတည်ပြုသည်။ ဆက်လက်၍ အဖွဲ့ဝင် အသက်(၇၅)နှစ် အထက် သက်ကြီးစာပေရှင်များအား ပူဇော်ကန်တော့ကြသည်။ **(မြန်မာ့အလင်း)**

ပြည်ထောင်စုအစိုးရသည် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ပြည်ထောင်စုအစိုးရ၏မူဝါဒများကို ချမှတ်ရမည် ယင်းမူဝါဒများနှင့်အညီ လိုအပ်သောစီမံကိန်းများကိုရေးဆွဲ၍ ပြည်ထောင်စုလွှတ်တော်၏ သဘောတူညီချက်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရန် ချမှတ်သင့်

● *ကျော်ဖုံးမှ*

အသေးစိတ်အခြေခံရမည့်မူများ ချမှတ်ခဲ့ပြီးဖြစ်ကြောင်း၊ ထို့အပြင် "နိုင်ငံတော်၏ အုပ်ချုပ်ရေးအာဏာကို ပြည်ထောင်စု၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအား ခွဲဝေအပ်နှင်းသည်။ ကိုယ်ပိုင်အုပ်ချုပ် ခွင့်ရစီရင်စုများအား ကိုယ်ပိုင်အုပ်ချုပ်ရေးအာဏာကို ဖွဲ့စည်းပုံအခြေခံဥပဒေအရ သတ်မှတ်ပေးသည့်အတိုင်း ခွဲဝေအပ်နှင်းသည်"ဟု အသေးစိတ်အခြေခံရမည့် မူများလည်း ချမှတ်ခဲ့ပြီးဖြစ်ကြောင်း။

ဤကဲ့သို့ ချမှတ်ခဲ့ပြီးဖြစ်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့်အညီ ပြည်ထောင်စုအစိုးရ၏ အုပ်ချုပ်မှုအခွင့်အာဏာ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရတို့၏ အုပ်ချုပ်မှုအခွင့်အာဏာများကို ကွဲကွဲပြားပြားရှိစေရန် သတ်မှတ်ပေးရန် လိုအပ်ကြောင်း၊ အလားတူပင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စု ဦးစီးအဖွဲ့များ၏ ကိုယ်ပိုင်အုပ်ချုပ်ရေးအာဏာများကိုလည်း သတ်သတ်မှတ်မှတ် ဖော်ပြပေးရန် လိုအပ်ကြောင်း။

ရှေးဦးစွာ ပြည်ထောင်စုအစိုးရအား အပ်နှင်းသင့်သည့် အုပ်ချုပ်မှုအခွင့်အာဏာနှင့် ယင်းအခွင့်အာဏာနှင့်ဆက်စပ်လျက်ရှိသည့် တာဝန်နှင့် လုပ်ပိုင်ခွင့်များနှင့် စပ်လျဉ်း၍ လုပ်ငန်းကော်မတီ၏ လေ့လာတွေ့ရှိချက်များကို တင်ပြလိုကြောင်း။

ချမှတ်ခဲ့ပြီးသည့် အသေးစိတ်အခြေခံရမည့် မူများအရ နိုင်ငံတော်အကြီးအကဲဖြစ်သည့် နိုင်ငံတော်သမ္မတက ပြည်ထောင်စုအစိုးရအား ဦးစီးဦးဆောင်ပြုမည်ဖြစ်၍ ပြည်ထောင်စုအစိုးရအား အုပ်ချုပ်မှုအခွင့်အာဏာများ ကျယ်ကျယ်ပြန့်ပြန့်အပ်နှင်းပြီး ယင်းအုပ်ချုပ်မှုအခွင့်အာဏာနှင့် ဆက်စပ်နေသည့် တာဝန်နှင့်လုပ်ပိုင်ခွင့်များကိုလည်း ပီပီပြင်ပြင် သတ်မှတ်ထားရှိသင့်ကြောင်း။

နိုင်ငံတစ်နိုင်ငံ၏ အုပ်ချုပ်မှုအခွင့်အာဏာသည် အလွန်ကျယ်ပြန့်ကြောင်း၊ အုပ်ချုပ်ရေးအာဏာကို ကျင့်သုံးဆောင်ရွက်ရသည့် လုပ်ငန်းများသည် နေ့စဉ်နှင့်အမျှ ကြုံတွေ့နေရမြဲဖြစ်ကြောင်း၊ ပြည်သူများနေ့စဉ် လှုပ်ရှားလုပ်ကိုင်ဆောင်ရွက်နေကြခြင်းမှန်သမျှသည် အုပ်ချုပ်ရေးနှင့် ကင်းသည်ဟု မရှိနိုင်ကြောင်း၊ နိုင်ငံတော်၏ အုပ်ချုပ်ရေးလုပ်ငန်းဆိုသည်များသည် ကြီးမားကျယ်ပြန့်၍ ပြည်ထောင်စုအစိုးရအနေဖြင့် အုပ်ချုပ်ရေးအာဏာများကို ကျင့်သုံးဆောင်ရွက်ရာတွင် အကျိုးသက်ရောက်မှုရှိရန်အတွက် လိုအပ်သော ဥပဒေများကို ပြည်ထောင်စုလွှတ်တော်က အခါအားလျော်စွာ ပြဋ္ဌာန်းပေးရမည်ဖြစ်ကြောင်း။

ကမ္ဘာ့နိုင်ငံအသီးသီးတွင် အုပ်ချုပ်သည့် အစိုးရများသည် မည်သည့်ပုံစံကွဲပြားခြားနားကြသော်လည်း အုပ်ချုပ်ရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် စနစ်တကျရှိစေရေး၊ ထိရောက်အောင်မြင်မှုရှိစေရေးအတွက် မိမိတို့နိုင်ငံ၏ အုပ်ချုပ်ရေးဆိုင်ရာ လုပ်ငန်းကဏ္ဍအလိုက် လိုက်လျောညီထွေရှိမည့် ဥပဒေများကို ပြဋ္ဌာန်းထားကြကြောင်း၊ ထိုသို့ပြဋ္ဌာန်းကြရာတွင်လည်း နိုင်ငံအချို့တွင်ဆိုလျှင် ဖွဲ့စည်းပုံအခြေခံဥပဒေတွင်ပင် ဗဟိုဥပဒေပြုလွှတ်တော်က ပြဋ္ဌာန်းနိုင်သည့် ဥပဒေပြုစာရင်းနှင့် ဒေသဆိုင်ရာ ဥပဒေပြုအဖွဲ့များက ပြဋ္ဌာန်းနိုင်သည့် ဥပဒေပြုစာရင်းများဟူ၍ ခွဲခြားဖော်ပြထားသည်ကို လေ့လာတွေ့ရှိရကြောင်း။

ကမ္ဘာ့နိုင်ငံအသီးသီး၏ ဖွဲ့စည်းပုံအခြေခံဥပဒေများတွင် အစိုးရ၏ အုပ်ချုပ်ရေးအာဏာစက် ဖြန့်ကြက်မိစေရန် အုပ်ချုပ်ရေးနှင့်ဆိုင်သော တာဝန်နှင့် လုပ်ပိုင်ခွင့်များကို ပျော့ကွက်၊ ဟာကွက်မရှိစေရန် ခိုင်ခိုင်မာမာ သတ်မှတ်ထားကြကြောင်း၊ သို့သော်လည်း တစ်ခါတစ်ရံ လိုအပ်ချက်၊ ချို့ယွင်းချက်များ ပေါ်ပေါက်လာတတ်ကြောင်း၊ ထိုကဲ့သို့ အခြေအနေမျိုးပေါ်ပေါက်သည့်အခါ ကုစားနိုင်ရန် ကြိုတင်ကာကွယ်သည့်ပြဋ္ဌာန်းချက်မျိုး ထည့်သွင်းသတ်မှတ်ထားကြကြောင်း၊ ယင်းပြဋ္ဌာန်းချက်အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ၏ ဥပဒေပြုခွင့်စာရင်းတွင် ပါဝင်သောကိစ္စရပ်များသည် အုပ်ချုပ်ရေးအာဏာအတွင်းကျရောက်ပုံ့နှံ့သည်ဆိုသည့် ပြဋ္ဌာန်းချက်မျိုးပင် ဖြစ်ကြောင်း။

ပြည်ထောင်စုစနစ်နှင့် ဖွဲ့စည်းထားသော နိုင်ငံများ၏ ဖွဲ့စည်းပုံ အခြေခံဥပဒေများတွင် ဥပဒေပြုခွင့်စာရင်းများကို သီးခြားသတ်မှတ်ထားသည်ကို တွေ့ရှိရပြီး တစ်ပြည်ထောင်စနစ်နှင့် ဖွဲ့စည်းထားသော နိုင်ငံများ၏ ဖွဲ့စည်းပုံအခြေခံဥပဒေများတွင် ဥပဒေပြုခွင့်စာရင်းများကို သီးခြားသတ်မှတ်ထားခြင်း မရှိခြင်းကိုတွေ့ရကြောင်း၊ ထို့အပြင် ဖွဲ့စည်းပုံအခြေခံဥပဒေ၏ သက်ဆိုင်ရာအခန်းများတွင် ဥပဒေပြုရေးနှင့် စပ်လျဉ်း၍ သီးခြားပြဋ္ဌာန်းချက်များ ထည့်သွင်းဖော်ပြထားခြင်းကို လေ့လာတွေ့ရှိရကြောင်း။

၁၉၄၇ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေပုဒ်မ ၁၂၂တွင် ပြည်ထောင်စုအစိုးရ၏ အခန်းကဏ္ဍကို ဖော်ညွှန်းရာ၌ "ဤအခြေခံဥပဒေရှိ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်လျှင် ပြည်ထောင်စုနိုင်ငံ၏ အုပ်ချုပ်မှုအခွင့်အာဏာသည် ပါလီမန်က ဥပဒေပြုနိုင်သော ကိစ္စရပ်များသို့ သက်ရောက်ပျံ့နှံ့သည်"ဟု ဖော်ပြထားကြောင်း။

အိမ်နီးချင်းနိုင်ငံအချို့၏ ဖွဲ့စည်းပုံအခြေခံဥပဒေများကို လေ့လာရာတွင် အခြေခံဥပဒေပါပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်လျှင် ပြည်ထောင်စုအစိုးရ၏ အုပ်ချုပ်မှုအခွင့်အာဏာမှာ ပါလီမန်က ဥပဒေပြုခွင့်ရှိသည့် ကိစ္စရပ်များသို့ သက်ရောက်ပျံ့နှံ့ကြောင်း ပြဋ္ဌာန်းထားကြခြင်းကို လေ့လာတွေ့ရှိရကြောင်း။

ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြည်သူ့လွှတ်တော်နှင့်အမျိုးသားလွှတ်တော် နှစ်ရပ်ပေါင်းဖြစ်သည့် ပြည်ထောင်စုလွှတ်တော်နှင့်တိုင်းဒေသကြီးနှင့်ပြည်နယ်လွှတ်တော်များဟူ၍ ခွဲခြားရှိမည်ဖြစ်၍ ဥပဒေပြုမှုအာဏာကို ခွဲဝေအပ်နှင်းရာတွင် သတ်သတ်မှတ်မှတ်ရှိစေရန် ပြည်ထောင်စုဥပဒေပြုခွင့်စာရင်းနှင့် တိုင်းဒေသကြီးနှင့်ပြည်နယ်ဥပဒေပြုခွင့်စာရင်းဟူ၍ ခွဲခြားပြဋ္ဌာန်းရန် အသေးစိတ်အခြေခံရမည့်မူများ ချမှတ်ပြီး ဖြစ်ကြောင်း၊ ပြည်ထောင်စုဥပဒေပြုခွင့်စာရင်းတွင် ကဏ္ဍကြီးများအဖြစ် ကာကွယ်ရေးနှင့်လုံခြုံရေး၊ နိုင်ငံခြားရေး၊ ဘဏ္ဍာရေးနှင့်စီမံကိန်း၊ စီးပွားရေး၊ စိုက်ပျိုးရေးနှင့်မွေးမြူရေး၊ စွမ်းအင်၊ လျှပ်စစ်၊ သတ္တုနှင့်သစ်တော၊ စက်မှုလက်မှု၊ ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေး၊ လူမှုရေး၊ စီမံခန့်ခွဲရေး၊ တရားစီရင်ရေးဆိုပြီး ခွဲခြားသတ်မှတ်ထားပြီး ယင်းကဏ္ဍကြီးများတွင် အသေးစိတ် ဥပဒေပြုခွင့်ကိစ္စရပ်များကို ဖော်ပြထားရှိကြောင်း၊ ပြည်ထောင်စုဥပဒေပြုစာရင်းပါ ကိစ္စရပ်များတွင် ပြည်ထောင်စုအစိုးရက တာဝန်ယူအကောင်အထည်ဖော် ဆောင်ရွက်ရမည့် အုပ်ချုပ်ရေးဆိုင်ရာ ကိစ္စရပ်များလည်း ပါဝင်ကြောင်း။

ပြည်ထောင်စုအစိုးရအနေဖြင့် မိမိ၏လုပ်ငန်းတာဝန်များကို ဆောင်ရွက်သည့်အခါတွင် အကျိုးသက်ရောက်မှုရှိစေရေးအတွက် လိုအပ်သကဲ့သို့ဝန်ကြီးဌာနများ ခွဲခြားသတ်မှတ်ပြီး လုပ်ငန်းတာဝန်များကို ခွဲဝေအပ်နှင်းဆောင်ရွက်စေရကြောင်း၊ ထိုသို့ဆောင်ရွက်စေရာတွင် ပိုမိုထိရောက်အကျိုးဖြစ်ထွန်းမှုရှိစေရေးအတွက် ပြည်ထောင်စုလွှတ်တော်က လိုအပ်သည့် ဥပဒေများကို ပြဋ္ဌာန်းပေးရမည်ဖြစ်ကြောင်း၊ ထိုသို့ဥပဒေများပြဋ္ဌာန်းပေးနိုင်ရန် ပြည်ထောင်စုလွှတ်တော်အား ဥပဒေပြုနိုင်သည့် အခွင့်အာဏာကို ပြည်ထောင်စုဥပဒေပြုခွင့်စာရင်းဖြင့် သတ်မှတ်ထားရကြောင်း၊ ထိုကဲ့သို့ သတ်မှတ်ထားမှသာ ပြည်ထောင်စုအစိုးရက မိမိ၏လုပ်ငန်းတာဝန်များ ထမ်းဆောင်ရာတွင် ပြည်ထောင်စု အကျိုးဖြစ်ထွန်းစေရေးအတွက် လိုအပ်မည့် ဥပဒေကြမ်းများကို ပြည်ထောင်စုလွှတ်တော်သို့ တင်ပြရမည်ဖြစ်ကြောင်း၊ ယင်းသို့တင်ပြလာသည့်အခါ ပြည်ထောင်စုလွှတ်တော်သည် ဖွဲ့စည်းပုံအခြေခံဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ လိုအပ်မည့်ဥပဒေများကို ပြဋ္ဌာန်းပေးရမည်ဖြစ်ကြောင်း၊ အုပ်ချုပ်ရေးအဖွဲ့အစည်းဖြစ်သည့် ပြည်ထောင်စုအစိုးရ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များသည် ဥပဒေပြုအဖွဲ့အစည်းဖြစ်သော ပြည်ထောင်စုလွှတ်တော်၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များနှင့် အပြန်အလှန်ဆက်စပ်နေခြင်းကို တွေ့နိုင်ကြောင်း။

ထို့ကြောင့် ပြည်ထောင်စု အစိုးရရဲ့အုပ်ချုပ်မှုအခွင့်အာဏာနဲ့စပ်လျဉ်းပြီး

> **"ဖွဲ့စည်းပုံ အခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်လျှင် ပြည်ထောင်စု၏ အုပ်ချုပ်မှုအာဏာသည် ပြည်ထောင်စုလွှတ်တော်က ဥပဒေပြုနိုင်သော အုပ်ချုပ်မှုဆိုင်ရာ ကိစ္စရပ်များသို့လည်း သက်ရောက်ပျံ့နှံ့သည်"**

ဟု အသေးစိတ် အခြေခံရမည့်မူ ချမှတ်ရန် သင့်မသင့် ဆွေးနွေးအကြံပြုကြရန် ဖြစ်ကြောင်း။

ဆက်လက်ပြီး ပြည်ထောင်စု၏ အုပ်ချုပ်မှုအာဏာသည် နိုင်ငံတော်သမ္မတ၌ တည်ရှိခြင်းနှင့်စပ်လျဉ်းပြီး လုပ်ငန်းကော်မတီ၏ လေ့လာတွေ့ရှိချက်များကိုရှင်းလင်းတင်ပြလိုကြောင်း။

ချမှတ်ပြီးခဲ့သည့် အသေးစိတ်အခြေခံရမည့်မူများအရ နိုင်ငံတော်အကြီးအကဲဖြစ်သော နိုင်ငံတော်သမ္မတသည် ပြည်ထောင်စုအစိုးရကိုဦးစီးဦးဆောင်ပြုမည်ဖြစ်ကြောင်း၊ ထို့ကြောင့်လည်း ပြည်ထောင်စု၏အုပ်ချုပ်မှုအာဏာကို ကျယ်ကျယ်ပြန့်ပြန့်ပေးထားရန် အထက်တွင်တင်ပြခဲ့ပြီးဖြစ်ကြောင်း၊ ပြည်ထောင်စုအစိုးရ၏ အုပ်ချုပ်မှုအာဏာများကို လက်တွေ့ကျင့်သုံးအကောင်အထည်ဖော်ရမည့်သူသည် ပြည်ထောင်စုအစိုးရကို ဦးဆောင်မည့်နိုင်ငံတော်သမ္မတသာဖြစ်သင့်ကြောင်း၊ သို့မှသာချမှတ်ခဲ့ပြီးဖြစ်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့် ကိုက်ညီမှုရှိမည်ဖြစ်ပါကြောင်း။

နိုင်ငံတစ်နိုင်ငံတွင် အမြင့်ဆုံးအုပ်ချုပ်မှုအာဏာပိုင်ဖြစ်သည့် နိုင်ငံတော်အကြီးအကဲသည် အုပ်ချုပ်မှုအာဏာတည်ရှိခြင်းသည် သဘာဝကျဆီလျော်မှုရှိကြောင်း၊ သို့သော်လည်း ထိုသို့အုပ်ချုပ်မှုအာဏာတည်ရှိခြင်းသည် ဥပဒေပြုအဖွဲ့ဖြစ်သည့် ပြည်ထောင်စုလွှတ်တော်၏လုပ်ပိုင်ခွင့်များကို အဟန့်အတားမဖြစ်စေရန်လည်းလိုကြောင်း၊ သို့မှသာ နိုင်ငံတော်၏အချုပ်အခြာအာဏာ သုံးရပ်တွင်ပါဝင်သော ဥပဒေပြုရေးအာဏာနှင့် အုပ်ချုပ်ရေးအာဏာတို့ ထိပ်တိုက်တွေ့မှုမျိုးကို ရှောင်လွှဲနိုင်မည်ဖြစ်ကြောင်း။

၁၉၄၇ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေပုဒ်မ(၅၉)တွင် နိုင်ငံတော်သမ္မတထံ၌ ပြည်ထောင်စု၏အုပ်ချုပ်မှုအာဏာတည်ရှိမှုကို ဖော်ညွှန်းရာတွင် "ဤအခြေခံဥပဒေရှိ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်စေဘဲ ပြည်ထောင်စု၏ အုပ်ချုပ်မှုအခွင့်အာဏာ ဟူသမျှသည် နိုင်ငံတော်သမ္မတ၌တည်ရှိရမည်။ သို့ရာတွင် ဤပုဒ်မရှိ စကားကြောင့် ပါလီမန်သည် လက်အောက်ခံအာဏာပိုင်တို့အား အလုပ်ဝတ္တရားများကို မပေးအပ်နိုင်ဟုမဖြစ်စေရ။ သို့တည်းမဟုတ် ထိုစကားကြောင့်ပင် လက်ရှိတရားဥပဒေအရ တရားရုံး၌သော်လည်းကောင်း၊ တရားသူကြီး၌သော်လည်းကောင်း၊ အရာရှိ၌သော်လည်းကောင်း၊ ဒေသန္တရအာဏာပိုင်၌သော်လည်းကောင်း၊အခြားအာဏာပိုင်၌သော်လည်းကောင်း နှင်းအပ်ထားသော အလုပ်ဝတ္တရားများကို နိုင်ငံတော်သမ္မတအားလွှဲပြောင်းပေးအပ်သည်ဟု မမှတ်ယူရ"ဟု ဖော်ပြထားကြောင်း။

ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ဥပဒေပြုရေးအပိုင်း၌ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်နှစ်ရပ်ပေါင်းထားသည့် ပြည်ထောင်စုလွှတ်တော်၊ တိုင်းဒေသကြီးသို့မဟုတ်ပြည်နယ်လွှတ်တော်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ဟူ၍ ဖွဲ့စည်းထားရှိမည်ဖြစ်သကဲ့သို့ အုပ်ချုပ်ရေးအပိုင်းတွင်လည်း ပြည်ထောင်စုအစိုးရ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရ၊ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ဆိုပြီး အုပ်ချုပ်ရေး ယန္တရားအဆင့်ဆင့်ကို ဖွဲ့စည်းထားမည်ဖြစ်ကြောင်း၊ အဆင့်ဆင့်သော အုပ်ချုပ်ရေးယန္တရားတွင် တာဝန်ယူကြမည့် အာဏာပိုင်အဖွဲ့အစည်းအသီးသီးကို လုပ်ပိုင်ခွင့်များအပ်နှင်းဆောင်ရွက်စေရမည်ဖြစ်ကြောင်း၊ ဤသို့လုပ်ပိုင်ခွင့်များအပ်နှင်းရာတွင် ပြည်ထောင်စုလွှတ်တော်သည် လိုအပ်သောဥပဒေများကို ပြဋ္ဌာန်းရမည်ဖြစ်ကြောင်း၊ တည်ဆဲဥပဒေများတွင်လည်း အာဏာပိုင်အဖွဲ့အစည်းတစ်ရပ်ရပ်အားဖြစ်စေ၊ အာဏာပိုင်တစ်ဦးဦးအားဖြစ်စေ၊ အုပ်ချုပ်ရေးဆိုင်ရာ လုပ်ပိုင်ခွင့်များအပ်နှင်းသည့် ပြဋ္ဌာန်းချက်များ အများအပြားရှိနေကြောင်း။

ထို့ကြောင့်အုပ်ချုပ်မှုအာဏာသည် နိုင်ငံတော်သမ္မတထံ၌ တည်ရှိမှုနှင့် စပ်လျဉ်းပြီး–

> **"ဖွဲ့စည်းပုံအခြေခံဥပဒေပါပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်စေဘဲ ပြည်ထောင်စု၏အုပ်ချုပ်မှုအာဏာသည် နိုင်ငံတော်သမ္မတ၌ တည်ရှိသည်။ ဤစကားရပ်ကြောင့် ပြည်ထောင်စုလွှတ်တော်သည် အာဏာပိုင်အဖွဲ့အစည်း တစ်ရပ်ရပ်အားလည်းကောင်း၊ အာဏာပိုင်ပုဂ္ဂိုလ်တစ်ဦးဦးအားလည်းကောင်း၊ တာဝန်နှင့် လုပ်ပိုင်ခွင့်များ ပေးအပ်ခြင်းမပြုနိုင်ဟု မမှတ်ယူရ။ ထို့ပြင် ယင်းစကားရပ်ကြောင့် တည်ဆဲဥပဒေများအရ သက်ဆိုင်ရာ အာဏာပိုင် အဖွဲ့အစည်းတစ်ရပ်ရပ်အားဖြစ်စေ၊ သက်ဆိုင်ရာအာဏာပိုင် ပုဂ္ဂိုလ်တစ်ဦးဦးအားဖြစ်စေ အပ်နှင်းထားသည့် တာဝန်နှင့် လုပ်ပိုင်ခွင့်များကို နိုင်ငံတော်သမ္မတအား လွှဲပြောင်းပေးအပ်သည်ဟုလည်း မမှတ်ယူရ"**

ဟု အသေးစိတ်အခြေခံရမည့်မူ ချမှတ်ရန် သင့်မသင့် ဆွေးနွေးအကြံပြုကြရန် ဖြစ်ကြောင်း။

ပြည်ထောင်စုအစိုးရ၏ အုပ်ချုပ်ရေးဆိုင်ရာကိစ္စရပ်များကို နိုင်ငံတော်သမ္မတအမည်ဖြင့် အရေးယူဆောင်ရွက်ရေးနှင့် နိုင်ငံတော် သမ္မတ၏ကိုယ်စား ပြည်ထောင်စုအစိုးရ၏ ဆောင်ရွက်ချက်များသည် နိုင်ငံတော်သမ္မတ၏ ဆောင်ရွက်ချက်ကဲ့သို့ အကျိုးသက်ရောက်မှုရှိစေရေးအတွက် အသေးစိတ်အခြေခံရမည့်မူများ ချမှတ်ရေးနှင့်စပ်လျဉ်းပြီး လုပ်ငန်းကော်မတီ၏ စိစစ်လေ့လာချက်များကို တင်ပြလိုကြောင်း။

ချမှတ်ခဲ့ပြီးဖြစ်သည့် အသေးစိတ်အခြေခံရမည့်မူများအရ နိုင်ငံတော်အကြီးအကဲဖြစ်သည့် နိုင်ငံတော်သမ္မတသည် ပြည်ထောင်စုအစိုးရကို ဦးဆောင်ဦးရွက်ပြုမည်ဖြစ်ကြောင်း၊နိုင်ငံတစ်နိုင်ငံတွင် အမြင့်ဆုံးအုပ်ချုပ်မှုအာဏာပိုင်ဖြစ်သည့် နိုင်ငံတော်အကြီးအကဲထံ၌ အုပ်ချုပ်မှုအာဏာတည်ရှိခြင်းသည် သဘာဝကျ ဆီလျော်မှုရှိကြောင်း၊ သို့သော်လည်း နိုင်ငံတော်၏အုပ်ချုပ်မှုဆိုင်ရာ ကိစ္စအဝဝကို နိုင်ငံတော် သမ္မတတစ်ဦးတည်းက ဆောင်ရွက်ရာတွင် လက်တွေ့အားဖြင့် လွယ်ကူမှုမရှိကြောင်းကို တွေ့ရှိရကြောင်း၊ ယနေ့ မျက်မှောက်ခေတ်ကာလတွင် နိုင်ငံတကာနှင့် စာချုပ်များ ချုပ်ဆိုသည့်အခါ နိုင်ငံတော်အကြီးအကဲ၏ကိုယ်စား သက်ဆိုင်ရာဝန်ကြီးဌာန ဝန်ကြီးများ သို့မဟုတ် တာဝန်ရှိပုဂ္ဂိုလ်များက လက်မှတ်ရေးထိုး ချုပ်ဆိုကြသည်ကို လေ့လာတွေ့ရှိနိုင်ကြောင်း။

နောင်ပေါ်ပေါက်လာမည့် ဖွဲ့စည်းပုံအခြေခံဥပဒေအရ နိုင်ငံတော်သမ္မတဦးဆောင်သော ပြည်ထောင်စုအစိုးရတွင် ပါဝင်သည့် ပြည်ထောင်စုဝန်ကြီးများသည် နိုင်ငံတော်သမ္မတ၏ကိုယ်စား အမိန့်၊ ညွှန်ကြားချက် စသည်များ

စာမျက်နှာ ၅သို့

နိုင်ငံတော်တည်ငြိမ်မှုရှိမှ စီးပွားရေးတည်ငြိမ်မှုရှိ

- ❐ ပြည်ထောင်စုအစိုးရသည် နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးကို ထိန်းသိမ်းစောင့်ရှောက်ရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်တည်ငြိမ်မှုရှိမှ စီးပွားရေးတည်ငြိမ်မှုရှိပြီး နိုင်ငံတော်၏ စီးပွားရေးလုပ်ငန်းများ ဘက်စုံဖွံ့ဖြိုးတိုးတက်လာအောင် တည်ဆောက်နိုင်မည် ဖြစ်ကြောင်း၊ အလားတူပင် နိုင်ငံတော်တည်ငြိမ်မှုရှိမှ လူမှုရေးတည်ငြိမ်မှုရှိပြီး တစ်မျိုးသားလုံး၏ ကျန်းမာကြံ့ခိုင်ရေး၊ ပညာရည်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းရေးတို့ကို ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း။
- ❐ နိုင်ငံတစ်နိုင်ငံ၏ ဂုဏ်အင်္ဂါနှင့်ပြည့်စုံရန် နိုင်ငံကိုအုပ်ချုပ်ရသော အစိုးရ ရှိရကြောင်း၊ အစိုးရအနေဖြင့် နိုင်ငံတော်ကို မည်သို့ဦးဆောင်မည်၊ ကာကွယ်မည်၊ အုပ်ချုပ်မည်၊ နိုင်ငံခြားဆက်ဆံမှု မည်သို့သဘောထားမည်၊ နိုင်ငံတော်ကို မည်သို့ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်မည်၊ မည်သည့်လုပ်ငန်းများကို ဦးစားပေး အလေးပေးဆောင်ရွက်မည်ဆိုသည့် မူဝါဒများ၊ စီမံကိန်းများ၊ လုပ်ငန်းအစီအစဉ်များကို ပြည်သူများက သိရှိထားရန်လိုကြောင်း။

ပြည်ထောင်စုအစိုးရ၏တာဝန်နှင့် လုပ်ပိုင်ခွင့်များသည် ဥပဒေပြုအဖွဲ့အစည်းဖြစ်သော ပြည်ထောင်စုလွှတ်တော်၏တာဝန်နှင့် လုပ်ပိုင်ခွင့်များနှင့် အပြန်အလှန်ဆက်စပ်နေသည်ကို တွေ့ရှိ

စာမျက်နှာ ၄မှ

ထုတ်ပြန်ရသည်များရှိနိုင်ကြောင်း၊ ထိုသို့ ထုတ်ပြန်ရမည့်အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို နိုင်ငံတော်သမ္မတတစ်ဦးတည်းက လက်မှတ်ရေးထိုး ထုတ်ပြန်နေရမည်ဆိုလျှင် အုပ်ချုပ်ရေးယန္တရားလည်ပတ်မှုကို နှောင့်နှေးကြန့်ကြာစေနိုင်ကြောင်း၊ ဤသို့ ပြည်ထောင်စုအစိုးရဝန်ကြီးက လက်မှတ်ရေးထိုး ထုတ်ပြန်သည့် အမိန့်၊ ညွှန်ကြားချက် စသည်များသည် နိုင်ငံတော်သမ္မတက လက်မှတ်ရေးထိုးခြင်းမဟုတ်၍ တရားမဝင်၊ မခိုင်လုံဟု အငြင်းပွားမှုများ ဖြစ်ပေါ်လာနိုင်ကြောင်း။

ယင်းကိစ္စများနှင့် စပ်လျဉ်းပြီး ၁၉၄၇ခုနှစ် မြန်မာနိုင်ငံ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေပုဒ်မ ၁၂၁ ပုဒ်မခွဲ(၁)တွင် “ပြည်ထောင်စုအစိုးရ၏ အုပ်ချုပ်မှုဆိုင်ရာ အရေးယူဆောင်ရွက်ချက်များအားလုံးကို ပြည်ထောင်စုနိုင်ငံတော်သမ္မတ၏အမည်ဖြင့် အရေးယူဆောင်ရွက်သည်ဟု ဖော်ပြရမည်”ဟု လည်းကောင်း၊ ပုဒ်မခွဲ(၂)တွင် “နိုင်ငံတော်သမ္မတ၏အမည်ဖြင့် ထုတ်ပြန်သောအမိန့်များနှင့်တကွ စာချွန်တော်များကို နိုင်ငံတော်သမ္မတက ပြဋ္ဌာန်းသည့် နည်းဥပဒေများတွင် ဖော်ပြထားသည့် နည်းလမ်းများနှင့်အညီ ဟုတ်မှန်ကြောင်း ထင်ရှားစေရမည်။ ထို့ပြင် ထိုသို့ ဟုတ်မှန်ကြောင်း ထင်ရှားအောင် ပြုထားသည့် အမိန့်၊ သို့တည်းမဟုတ် စာချွန်တော်သည် နိုင်ငံတော်သမ္မတ၏ အမိန့်၊ စာချွန်တော်များ မဟုတ်သောကြောင့် မခိုင်လုံဟု ငြင်းဆိုပိုင်ခွင့် မရှိစေရ”ဟု လည်းကောင်း၊ ပုဒ်မခွဲ(၃)တွင် “မိမိ၏သဘောအတိုင်း ဆောင်ရွက်ရန် ဤအခြေခံဥပဒေက ပြဋ္ဌာန်းသည့် မှုခင်းကိစ္စမှလွဲ၍ ပြည်ထောင်စုအစိုးရ ဆောင်ရွက်အပ်သော မှုခင်းကိစ္စအတွက်လည်းကောင်း၊ အ ဆ ို ပ ါ မှုခင်းကိစ္စ များကို ဝန်ကြီးများအား ခွဲဝေပေးရန်လည်းကောင်း နိုင်ငံတော်သမ္မတသည် နည်းဥပဒေများကို ပြဋ္ဌာန်းရမည်။

အထက်က ပြဋ္ဌာန်းချက်များ၏ ယေဘုယျသဘောကို မထိခိုက်စေဘဲ တာဝန်ဝတ္တရားများကို နယ်မြေဒေသအလိုက် ခွဲဝေနိုင်သည့်အပြင် အစိုးရဌာနဆိုင်ရာလုပ်ငန်းအလိုက်လည်း ခွဲဝေနိုင်သည်” ဟုလည်းကောင်း ပြဋ္ဌာန်းထားခြင်းကို တွေ့ရှိရကြောင်း။

၁၉၇၄ခုနှစ် မြန်မာနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၈၀တွင် “ပြည်သူ့လွှတ်တော်က ပြဋ္ဌာန်းသောဥပဒေများ၊ နည်းဥပဒေများ၊ ဆုံးဖြတ်ချက်များနှင့် နိုင်ငံတော်ကောင်စီကထုတ်ပြန်သော အမိန့်များကို နိုင်ငံတော်ကောင်စီဥက္ကဋ္ဌက လက်မှတ်ရေးထိုးရမည်။ ယင်းတို့ကို နိုင်ငံတော်ပြန်တမ်းတွင် ထုတ်ပြန်ကြေညာရမည်” ဟု ပြဋ္ဌာန်းထားရာ ယင်းပုဒ်မ ၈၀အရ ထုတ်ပြန်သည့် အမိန့်များကို နိုင်ငံတော်ကောင်စီဥက္ကဋ္ဌက လက်မှတ်ရေးထိုးထုတ်ပြန်ရန် ဖြစ်ကြောင်းကို လေ့လာတွေ့ရှိရကြောင်း၊ ထိုပြဋ္ဌာန်းချက်အရ နိုင်ငံတော်ကောင်စီဥက္ကဋ္ဌအနေနှင့် နိုင်ငံတော်ကောင်စီက ထုတ်ပြန်သည့်အမိန့်တိုင်းကို လက်မှတ်ရေးထိုးရေးအတွက် လက်တွေ့ဆောင်ရွက်ရာတွင် လွယ်ကူမှုမရှိသည့်အတွက် အဆိုပါ ပုဒ်မ ၈၀ ကို ၂၁-၁၀-၇၅ရက်တွင် ကျင်းပသော ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထအစည်းအဝေးဆုံးဖြတ်ချက် အမှတ် ၂၇-၄/၇၅ တွင် အောက်ပါအတိုင်း အနက်အဓိပ္ပာယ်ဖွင့်ဆိုခဲ့ကြောင်း။

“ဆုံးဖြတ်ချက်အမှတ် ၂၇-၄/၇၅။ **အခြေခံဥပဒေပုဒ်မ ၈၀ပါ “နိုင်ငံတော်ကောင်စီက ထုတ်ပြန်သောအမိန့်များ”ဆိုသည့် စကားရပ်ကို အနက်အဓိပ္ပာယ် ဖွင့်ဆိုကြောင်း ဆုံးဖြတ်ခြင်း**

၁၃၃၇ခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၂ရက် (၂၁-၁၀-၇၅ရက်)တွင် ကျင်းပသည့် ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထအစည်းအဝေး ဆဋ္ဌမနေ့တွင် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၈၀ပါ “နိုင်ငံတော်ကောင်စီက ထုတ်ပြန်သောအမိန့်များ”ဆိုရာ၌ အောက်ပါကိစ္စရပ်များနှင့်စပ်လျဉ်း၍ ထုတ်ပြန်သောအမိန့်များကိုသာ ဆိုလိုသည်ဟု အနက်အဓိပ္ပာယ်ဖွင့်ဆိုကြောင်း ဆုံးဖြတ်လိုက်သည်။

(က) လွှတ်တော်အစည်းအဝေး ခေါ်ယူသည့်ကိစ္စ၊
(ခ) အရေးပေါ်အခြေအနေ ကြေညာသည့်ကိစ္စ၊
(ဂ) စစ်အုပ်ချုပ်ရေးဥပဒေထုတ်ပြန်ခြင်း၊ စစ်အုပ်ချုပ်ရေး အာဏာ ပြန်လည်ရုပ်သိမ်းခြင်းကိစ္စ၊
(ဃ) နိုင်ငံသားများလွတ်လပ်ခွင့်နှင့် လုပ်ပိုင်ခွင့်များကို လိုအပ်သလို ကန့်သတ်ရုပ်သိမ်းသည့်ကိစ္စ၊
(င) လွှတ်တော်ကအခြေခံဥပဒေကို အနက်အဓိပ္ပာယ်ဖွင့်ဆိုသည့် ကိစ္စ၊
(စ) လွှတ်တော်၏ ဆုံးဖြတ်ချက်အရ ပြည်သူ့ကောင်စီတစ်ရပ်ကို ဖျက်သိမ်းခြင်းနှင့် ပြည်သူ့ကောင်စီ အသစ်တစ်ရပ် ရွေးချယ်တင်မြှောက်ပေးရန် တာဝန်ပေးအပ်သည့်ကိစ္စ၊
(ဆ) ဥပဒေကဲ့သို့ အာဏာတည်သောအမိန့်များ ပြဋ္ဌာန်းသည့်ကိစ္စ၊
(ဇ) အများပြည်သူနှင့်သက်ဆိုင်သော လွတ်ငြိမ်းချမ်းသာခွင့်နှင့် ပြစ်ဒဏ်များကိစ္စ၊
(ဈ) ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ ပြဋ္ဌာန်းသည့် ကိစ္စ၊
(ည) အမိန့်အဖြစ်ထုတ်ပြန်ရန် လိုအပ်သည်ဟု နိုင်ငံတော်ကောင်စီက ဆုံးဖြတ်သည့်ကိစ္စ။

အထက်ပါ ပြည်သူ့လွှတ်တော်၏ အနက်အဓိပ္ပာယ်ဖွင့်ဆိုချက်အရ နိုင်ငံတော် ကောင်စီဥက္ကဋ္ဌက ကိုယ်တိုင်လက်မှတ်ရေးထိုး ဆောင်ရွက်ရမည့် ကိစ္စရပ်များကို သတ်မှတ်ပေးခဲ့ကြောင်း တွေ့ရှိရပြီး လွှတ်တော်ကဆုံးဖြတ်မည့် အခြားကိစ္စရပ်များနှင့် စပ်လျဉ်းသည့် အမိန့်များကိုလည်းကောင်း၊ နိုင်ငံတော်ကောင်စီက ထုတ်ပြန်သည့် အခြားကိစ္စရပ်များနှင့်စပ်လျဉ်းသည့် အမိန့်များကို လည်းကောင်း တာဝန်ရှိသော ပုဂ္ဂိုလ်တစ်ဦးဦးက လက်မှတ်ရေးထိုးထုတ်ပြန်နိုင်ခွင့်ရှိကြောင်း လေ့လာတွေ့ရှိရကြောင်း။

ပြည်ထောင်စုအစိုးရ၏ အုပ်ချုပ်ရေးဆိုင်ရာ ကိစ္စရပ်များတွင် နိုင်ငံတော်သမ္မတကိုယ်တိုင် ဆောင်ရွက်ရမည့်ကိစ္စများ ရှိနိုင်သကဲ့သို့ နိုင်ငံတော်သမ္မတ၏ ကိုယ်စား ပြည်ထောင်စုအစိုးရ ဝန်ကြီးများအပါအဝင် တာဝန်ရှိပုဂ္ဂိုလ်များက နိုင်ငံတော်သမ္မတအမည်ကိုအသုံးပြုပြီး ဆောင်ရွက်ရမည့် ကိစ္စများလည်း ရှိနိုင်ကြောင်း၊ အထက်ပါလေ့လာတွေ့ရှိချက်များအရ အုပ်ချုပ်ရေးယန္တရား အဆင်ပြေစွာလည်ပတ်နိုင်စေရေးနှင့် တရားဝင်ဆောင်ရွက်ချက်များ ဖြစ်စေရေး အတွက် နိုင်ငံတော်သမ္မတအား လိုအပ်မည့်နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်း များထုတ်ပြန်နိုင်သည့် လုပ်ပိုင်ခွင့်ကို ပေးထားသင့်ကြောင်း၊ ထို့အပြင် နိုင်ငံတော် သမ္မတသည် မိမိ၏တာဝန်ဝတ္တရားများကို နယ်မြေဒေသအလိုက် ဖြစ်စေ၊ အစိုးရဌာနဆိုင်ရာလုပ်ငန်းအလိုက်ဖြစ်စေ၊ ခွဲဝေပေးနိုင်ရေးအတွက်လည်း လုပ်ပိုင်ခွင့်များ အပ်နှင်းထားသင့်ကြောင်း သုံးသပ်ရရှိပါကြောင်း။

ထို့ကြောင့် ပြည်ထောင်စုအစိုးရ၏ အုပ်ချုပ်ရေးဆိုင်ရာကိစ္စရပ်များကို နိုင်ငံတော်သမ္မတ၏ အမည်ဖြင့် အရေးယူဆောင်ရွက်ရေး၊ နိုင်ငံတော်သမ္မတ၏ ကိုယ်စား ပြည်ထောင်စုအစိုးရ၏ ဆောင်ရွက်ချက်များသည် နိုင်ငံတော်သမ္မတ၏ ဆောင်ရွက်ချက်ကဲ့သို့ အကျိုးသက်ရောက်မှုရှိစေရေးနှင့် နိုင်ငံတော်သမ္မတသည် တာဝန်ဝတ္တရားများကို နယ်မြေဒေသအလိုက်ဖြစ်စေ၊ အစိုးရဌာနဆိုင်ရာလုပ်ငန်း အလိုက်ဖြစ်စေ ခွဲဝေအပ်နှင်းနိုင်ရေးတို့နှင့်စပ်လျဉ်ပြီး-

“၁။ ပြည်ထောင်စုအစိုးရ၏ အုပ်ချုပ်ရေးဆိုင်ရာ အရေးယူဆောင်ရွက်ချက်အားလုံးကို နိုင်ငံတော်သမ္မတ၏အမည်ဖြင့် အရေးယူဆောင်ရွက်သည်ဟု ဖော်ပြရမည်။

၂။ နိုင်ငံတော်သမ္မတ၏အမည်ဖြင့် ထုတ်ပြန်သောအမိန့်များနှင့် ချုပ်ဆိုသော စာချုပ်စာတမ်းများကို နိုင်ငံတော်သမ္မတက ပြဋ္ဌာန်းသည့် နည်းဥပဒေများတွင် ဖော်ပြထားသော နည်းလမ်းများနှင့်အညီ ဖြစ်စေရမည်။ ထို့ပြင် ထိုသို့ဆောင်ရွက်ထားသည့် အမိန့် သို့မဟုတ် စာချုပ်စာတမ်းများသည် နိုင်ငံတော်သမ္မတ၏အမိန့် သို့မဟုတ် စာချုပ်စာတမ်း မဟုတ်သောကြောင့် မခိုင်လုံဟု ငြင်းဆိုပိုင်ခွင့်မရှိစေရ။

၃။ နိုင်ငံတော်သမ္မတသည် မိမိ၏သဘောအတိုင်းဆောင်ရွက်ရန် ဤဖွဲ့စည်းပုံအခြေခံဥပဒေက ပြဋ္ဌာန်းထားသည့် ကိစ္စရပ်များမှအပ ပြည်ထောင်စုအစိုးရက ဆောင်ရွက်ခွင့်ရှိသော ကိစ္စရပ်များအတွက် လည်းကောင်း၊ အဆိုပါကိစ္စရပ်များကို ပြည်ထောင်စုအစိုးရဝန်ကြီး များအား ခွဲဝေအပ်နှင်းရန်လည်းကောင်း၊ ဥပဒေတစ်ရပ်ရပ်အရ ဆောင်ရွက်ရန်တာဝန်ရှိသော ပုဂ္ဂိုလ်အား ခွဲဝေအပ်နှင်းရန်လည်း ကောင်း လိုအပ်သည့်နည်းဥပဒေများ ပြဋ္ဌာန်းခွင့်ရှိသည်။

၄။ နိုင်ငံတော်သမ္မတသည် အထက်ပါပြဋ္ဌာန်းချက်များ၏ ယေဘုယျ သဘောကို မထိခိုက်စေဘဲ မိမိ၏တာဝန်ဝတ္တရားများကို နယ်မြေ ဒေသအလိုက် ဖြစ်စေ၊ အစိုးရဌာနဆိုင်ရာလုပ်ငန်းအလိုက်ဖြစ်စေ ခွဲဝေအပ်နှင်းနိုင်သည်။”

ဟု အသေးစိတ်အခြေခံရမည့် မူများချမှတ်ရန် သင့်မသင့် ဆွေးနွေးအကြံပြုရန် ဖြစ်ကြောင်း။

ပြည်ထောင်စုအစိုးရ၏ အုပ်ချုပ်မှုအာဏာများကို လက်တွေ့ကျင့်သုံးအကောင်အထည်ဖော်ရမည့်သူသည် ပြည်ထောင်စုအစိုးရကို ဦးဆောင်မည့် နိုင်ငံတော်သမ္မတသာဖြစ်သင့်

ပြည်ထောင်စုအစိုးရသည် နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်း သာယာရေးနှင့် တရားဥပဒေစိုးမိုးရေးကို ထိန်းသိမ်းစောင့်ရှောက်ရန် တာဝန်ရှိ မှုနှင့်စပ်လျဉ်းပြီး လုပ်ငန်းကော်မတီ၏ လေ့လာတွေ့ရှိချက်များကို ဆက်လက် တင်ပြမည်ဖြစ်ကြောင်း။

ပြည်ထောင်စုအစိုးရသည် နိုင်ငံတော်၏ အုပ်ချုပ်ရေးတာဝန်ကို ယူထား သည့်အတွက် အုပ်ချုပ်ရေးယန္တရားပုံမှန်လည်ပတ်နိုင်ရန် ကြိုးပမ်းဆောင်ရွက် ရကြောင်း၊ ထိုကဲ့သို့ကြိုးပမ်းဆောင်ရွက်နိုင်မှ နိုင်ငံတော်၏ ဘက်စုံဖွံ့ဖြိုးတိုး တက်ရေး လုပ်ငန်းများကို အောင်မြင်စွာ ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ဤသို့ဆောင်ရွက်နိုင်ရန် ပြည်ထောင်စုအစိုးရသည် နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးကို ထိန်းသိမ်းစောင့်ရှောက် ရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်တည်ငြိမ်မှုရှိမှ စီးပွားရေးတည်ငြိမ်မှုရှိပြီး နိုင်ငံ တော်၏ စီးပွားရေးလုပ်ငန်းများ ဘက်စုံဖွံ့ဖြိုးတိုးတက်လာအောင် တည်ဆောက် နိုင်မည် ဖြစ်ကြောင်း၊ အလားတူပင် နိုင်ငံတော်တည်ငြိမ်မှုရှိမှ လူမှုရေး တည်ငြိမ်မှုရှိပြီး တစ်မျိုးသားလုံး၏ ကျန်းမာကြံ့ခိုင်ရေး၊ ပညာရည်မြင့်မား ရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းရေးတို့ကို ဆောင်ရွက်နိုင်မည် ဖြစ်ကြောင်း။

နိုင်ငံတော်တည်ငြိမ်မှုသည် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးအပေါ်၌ တည်မှီနေကြောင်း၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ခိုင်မာစွာ တည်ဆောက် နိုင်ရန်၌ နိုင်ငံတော်၏ အရေးကြီးဆုံးအမျိုးသားရေးလုပ်ငန်းကြီးပင်ဖြစ်ကြောင်း၊ တစ်နည်းအားဖြင့် ပြောရရင် နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ အကျိုးစီးပွား တိုးတက်အောင်ဆောင်ရွက်ရာတွင် ရှေးဦးစွာ တိုင်းရင်းသားစည်းလုံးညီညွတ် ရေးကို ခိုင်ခိုင်မာမာတည်ဆောက်ထားမှသာ အောင်မြင်မည်ဖြစ်ကြောင်း ပြည်ထောင်စုအစိုးရအနေဖြင့် ပြည်ထောင်စုအတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားလူမျိုးအားလုံးအတွက် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း များကို ဆုကြဲနိမ့်မြင့် ကွာဟမှုနည်းနိုင်သမျှနည်းအောင် ကြိုးပမ်းဆောင်ရွက် ပေးမှ ခိုင်မြဲသည့် စည်းလုံးညီညွတ်မှုကို ရရှိနိုင်မည်ဖြစ်ကြောင်း။

ပြည်ထောင်စုအစိုးရသည် ပြည်ပနိုင်ငံအချို့က တိုင်းရင်းသားစည်းလုံး ညီညွတ်မှုပျက်ပြားအောင် နည်းမျိုးစုံဖြင့် လုပ်ဆောင်မှုများရှိပါက ယင်းတို့ကို တိုက်ဖျက်သွားရမည်ဖြစ်ကြောင်း၊ ပြည်ထောင်စုအစိုးရသည် တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကို ကျစ်လျစ်ခိုင်မာစွာ တည်ဆောက်နိုင်သည်နှင့်အမျှ နိုင်ငံတော်တည်ငြိမ်မှုကို ထိန်းသိမ်းသွားနိုင်မည်ဖြစ်ကြောင်း၊ နိုင်ငံတော်တည် ငြိမ်မှုကိုထိန်းသိမ်းနိုင်ခြင်းသည် ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေးကို ထိန်းသိမ်းနိုင်ခြင်းပင်ဖြစ်ကြောင်း၊ အပြန်အလှန်သဘော ဆက်စပ် နေကြောင်း။

ပြည်ထောင်စုအစိုးရသည် နိုင်ငံတော်၏ ပေါကြွယ်ဝသော သယံဇာတများ၊ စီးပွားရေးအရင်းအမြစ်များကို နိုင်ငံတော်အတွက် အကျိုးရှိရှိအသုံးပြုကာ ဘက်စုံဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်အသစ်အဖြစ်သို့ အမြန်ရောက်ရှိရေး အတွက် ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ထို့အပြင် စိုက်ပျိုးရေး ဖွံ့ဖြိုးသည့်နိုင်ငံအဖြစ်မှ စက်မှုဖွံ့ဖြိုးသောနိုင်ငံအဖြစ်သို့လည်းကောင်း၊ စက်မှု ဖွံ့ဖြိုးသည့်နိုင်ငံအဖြစ်မှ ဘက်စုံဖွံ့ဖြိုးတိုးတက်သောနိုင်ငံအဖြစ်သို့လည်းကောင်း ကူးပြောင်းတည်ဆောက်နိုင်သည့် အခြေအနေကောင်းများရရှိအောင် ဆောင်ရွက် ရမည်ဖြစ်ကြောင်း၊ နိုင်ငံအတွင်း မတည်မငြိမ်မှု၊ တိုင်းရင်းသားစည်းလုံး ညီညွတ်ရေး မခိုင်မာမှု၊ ပြည်ပပယောဂများ၏ အဖျက်အမှောင့်လုပ်ငန်းများ လုပ်ဆောင်မှုများကြောင့် နိုင်ငံတော်အတွင်း စီးပွားရေးလုပ်ငန်းများနှင့် ပြည်တွင်း ပြည်ပမှ ရင်းနှီးမြှုပ်နှံမှုများကို ပျက်ပြားစေရန် အနှောင့်အယှက်ဖြစ်စေနိုင် ကြောင်း၊ ထို့ကြောင့် နိုင်ငံတော်ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ထိထိရောက်ရောက်လုပ်ဆောင်နိုင်အောင် ဖော်ပြပါ အဖျက်အမှောင့် လုပ်ရပ် များကို သတိကြီးစွာဖြင့် ဖယ်ရှားရန် လိုအပ်ကြောင်း။

ထို့ကြောင့် နိုင်ငံတော်၏ အုပ်ချုပ်ရေးယန္တရားပုံမှန်လည်ပတ်နိုင်စေရန် လည်းကောင်း၊ နိုင်ငံတော်ကို ဘက်စုံဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံအဖြစ် တည် ဆောက်ရာတွင် အထောက်အကူဖြစ်စေရန်လည်းကောင်း အခြေအနေကောင်းများ ရှိနေစေရန် ပြည်ထောင်စုအစိုးရသည် အဓိကတာဝန်တစ်ရပ်အနေဖြင့် နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့်တရားဥပဒေ စိုးမိုးရေးရှိနေစေရန် အမြဲတစေ ကြိုးပမ်းဆောင်ရွက်နေရမည်ဖြစ်ကြောင်း။

နိုင်ငံတော်အခြေခံမှုများ သတ်မှတ်ရေးအတွက် နိုင်ငံသားများ၏ တာဝန်နှင့် စပ်လျဉ်း၍ ချမှတ်ထားပြီးသည့် အခြေခံရမည့်မူများအနက် “ပြည်သူတို့၏ အေးချမ်းသာယာရေးနှင့်တရားဥပဒေစိုးမိုးရေးတို့သည် နိုင်ငံသားတိုင်း၏ တာဝန်ဖြစ်သည်”ဟု မူတစ်ရပ်ပါရှိကြောင်း၊ ပြည်ထောင်စုအစိုးရသည် နိုင်ငံသားများ၏ တာဝန်သိသိပါဝင်ဆောင်ရွက်မှုဖြင့် နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးတို့ကို အစဉ်အမြဲထိန်းသိမ်း စောင့်ရှောက်သွားရန်လိုအပ်ကြောင်း။

ထို့ကြောင့်-

“ပြည်ထောင်စုအစိုးရသည် နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်း သာယာရေးနှင့်တရားဥပဒေစိုးမိုးရေးကို ထိန်းသိမ်းစောင့်ရှောက်သည်”

ဟု အသေးစိတ် အခြေခံရမည့်မူ ချမှတ်ရန်သင့်မသင့် ဆွေးနွေးအကြံပြုကြရန် ဖြစ်ကြောင်း။

ဆက်လက်ပြီး ပြည်ထောင်စုအစိုးရ၏ လုပ်ငန်းတာဝန်အဖြစ် သတ်မှတ် သင့်သည့် မူဝါဒချမှတ်ခြင်းနှင့် ယင်းမူဝါဒကို အကောင်အထည်ဖော်ဆောင် ရွက်ခြင်းနှင့်စပ်လျဉ်းပြီး လုပ်ငန်းကော်မတီ၏ လေ့လာတွေ့ရှိချက်များကို ရှင်းလင်းတင်ပြလိုကြောင်း။

နိုင်ငံတစ်နိုင်ငံ၏ ဂုဏ်အင်္ဂါနှင့်ပြည့်စုံရန် နိုင်ငံကိုအုပ်ချုပ်ရသော အစိုးရ ရှိရကြောင်း၊ အစိုးရအနေဖြင့် နိုင်ငံတော်ကို မည်သို့ဦးဆောင်မည်၊ ကာကွယ်မည်၊ အုပ်ချုပ်မည်၊ နိုင်ငံခြားဆက်ဆံမှု မည်သို့သဘောထားမည်၊ နိုင်ငံတော်ကို မည်သို့ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်မည်၊ မည်သည့်လုပ်ငန်းများကို ဦးစားပေး အလေးပေးဆောင်ရွက်မည်ဆိုသည့် မူဝါဒများ၊ စီမံကိန်းများ၊ လုပ်ငန်းအစီအစဉ် များကိုပြည်သူများက သိရှိထားရန်လိုကြောင်း၊ ကမ္ဘာ့နိုင်ငံ အသီးသီးကိုလည်း ရှင်းရှင်းလင်းလင်းသိထားစေရန်လိုကြောင်း၊ အစိုးရအနေဖြင့် မူဝါဒများ၊ စီမံကိန်းများ၊ လုပ်ငန်းအစီအစဉ်များချမှတ်ရာတွင် ဖွဲ့စည်းပုံ အခြေခံဥပဒေပါ နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေးဆိုင်ရာ ဦးတည်ချက်များ၊ အခြေခံမူများ၊ ယေဘုယျလမ်းညွှန်ချက်များနှင့်အညီဖြစ်ရန်လိုကြောင်း။

နိုင်ငံအသီးသီး၏ အစိုးရများသည် မိမိတို့ နိုင်ငံတည်ငြိမ်အေးချမ်း သာယာရေး၊ ခေတ်မီဖွံ့ဖြိုးတိုးတက်ရေး၊ ချမ်းသာကြွယ်ဝရေးအတွက် မိမိတို့ နိုင်ငံ၏ရေမြေတောတောင်သဘာဝအခြေအနေနှင့်လိုက်လျောညီထွေရှိမည့် မူဝါဒများ၊ စီမံကိန်းများ၊ လုပ်ငန်းအစီအစဉ်များချမှတ်ပြီး ဆောင်ရွက်ကြ ကြောင်း၊ ထိုသို့မူဝါဒများ၊စီမံကိန်းများ၊လုပ်ငန်းအစီအစဉ်များ ချမှတ်သည့်အခါ ဖွဲ့စည်းပုံအခြေခံဥပဒေပါဦးတည်ချက်များ၊ အခြေခံမူများ၊ လမ်းညွှန်ချက်များ ကို မဆန့်ကျင်စေရန်လည်း သတိပြုကြရန်လိုကြောင်း၊ အစိုးရတစ်ရပ်အနေဖြင့်

စာမျက်နှာ ၈ ကော်လံ ၁ သို့

ပြည်ထောင်စုမြန်မာနိုင်ငံသည် ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးမူကြီးငါးရပ်ပေါ်တွင် အစဉ်တစိုက်လိုက်နာကျင့်သုံးခဲ့ အခြားနိုင်ငံများ၏ပြည်တွင်းရေးကိုမစွက်ဖက်သည့်အပြင် ရန်စကျူးကျော်မှုကိုလည်း လုံးဝမလိုလားသည့်နိုင်ငံဖြစ်

* ကျော်ဖုံးမှ

မိမိတို့သည် ပထမကမ္ဘာစစ်ကြီးနှင့် ဒုတိယကမ္ဘာစစ်ကြီးရယ်ဟု ကမ္ဘာစစ်ကြီးနှစ်ရပ်ဖြစ်ပွားခဲ့သည်ကို ကြုံတွေ့ခဲ့ရပြီးဖြစ်ပါကြောင်း၊ တစ်နိုင်ငံနှင့်တစ်နိုင်ငံ စတင်စစ်ဖြစ်ပွားရာက အခြားနိုင်ငံများကိုပါ ကူးစက်ပျံ့နှံ့ပြီး နိုင်ငံအများအပြားပါဝင်သည့် ကမ္ဘာစစ်ကြီးများဖြစ်ပွားခဲ့ရခြင်းဖြစ်ပါကြောင်း၊ နိုင်ငံတစ်နိုင်ငံနှင့် တစ်နိုင်ငံစစ်မက်ဖြစ်ပွားပြီဆိုလျှင် ယင်းနိုင်ငံများတွင်ရှိသည့် ပြည်သူများသည် ထိခိုက်သေကျေပြီး တိုင်းပြည်လည်းပျောက်၊ အငတ်ဘေးလည်းကြုံကာ အတိဒုက္ခမျိုးစုံနှင့်ကြုံတွေ့ကြရပါကြောင်း၊ ဒုတိယကမ္ဘာစစ်ကြီးအတွင်း အဏုမြူဗုံးကြဲချခံရသောကြောင့် ယနေ့တိုင် အဏုမြူ၏သားကောင်ဖြစ်နေကြရသည့် ဒုက္ခသည်ပေါင်းမှာ မနည်းလှကြောင်း တွေ့ရပါကြောင်း၊ ယခုခေတ်အခါကဲ့သို့ အဏုမြူလက်နက်များ ပိုမိုထွန်းကားနေသည့် ကာလမျိုးတွင် ကမ္ဘာစစ်ကြီးဖြစ်ပွားမည်ဆိုလျှင် ဤကမ္ဘာမြေပြင်ပေါ်မှ လူသားမျိုးနွယ်ဆိုသည်မှာ ပျောက်ကွယ်သွားနိုင်သည့် အခြေအနေထိပင် ရောက်ရှိစေနိုင်ပါကြောင်း၊ ထို့ကြောင့်လည်း ယနေ့ကမ္ဘာကြီးတွင် နိုင်ငံအသီးသီးသည် ကမ္ဘာစစ်ကြီး မဖြစ်ပွားရေး၊ အဏုမြူလက်နက်၊ မဟာဗျူဟာလက်နက်ကြီးများ ပိတ်ပင်တားဆီးရေးတို့ကို ကြိုးပမ်းဆောင်ရွက်လျက်ရှိနေကြကြောင်း။

တစ်နိုင်ငံနှင့်တစ်နိုင်ငံစစ်စတင်မဖြစ်ပွားရေးကို နိုင်ငံအများက ဝိုင်းဝန်းကြိုးပမ်းကာကွယ်စောင့်ရှောက်ပေးနေကြပြီ ဖြစ်ကြောင်း၊ တစ်နိုင်ငံနှင့်တစ်နိုင်ငံ မကြေညာဘဲ စစ်ဖြစ်ပွားမှုမျိုးသည် ဝိုင်းဝန်းထိန်းသိမ်းပေးရန် မခက်ခဲသော်လည်း ကြေညာပြီးမှ စစ်မက်ဖက်ပြိုင်ကြပြီဆိုလျှင် သူ့မဟာမိတ်၊ ကိုယ့်မဟာမိတ်နိုင်ငံအုပ်စုများပါ ပါဝင်လာကာ ကြီးမားကျယ်ပြန့်သွားတတ်ပါကြောင်း၊ ထို့ကြောင့်မို့လည်း ဖြစ်ပွားခဲ့သည့် ကမ္ဘာစစ်ကြီးများအပေါ် သင်ခန်းစာယူကာ မိမိတို့နိုင်ငံ၏စစ်ကြေညာခြင်း၊ စစ်ပြေငြိမ်းခြင်းနှင့် စပ်လျဉ်းသည့် လုပ်ပိုင်ခွင့်ကို နိုင်ငံအကြီးအကဲခေါင်းဆောင်တစ်ဦးတည်း၏ လက်ဝယ်ဝကွက်ပြီး အပ်ထားခြင်း မပြုကြတော့သည်ကို တွေ့ရှိနိုင်ပါကြောင်း။

ကမ္ဘာ့နိုင်ငံအသီးသီး၏ ဖွဲ့စည်းပုံအခြေခံဥပဒေများကို လေ့လာသည့်အခါ စစ်ကြေညာခြင်း၊ စစ်ပြေငြိမ်းခြင်းနှင့် စပ်လျဉ်းပြီးလုပ်ပိုင်ခွင့်ကို အပ်နှင်းကြရာတွင် အမျိုးမျိုးကွဲပြားနေသည်ကို တွေ့ရှိရပါကြောင်း၊ နိုင်ငံအချို့၏ ဖွဲ့စည်းပုံအခြေခံဥပဒေများတွင် အစိုးရအဖွဲ့က ပါလီမန် သို့မဟုတ်လွှတ်တော်၏ သဘောတူညီချက်ဖြင့်သာ စစ်ကြေညာခြင်း၊ စစ်ပြေငြိမ်းခြင်းပြုရမည်ဆိုပြီး ပြဋ္ဌာန်းထားပါကြောင်း၊ နိုင်ငံအချို့၏ ဖွဲ့စည်းပုံအခြေခံဥပဒေများနှင့် ပါလီမန် သို့မဟုတ် လွှတ်တော်ကသာ စစ်ကြေညာခြင်း၊ စစ်ပြေငြိမ်းခြင်းပြုနိုင်ကြောင်း ဖော်ပြထားသည်ကို တွေ့ရှိရပါကြောင်း၊ အချို့နိုင်ငံတွင်မူ နိုင်ငံတော်သမ္မတသည် ပါလီမန် သို့မဟုတ် လွှတ်တော်၏ သဘောတူညီချက်နှင့်စစ်ကြေညာခြင်း၊ စစ်ပြေငြိမ်းခြင်း ပြုနိုင်သည်ကို တွေ့ရှိရပါကြောင်း။

၁၉၄၇ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေပုဒ်မ ၁၂၃ ပုဒ်မခွဲ(၁)တွင် "ပါလီမန်၏ သဘောတူညီချက်ကို မရဘဲ စစ်မကြေညာရ၊ ပြည်ထောင်စုနိုင်ငံသည်လည်း စစ်ထဲ၌ မပါဝင်ရ"ဟု အတိအလင်းပြဋ္ဌာန်းထားသည်ကို တွေ့ရှိရပါကြောင်း။

၁၉၇၄ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေ ပုဒ်မ ၄၉တွင် "ပြည်သူ့လွှတ်တော်သည်စစ်ကြေညာခြင်း၊ စစ်ပြေငြိမ်းခြင်းတို့ကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အားလုံး၏ ခုနစ်ဆယ့်ငါးရာခိုင်နှုန်း ဆန္ဒမဲဖြင့်သာလျှင် ဆုံးဖြတ်ဆောင်ရွက်နိုင်သည်။ ပြည်သူ့လွှတ်တော်ကျင်းပသည့်ကာလမဟုတ်လျှင် ယင်းကိစ္စအတွက် နိုင်ငံတော်ကောင်စီက ပြည်သူ့လွှတ်တော်အရေးပေါ် အစည်းအဝေးခေါ်ယူကျင်းပပေးရမည်" ဟုပြဋ္ဌာန်းထားတာကို တွေ့ရှိရပါကြောင်း။

စစ်ကြေညာခြင်း၊ စစ်ပြေငြိမ်းခြင်းဆိုသည့် စကားရပ်များသည် အကျိုးသက်ရောက်မှု လွန်စွာကျယ်ဝန်းပြီး အမှားအယွင်း၊ အတိမ်းအစောင်းမခံသည့် လုပ်ပိုင်ခွင့်တစ်ရပ်ဖြစ်ခြင်းကြောင့် နိုင်ငံတော်သမ္မတတစ်ဦးတည်း၏ သဘောဆန္ဒနှင့် ဆောင်ရွက်ပိုင်ခွင့်အာဏာအပ်နှင်းထားရန်မသင့်ပါကြောင်း သုံးသပ်ရရှိပါကြောင်း။

ပြည်ထောင်စုမြန်မာနိုင်ငံသည် ဘန်ဒေါင်းညီလာခံတွင်ချမှတ်ခဲ့သည့် "ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး" ဆိုသည့်မူကြီးငါးရပ်ပေါ်တွင် အစဉ်တစိုက် လိုက်နာကျင့်သုံးလာခဲ့သည့် နိုင်ငံဖြစ်ပါကြောင်း၊ အိမ်နီးချင်းနိုင်ငံများနှင့်အစဉ်တစိုက်ချစ်ကြည်ရင်းနှီးစွာ နေထိုင်ဆက်ဆံရေးကို အမြဲလေးစားလိုက်နာလျက်ရှိပါကြောင်း၊ အခြားနိုင်ငံများ၏ ပြည်တွင်းရေးကို မစွက်ဖက်သည့်အပြင် ရန်စကျူးကျော်မှုကိုလည်း လုံးဝမလိုလားသည့်နိုင်ငံဖြစ်ပါကြောင်း။

ထို့ကြောင့်လည်း ချမှတ်ခဲ့ပြီးသည့် အခြေခံမူများတွင် နိုင်ငံခြားရေးနှင့် စပ်လျဉ်းပြီး–

(က) နိုင်ငံတော်သည် လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးဝါဒကို ကျင့်သုံးသည်။ ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် နိုင်ငံအချင်းချင်းမိတ်ဝတ်မပျက် ပေါင်းဖက်ဆက်ဆံရေးကို ရှေးရှုသည်။ နိုင်ငံအချင်းချင်း ငြိမ်းချမ်းစွာ အတူယှဉ်တွဲ နေထိုင်ရေးမူများကို စောင့်ထိန်းသည်၊

(ခ) နိုင်ငံတော်သည် မည်သည့်နိုင်ငံကိုမှ စတင်ကျူးကျော် တိုက်ခိုက်ခြင်းမပြု၊

(ဂ) နိုင်ငံတော်အတွင်းမည်သည့် နိုင်ငံခြားတပ်ဖွဲ့ကိုမျှ တပ်ချခွင့်မပြု၊ ဆိုပြီး အခြေခံမူများ ချမှတ်ခဲ့ပြီးဖြစ်ကြောင်း၊ ဤသို့ချမှတ်ခဲ့သည့် အခြေခံမူများကို လေ့လာကြည့်လျှင်ပင် မြန်မာနိုင်ငံအနေဖြင့် စစ်ကို လုံးဝမလိုလားသည့် သဘောထားများကို ပေါ်လွင်ထင်ရှားစေပါကြောင်း။

ဤလုပ်ပိုင်ခွင့်နှင့် စပ်လျဉ်းပြီး–

"နိုင်ငံတော်သမ္မတသည်–

(က) နိုင်ငံတော်အား ကျူးကျော်တိုက်ခိုက်ခြင်းခံရလျှင် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ဖွဲ့စည်းထားသော အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီနှင့် ညှိနှိုင်းလျက် စစ်ရေးအရ လိုအပ်သလို ဆောင်ရွက်ပိုင်ခွင့်ရှိသည်၊

(ခ) မိမိ၏ဆောင်ရွက်ချက်ကို ပြည်ထောင်စုလွှတ်တော် အစည်းအဝေးကျင်းပနေချိန်ဖြစ်လျှင် ယင်းအစည်းအဝေးသို့ တင်ပြ၍ အတည်ပြုချက် ရယူရမည်။ ပြည်ထောင်စုလွှတ်တော်အစည်းအဝေးကျင်းပနေချိန်မဟုတ်လျှင် ပြည်ထောင်စုလွှတ်တော် အရေးပေါ် အစည်းအဝေးခေါ်ယူစေ၍ တင်ပြအတည်ပြုချက် ရယူရမည်၊

(ဂ) ပြည်ထောင်စုလွှတ်တော်၏ သဘောတူညီချက်ဖြင့်သာ စစ်ကြေညာနိုင်သည်၊ စစ်ပြေငြိမ်းနိုင်သည်"

ဟု အသေးစိတ်အခြေခံမည့်မူများချမှတ်ရန် သင့်မသင့် ဆွေးနွေးအကြံပြုကြရန် ဖြစ်ပါကြောင်း။

နိုင်ငံတော်သမ္မတက လွှတ်တော်၏ အတည်ပြုချက်ရရှိပြီးသော ဥပဒေကြမ်းကို လက်မှတ်ရေးထိုးထုတ်ပြန်ခွင့်နှင့် စပ်လျဉ်းပြီး လုပ်ငန်းကော်မတီ၏ လေ့လာတွေ့ရှိချက်များကို ဆက်လက်တင်ပြသွားမည်။

ဥပဒေကြမ်းများကို တင်ပြခြင်း၊ ဆွေးနွေးခြင်းနှင့် အတည်ပြုခြင်း စသည့် လုပ်ငန်းရပ်တို့ကို သက်ဆိုင်ရာလွှတ်တော်များမှသာ ဆောင်ရွက်ရကြောင်း၊ အချို့နိုင်ငံများတွင် အောက်လွှတ်တော်နှင့် အထက်လွှတ်တော်ဟူ၍ လွှတ်တော်နှစ်ရပ်ရှိပြီး ဤလွှတ်တော်နှစ်ရပ်ပေါင်းကို ပါလီမန် သို့မဟုတ် ကွန်ဂရက်ဟု ခေါ်ကြကြောင်း၊ အချို့နိုင်ငံတွင်မူ ပြည်သူ့အတိုင်ပင်ခံလွှတ်တော်နှင့် ဥပဒေပြုလွှတ်တော်ဟူ၍ နှစ်မျိုးသာထားရှိပြီး အချို့နိုင်ငံများတွင်မူ ပါလီမန်ဖြစ်စေ၊ လွှတ်တော်ဖြစ်စေ တစ်ရပ်တည်းသာထားရှိသည်ကိုလည်း တွေ့ရှိရကြောင်း၊ မည်သို့ပင် လွှတ်တော်များထားရှိစေကာမူ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် မည်သည့်လွှတ်တော်တွင် စတင်တင်သွင်းရမည်ဖြစ်ကြောင်း သတ်မှတ်ထားသည့် ဥပဒေကြမ်းများမှအပ ယေဘုယျအားဖြင့် ဥပဒေကြမ်းကို သက်ဆိုင်ရာ လွှတ်တော်တစ်ရပ်ရပ်တွင် စတင်တင်သွင်းဆွေးနွေးကာ အတည်ပြုပေးရကြောင်း၊ လွှတ်တော်နှစ်ရပ်ရှိပါက ဥပဒေကြမ်းကို အတည်ပြုပြီးသည့် လွှတ်တော်က ကျန်လွှတ်တော်သို့ အတည်ပြုနိုင်ရန် ပေးပို့ရမြဲဖြစ်ကြောင်း၊ လွှတ်တော်တစ်ရပ်တည်းရှိပါကလည်း ယင်းလွှတ်တော်ကပင် ဥပဒေကြမ်းကို ဆွေးနွေးအတည်ပြုရကြောင်း။

ဤသို့ လွှတ်တော်များက အတည်ပြုပြီးသည့် ဥပဒေကြမ်းတိုင်းကို ဥပဒေအဖြစ် မပြဋ္ဌာန်းမီ နိုင်ငံတော်သမ္မတထံသို့ တင်ပြရကြောင်း၊ မိမိထံ တင်ပြလာသည့် ဥပဒေကြမ်းကို နိုင်ငံတော်သမ္မတက သဘောတူလျှင် လက်မှတ်ရေးထိုး အတည်ပြုထုတ်ပြန်ကြောင်း၊ အကယ်၍ နိုင်ငံတော်သမ္မတက သဘောမတူလျှင် ဤဥပဒေကြမ်းကို စတင်တင်သွင်းခဲ့သည့် လွှတ်တော်သို့ မိမိ၏ သဘောထားမှတ်ချက်များရေးသားဖော်ပြပြီး ပြန်လည်ပေးပို့ပါကြောင်း၊ ဤသို့ ပြန်လည်ပေးပို့လာသည့် ဥပဒေကြမ်းကို စတင်တင်သွင်းသည့် လွှတ်တော်က ပြန်လည်ဆွေးနွေးကာ သတ်မှတ်ထားချက်နှင့်အညီ ဆက်လက်ဆောင်ရွက်ရပါကြောင်း။

ဥပဒေကြမ်းတစ်ရပ် ဥပဒေဖြစ်လာရေးအတွက် ဆောင်ရွက်ပုံအဆင့်ဆင့်မှာ တစ်နိုင်ငံနှင့် တစ်နိုင်ငံများစွာ မကွဲပြားသော်လည်း ယင်းအဆင့်များအကြား သတ်မှတ်ပုံ နည်းစနစ်များတွင် မတူညီကြသည်ကို တွေ့ရပါကြောင်း၊ အချို့နိုင်ငံများတွင် လွှတ်တော်နှစ်ရပ်အကြား အတည်ပြုပုံ နည်းလမ်းချင်း ကွဲပြားကြကြောင်း၊ အချို့နိုင်ငံများက များရာမဲစနစ်ဖြင့် ဆုံးဖြတ်အတည်ပြုကြပြီး အချို့နိုင်ငံများက လွှတ်တော်ကိုယ်စားလှယ်များ၏ သုံးပုံနှစ်ပုံ၏ သဘောတူညီချက်ဖြင့် အတည်ပြုကြပါကြောင်း။

နိုင်ငံတော်သမ္မတထံတင်ပြရာတွင်လည်း အချို့နိုင်ငံများတွင် နိုင်ငံတော်သမ္မတထံတင်ပြပြီး ရက်ပေါင်းမည်မျှအတွင်း နိုင်ငံတော်သမ္မတက ဥပဒေကြမ်းကို အတည်ပြုပေးရမည်ဟု သတ်မှတ်ထားပြီး အချို့နိုင်ငံများတွင်မူ ဤသို့ နိုင်ငံတော်သမ္မတက အတည်ပြုပေးရမည့်နေ့ရက်ကို ကန့်သတ်ထားခြင်းမရှိသည်ကိုလည်း လေ့လာတွေ့ရှိရပါကြောင်း။

အချိန်အပိုင်းအခြားသတ်မှတ်ရာတွင်လည်း တစ်နိုင်ငံနှင့်တစ်နိုင်ငံ မတူညီကြသည်ကိုလည်း တွေ့ရှိရပါကြောင်း၊ မိမိတို့နိုင်ငံ၏ အခြေအနေနှင့် လိုက်လျောညီထွေရှိစေမည့် နည်းလမ်းများကို ကျင့်သုံးလေ့ရှိကြပါကြောင်း၊ အချို့နိုင်ငံများတွင် သတ်မှတ်သည့်ရက် ကုန်ဆုံးသည့်တိုင် နိုင်ငံတော်သမ္မတက ဥပဒေကြမ်းကို တစ်စုံတစ်ရာ အရေးယူဆောင်ရွက်ခြင်းမပြုလျှင် နိုင်ငံတော်သမ္မတက လက်မှတ်ရေးထိုး အတည်ပြုဘိသကဲ့သို့ ဥပဒေအဖြစ် အတည်ဖြစ်လာကြောင်း ပြဋ္ဌာန်းထားကြပါကြောင်း၊ အချို့နိုင်ငံများတွင် ဤအချက်ကို ထည့်သွင်းပြဋ္ဌာန်းထားခြင်းမပြုဘဲ လွှတ်တော်ကအတည်ပြုပြီးသည့် ဥပဒေကြမ်းတစ်ခုကို နိုင်ငံတော်သမ္မတထံ သဘောတူညီချက်ရယူရန် ပေးပို့ရသည့်သဘောလောက်သာ ဖော်ပြလေ့ရှိသည်ကို လေ့လာတွေ့ရှိရပါကြောင်း။

နိုင်ငံတော်သမ္မတက နိုင်ငံတော်အကြီးအကဲအဖြစ် ဆောင်ရွက်သည့် နိုင်ငံများတွင် ဥပဒေပြုခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ အမျိုးမျိုးကွဲပြားကြသော်လည်း တူညီကြသည့်အချက်နှစ်ရပ်မှာ လွှတ်တော်ကဥပဒေပြုပေးခြင်းနှင့် နိုင်ငံတော်သမ္မတက အဆိုပါဥပဒေကို လက်မှတ်ရေးထိုးထုတ်ပြန်ပေးခြင်း ဆိုသည့် အချက်ပင်ဖြစ်ကြောင်း။

နိုင်ငံတော်အတွင်းမည်သည့်နိုင်ငံခြားတပ်ဖွဲ့ကိုမျှတပ်ချခွင့်မပြုဟုအခြေခံမူချမှတ် မြန်မာနိုင်ငံအနေဖြင့် စစ်ကိုလုံးဝမလိုလားသည့်သဘောထားများပေါ်လွင်ထင်ရှား

လွှတ်တော်ကအတည်ပြုပြီးသည့် ဥပဒေကြမ်းကို နိုင်ငံတော်သမ္မတက လက်မှတ်ရေးထိုးထုတ်ပြန်ခြင်းနှင့် စပ်လျဉ်း၍ ၁၉၄၇ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံ ဥပဒေပုဒ်မ ၅၈တွင် "ပါလီမန်၏လွှတ်တော်နှစ်ရပ်လုံးက အတည်ပြုသော သို့တည်းမဟုတ်အတည်ပြုပြီး ဖြစ်သည်ဟု မှတ်ယူရမည့် ဥပဒေကြမ်းသည် အက်ဥပဒေဖြစ်မြောက်လာရေးအတွက် နိုင်ငံတော်သမ္မတ၏ လက်မှတ်ရေးထိုးခြင်းကိုလိုအပ်ရမည်။ နိုင်ငံတော်သမ္မတသည် ပါလီမန်ကပြဋ္ဌာန်းလိုက်သော အက်ဥပဒေအတိုင်းကို ထုတ်ပြန်ကြေညာရမည်"ဟု ပြဋ္ဌာန်းပါရှိပါကြောင်း။

ဤကိစ္စနှင့်စပ်လျဉ်း၍ ပုဒ်မ ၁၁၁တွင်လည်း "ဥပဒေကြမ်းတစ်ခုကို ပါလီမန်ဆိုင်ရာ လွှတ်တော်နှစ်ရပ်လုံးက အတည်ပြုလိုက်သည်နှင့် တစ်ပြိုင်နက် ထိုဥပဒေကြမ်းကို ဤပုဒ်မရှိ ပြဋ္ဌာန်းချက်များနှင့်အညီ လက်မှတ်ရေးထိုးရန်နှင့် အက်ဥပဒေတစ်ရပ်အဖြစ် ထုတ်ပြန်ကြေညာရန် ထိုဥပဒေကြမ်းကို နိုင်ငံတော်သမ္မတထံသို့ တင်ပြရမည်။ ဤအခြေခံဥပဒေ၌ အခြားပြဋ္ဌာန်းချက်ပြုထားခြင်းမရှိလျှင် မိမိထံသို့ တင်ပြသောဥပဒေကြမ်းတိုင်းကို နိုင်ငံတော်သမ္မတသည် တင်ပြပြီးသည့်နောက်တစ်နေ့မှစ၍ ခုနစ်ရက်အောက် နောက်မကျစေဘဲ လက်မှတ်ရေးထိုးရမည်။ ဥပဒေကြမ်းတစ်ခုကို နိုင်ငံတော်သမ္မတသည် မိမိထံသို့ တင်ပြပြီးသည့် နောက်တစ်နေ့မှစ၍ ခုနစ်ရက်အတွင်း၌ လက်မှတ်မထိုးလျှင် ထိုဥပဒေကြမ်းသည် ခုနစ်ရက်မြောက်သောနေ့တွင် နိုင်ငံတော်သမ္မတ၏ လက်မှတ်ရေးထိုးချက်ကို ရပြီးသကဲ့သို့ အက်ဥပဒေဖြစ်လာရမည်"ဟု ပြဋ္ဌာန်းပါရှိပါကြောင်း။

ဤကိစ္စနှင့်ဆက်စပ်ပြီး ပုဒ်မ ၁၀၉တွင် "လွှတ်တော်တစ်ရပ်က အခြားဥပဒေကြမ်းတစ်ခုခုကို အတည်ပြုလိုက်၍ အခြားလွှတ်တော်က ထိုဥပဒေကြမ်းကို ပယ်ချလျှင် သို့တည်းမဟုတ် အတည်ပြုရန် ပျက်ကွက်လျှင် သို့တည်းမဟုတ် ထိုဥပဒေကြမ်းကို စတင် တင်သွင်းသည့် လွှတ်တော်ကလက်မခံသော ပြင်ဆင်ချက်များဖြင့် အတည်ပြုလိုက်လျှင် နိုင်ငံတော်သမ္မတသည် လွှတ်တော်နှစ်ရပ်၏ တွဲဖက်အစည်းအဝေးကို ကျင်းပစေရမည်။ တွဲဖက်အစည်းအဝေးသို့ တက်ရောက်ကြသော လွှတ်တော်အမတ်များသည် ဥပဒေကြမ်းကို စတင် တင်သွင်းသော လွှတ်တော်က အတည်ပြုလိုက်သည့် ဥပဒေကြမ်းနှင့်တကွ အခြားလွှတ်တော်က ပြုပြီး ဖြစ်သော ပြင်ဆင်ချက်များကို စဉ်းစားဆွေးနွေးနိုင်၍ မဲဆန္ဒပေးရမည်။ အကယ်၍ အစည်းအဝေးသို့ တက်ရောက်မဲပေးကြသော လွှတ်တော်နှစ်ရပ် အမတ်စုစုပေါင်း၏ အမတ်များရာက ပြင်ဆင်ချက်များပါလျှင် ထိုပြင်ဆင်ချက်ပါသော ဥပဒေကြမ်းကို အတည်ပြုလိုက်သော် ထိုဥပဒေကြမ်းသည် လွှတ်တော်နှစ်ရပ်လုံး၏ အတည်ပြုချက်ကိုရသည်ဟု မှတ်ယူရမည်"ဟု ပြဋ္ဌာန်းထားသည်ကို လေ့လာတွေ့ရှိရပါကြောင်း။

၁၉၄၇ ခုနှစ်ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေပါပြဋ္ဌာန်းချက်များအရ ဥပဒေကြမ်းတစ်ရပ် ဥပဒေအဖြစ် အတည်ဖြစ်လာရန်အတွက် နိုင်ငံတော်သမ္မတ၏ အခန်းကဏ္ဍသည် မည်သည့်အတိုင်းအတာအထိရှိသည်ဆိုသည်ကို တွေ့ရှိနိုင်ပါကြောင်း၊ မိမိထံတင်ပြလာသည့် ဥပဒေကြမ်းအပေါ် နိုင်ငံတော်သမ္မတအနေဖြင့် တစ်စုံတစ်ရာ ကန့်ကွက်ခွင့်၊ ပြင်ဆင်ခွင့်မရှိဘဲ လက်မှတ်ရေးထိုးထုတ်ပြန်ပေးခြင်းနှင့် သဘောထားကွဲလွဲနေပါက လွှတ်တော်နှစ်ရပ်ပူးတွဲအစည်းအဝေးကျင်းပရန် ခေါ်ယူပေးခြင်းတို့ကိုသာ ဆောင်ရွက်နိုင်သည့် သဘောတွေ့ရှိရပါကြောင်း၊ ထို့အပြင် ပြည်ထောင်စုလွှတ်တော်က အတည်ပြုပြဋ္ဌာန်းသည့် ဥပဒေများပါပြဋ္ဌာန်းချက်အချို့ကို နိုင်ငံတော်သမ္မတက ပြင်ဆင်ရန်သော်လည်းကောင်း၊ ဖြည့်စွက်ရန်သော်လည်းကောင်း၊ အစားထိုးရန်သော်လည်းကောင်း တွေ့ရှိလျှင် ယင်း၏သဘောထားကို ပြည်ထောင်စုလွှတ်တော် နာယကထံသို့ ပေးပို့ခွင့်ရှိနိုင်ကြောင်း၊ ပေးပို့ခွင့်ကိစ္စနှင့် စပ်လျဉ်းပြီး သက်ဆိုင်ရာအပိုင်းတွင် ဆွေးနွေးသွားမှာဖြစ်ကြောင်း။

ထို့ကြောင့် ပြည်ထောင်စုလွှတ်တော်က အတည်ပြုပြီးသည့် ဥပဒေများကို လက်မှတ်ရေးထိုးထုတ်ပြန်ခြင်းဆိုင်ရာ နိုင်ငံတော်သမ္မတ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်နှင့် စပ်လျဉ်းပြီး–

"နိုင်ငံတော်သမ္မတသည် ပြည်ထောင်စုလွှတ်တော်က အတည်ပြုပြဋ္ဌာန်းသည့် ဥပဒေများကို ဖွဲ့စည်းပုံအခြေခံဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ အရေးယူဆောင်ရွက်ပြီး လက်မှတ်ရေးထိုးရမည်။ ယင်းသို့လက်မှတ်ရေးထိုးပြီးသော ဥပဒေများကို နိုင်ငံတော်ပြန်တမ်းတွင် ထုတ်ပြန်ကြေညာရမည်" ဟု အသေးစိတ်အခြေခံရမည့် မူချမှတ်ရန် သင့်မသင့် ဆွေးနွေးအကြံပြုကြရန်ဖြစ်ကြောင်း။

နိုင်ငံတော်သမ္မတအား အပ်နှင်းထားသင့်သည့် တာဝန်နှင့် လုပ်ပိုင်ခွင့်များကို အသေးစိတ်အခြေခံရမည့်မူများအဖြစ် ချမှတ်ရန်သင့်မသင့် ဆွေးနွေးအကြံပြုကြရန် မိမိရှင်းလင်းတင်ပြပြီးဖြစ်ပါကြောင်း၊ ယခု ဆက်လက်ပြီး နိုင်ငံတော် သမ္မတအနေဖြင့် ဤဖွဲ့စည်းပုံအခြေခံဥပဒေအရသော်လည်းကောင်း၊ တည်ဆဲ ဥပဒေအရပ်ရပ်အရသော်လည်းကောင်း၊ ယင်းအား အပ်နှင်းထားသည့် တာဝန်နှင့် လုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက်မှုကြောင့် လွှတ်တော်တစ်ရပ်ရပ်တွင်သော်လည်းကောင်း၊ တရားရုံးတစ်ရုံးရုံးတွင်သော်လည်းကောင်း ဖြေရှင်းရန် တာဝန် မရှိစေရေးနှင့် စပ်လျဉ်းပြီး လုပ်ငန်းကော်မတီ၏ လေ့လာတွေ့ရှိချက်များကို ရှင်းလင်းတင်ပြပါမည်။

စာမျက်နှာ ၇ ကော်လံ ၁ သို့

စစ်ကြေညာခြင်း၊ စစ်ပြေငြိမ်းခြင်းဆိုသည့်စကားရပ်များသည် အကျိုးသက်ရောက်မှုလွန်စွာကျယ်ဝန်းပြီး အများအယွင်းအတိမ်းအစောင်းမခံသည့် လုပ်ပိုင်ခွင့်တစ်ရပ်ဖြစ်ခြင်းကြောင့် နိုင်ငံတော်သမ္မတတစ်ဦးတည်း၏ သဘောဆန္ဒနှင့် ဆောင်ရွက်ပိုင်ခွင့်အာဏာ အပ်နှင်းထားရန်မသင့်

စာမျက်နှာ ၆ မှ

နိုင်ငံတော်သမ္မတသည် ဖွဲ့စည်းပုံအခြေခံဥပဒေအရ အများကြည်ညိုလေးစားခြင်းခံရသည့် နိုင်ငံတော်အကြီးအကဲဖြစ်ပါကြောင်း၊ နိုင်ငံတော်သမ္မတသည် မိမိအား အပ်နှင်းထားသည့် တာဝန်နှင့်လုပ်ပိုင်ခွင့်များကို နေ့စဉ်နှင့်အမျှ ကျင့်သုံးဆောင်ရွက်နေရမှာဖြစ်ကြောင်း၊ ဤသို့ တာဝန်နှင့်လုပ်ပိုင်ခွင့်များ ဆောင်ရွက်ခြင်းနှင့်စပ်လျဉ်းပြီး နိုင်ငံတော်သမ္မတအား လွှတ်တော်တစ်ရပ်ရပ်တွင်သော်လည်းကောင်း၊ တရားရုံး တစ်ရုံးရုံးတွင်သော်လည်းကောင်း သွားရောက်ဖြေရှင်းရန် တာဝန်မရှိစေရေးအတွက် အကာအကွယ်ပေးထားသင့်ပါကြောင်း။

ထို့ကြောင့် နိုင်ငံတော်သမ္မတအနေဖြင့် မိမိအားအပ်နှင်းထားသည့် တာဝန်နှင့်လုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက်ခြင်းအတွက်သော်လည်းကောင်း၊ ထိုတာဝန်နှင့်လုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက်ရာတွင်သော်လည်းကောင်း၊ ကျင့်သုံးဆောင်ရွက်သည့် အနေဖြင့်သော်လည်းကောင်း ပြုခဲ့သော ပြုလုပ်မှုတစ်ရပ်ရပ်အတွက် ပြည်သူ့လွှတ်တော်တွင်သော်လည်းကောင်း၊ အမျိုးသားလွှတ်တော်တွင်သော်လည်းကောင်း၊ ပြည်ထောင်စုလွှတ်တော်တွင် သော်လည်းကောင်း ဖြေရှင်းရန် တာဝန်မရှိစေသင့်ပါ၊ ထိုသို့ ဖြေရှင်းရန် တာဝန်မရှိကြောင်းကို ဖွဲ့စည်းပုံအခြေခံဥပဒေတွင် သတ်မှတ်ပြဋ္ဌာန်းပေးသင့်ကြောင်း။

အလားတူပင် နိုင်ငံတော်သမ္မတအနေဖြင့် မိမိအား အပ်နှင်းထားသည့် တာဝန်နှင့် လုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက်ရာတွင် ပြုခဲ့သော ပြုလုပ်မှုအတွက် မည်သည့်တရားရုံးတွင်မျှ ဖြေရှင်းရန် တာဝန်မရှိစေသင့်ပါ၊ ထိုပြုလုပ်မှုအတွက် မည်သူကမျှ နိုင်ငံတော်သမ္မတအား တရားရုံးတွင် တရားစွဲဆိုပိုင်ခွင့် မရှိစေသင့်ပါ၊ ဤအချက်များကို ဖွဲ့စည်းပုံ အခြေခံဥပဒေတွင် သတ်မှတ်ပြဋ္ဌာန်းပေးခြင်းဖြင့် နိုင်ငံတော်သမ္မတအား အကာအကွယ်ပေးထားသင့်ကြောင်း၊သို့မှသာ နိုင်ငံတော်သမ္မတအနေဖြင့် မိမိအား ပေးအပ်ထားသည့် တာဝန်နှင့် လုပ်ပိုင်ခွင့်များကို လွတ်လွတ်လပ်လပ် ရဲရဲဝံ့ဝံ့ ကျင့်သုံးဆောင်ရွက်နိုင်မှာဖြစ်ကြောင်း။

သို့သော်လည်း နိုင်ငံတော်သမ္မတအား နိုင်ငံတော်၏ ကျေးဇူးသစ္စာကို ဖောက်ဖျက်ခြင်းကြောင့်ဖြစ်စေ၊ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များကို ကျူးလွန်ခြင်းကြောင့်ဖြစ်စေ၊ အကျင့်သိက္ခာပျက်ပြားခြင်းကြောင့်ဖြစ်စေ၊ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် သတ်မှတ်ထားသည့် နိုင်ငံတော်သမ္မတ၏ အရည်အချင်း ပျက်ယွင်းခြင်းကြောင့်ဖြစ်စေ စွပ်စွဲပြစ်တင်နိုင်ခွင့် ရှိရမည်ဖြစ်ကြောင်း၊ ထိုသို့ စွပ်စွဲပြစ်တင်ရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ရမည်ဖြစ်ကြောင်း။

ထို့ကြောင့် နိုင်ငံတော်သမ္မတအား ပေးအပ်ထားသော တာဝန်နှင့် လုပ်ပိုင်ခွင့်ကို နိုင်ငံတော်အကျိုး၊ ပြည်သူများ၏ အကျိုးကို ရှေးရှုလျက် ကျင့်သုံးဆောင်ရွက်မှုအတွက် အကာအကွယ်ပေးရေးနှင့် စပ်လျဉ်းပြီး–

> **"နိုင်ငံတော်သမ္မတသည် ဤဖွဲ့စည်းပုံအခြေခံဥပဒေအရသော်လည်းကောင်း၊ ဥပဒေတစ်ရပ်ရပ်အရသော်လည်းကောင်း မိမိအား အပ်နှင်းထားသည့် တာဝန်နှင့် လုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက်ရာတွင် သို့တည်းမဟုတ် ကျင့်သုံးဆောင်ရွက်သည့်အနေဖြင့် ပြုခဲ့သော ပြုလုပ်မှုအတွက် မည်သည့် လွှတ်တော်၊ မည်သည့်တရားရုံးတွင်မျှ ဖြေရှင်းရန် တာဝန်မရှိစေရ၊ သို့ရာတွင် ဤကဲ့သို့ တာဝန်မရှိစေခြင်းသည် နိုင်ငံတော်သမ္မတအား ဖွဲ့စည်းပုံ အခြေခံဥပဒေပါ စွပ်စွဲပြစ်တင်ခြင်းနှင့် စပ်လျဉ်းသည့် ပြဋ္ဌာန်းချက်များနှင့် သက်ဆိုင်ခြင်း မရှိစေရ"**

ဟု အသေးစိတ် အခြေခံရမည့်မူချမှတ်ရန် သင့်မသင့် ဆွေးနွေးအကြံပြုကြရန် ဖြစ်ကြောင်း။

မိမိတင်ပြခဲ့သည့် လေ့လာတွေ့ရှိချက်များနှင့် သုံးသပ်ချက်များအပေါ် အခြေပြုပြီး ဖွဲ့စည်းပုံအခြေခံဥပဒေ၊ အုပ်ချုပ်ရေးအခန်းတွင် ပါဝင်သင့်သည့် နိုင်ငံတော်သမ္မတ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များနှင့် စပ်လျဉ်း၍ ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများကို စုစည်းလျက် အောက်ပါအတိုင်း တင်ပြအပ်ပါကြောင်း။

၁။ နိုင်ငံတော်သမ္မတသည် ပြည်ထောင်စုလွှတ်တော်အား တာဝန်ခံရမည်။ ဒုတိယသမ္မတများသည် နိုင်ငံတော်သမ္မတအားလည်းကောင်း၊ နိုင်ငံတော်သမ္မတမှတစ်ဆင့် ပြည်ထောင်စုလွှတ်တော်အားလည်းကောင်း တာဝန်ခံရမည်။

၂။ ဖွဲ့စည်းပုံအခြေခံဥပဒေအရသော်လည်းကောင်း၊ ဥပဒေတစ်ရပ်ရပ်အရသော်လည်းကောင်း ပေးအပ်လာသည့် တာဝန်များကို ထမ်းဆောင်နိုင်ရန် နိုင်ငံတော်သမ္မတဦးဆောင်သည့် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ (National Defence and Security Council)ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းသည်–

(၁) နိုင်ငံတော်သမ္မတ
(၂) ဒုတိယသမ္မတ
(၃) ဒုတိယသမ္မတ
(၄) ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ
(၅) အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ
(၆) တပ်မတော်ကာကွယ်ရေးဦးစီးချုပ်
(၇) ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်
(၈) ကာကွယ်ရေးဝန်ကြီးဌာနဝန်ကြီး
(၉) နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး
(၁၀) ပြည်ထဲရေးဝန်ကြီးဌာနဝန်ကြီး
(၁၁) နယ်စပ်ရေးရာဝန်ကြီးဌာနဝန်ကြီး

၃။ နိုင်ငံတော်သမ္မတသည်–
(က) ပြစ်ဒဏ်လွတ်ငြိမ်းခွင့် (Pardon) ပေးပိုင်ခွင့်ရှိသည်၊
(ခ) အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ထောက်ခံချက်နှင့်အညီ လွတ်ငြိမ်းချမ်းသာခွင့် (Amnesty)ပေးပိုင်ခွင့်ရှိသည်။

၄။ နိုင်ငံတော်သမ္မတသည် ဥပဒေနှင့်အညီ–
(က) ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များချီးမြှင့်အပ်နှင်းခြင်းပြုနိုင်သည်၊
(ခ) ချီးမြှင့်အပ်နှင်းထားသည့် ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များကို ပြန်လည်ရုပ်သိမ်းခြင်းပြုနိုင်သည်။

၅။ နိုင်ငံတော်သမ္မတသည် ပြည်ထောင်စုလွှတ်တော်၏ သဘောတူညီချက်ဖြင့် နိုင်ငံခြားတိုင်းပြည်များနှင့် သံတမန်ဆက်သွယ်ခြင်း၊ သံတမန်အဆက်အသွယ် ဖြတ်တောက်ခြင်းပြုနိုင်သည်၊ သို့ရာတွင် ချက်ချင်းအရေးယူ ဆောင်ရွက်ရန်လိုအပ်သည့် အခြေအနေမျိုး၌ နိုင်ငံတော်သမ္မတသည် အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီနှင့် ညှိနှိုင်းလျက် နိုင်ငံခြားတိုင်းပြည်တစ်ခုခုနှင့် သံတမန်အဆက်အသွယ် ဖြတ်တောက်နိုင်သည်၊ နိုင်ငံတော်သမ္မတသည် မိမိ၏ အရေးယူဆောင်ရွက်ချက်ကို ပြည်ထောင်စုလွှတ်တော်သို့ တင်ပြအတည်ပြုချက်ရယူရမည်။

၆။ နိုင်ငံတော်သမ္မတသည် ဥပဒေနှင့်အညီ–
(က) မိမိနိုင်ငံ၏ သံတမန်များကို ခန့်အပ်ခြင်း၊ ပြန်လည်ခေါ်ယူခြင်းပြုနိုင်သည်၊
(ခ) နိုင်ငံခြားသံတမန်များအား ခန့်အပ်ရန် သဘောတူညီချက်ပေးခြင်း၊ နိုင်ငံခြားသံတမန်များအား ပြန်လည်ခေါ်ယူရန် အကြောင်းကြားခြင်းပြုနိုင်သည်၊
(ဂ) နိုင်ငံခြားသံတမန်များ၏ ခန့်အပ်လွှာများကို လက်ခံခြင်းပြုသည်။

၇။ နိုင်ငံတော်သမ္မတသည် ဥပဒေနှင့်အညီ ဝန်ထမ်းအဖွဲ့အစည်း အကြီးအကဲများကို ခန့်အပ်ခြင်း၊ ထုတ်ပယ်ခြင်းပြုနိုင်သည်။

၈။ နိုင်ငံတော်သမ္မတသည် ဥပဒေနှင့်အညီ–
(က) ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ဖြင့်သာ အပြည်ပြည်ဆိုင်ရာ၊ ဒေသဆိုင်ရာ သို့မဟုတ် နိုင်ငံအချင်းချင်း စာချုပ်များ ချုပ်ဆိုခြင်း၊ အတည်ပြုဆောင်ရွက်ခြင်း၊ ပယ်ဖျက်ခြင်း၊ စာချုပ်များမှ နုတ်ထွက်ခြင်းပြုရမည်၊
(ခ) ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ရယူရန် မလိုအပ်သော အပြည်ပြည်ဆိုင်ရာ၊ ဒေသဆိုင်ရာသို့မဟုတ် နိုင်ငံအချင်းချင်း စာချုပ်များချုပ်ဆိုခြင်း၊အတည်ပြုဆောင်ရွက်ခြင်း၊ ပယ်ဖျက်ခြင်း၊ စာချုပ်များမှ နုတ်ထွက်ခြင်းပြုနိုင်သည်။

၉။ နိုင်ငံတော်သမ္မတသည် နိုင်ငံတော်၏ မူဝါဒများနှင့် နိုင်ငံတော်၏ အခြေအနေ အရပ်ရပ်တို့ကို ပြည်ထောင်စုလွှတ်တော်အစည်းအဝေးတွင်ဖြစ်စေ၊ ပြည်သူ့လွှတ်တော် သို့မဟုတ် အမျိုးသားလွှတ်တော် အစည်းအဝေးတွင်ဖြစ်စေ၊ နိုင်ငံတစ်ဝန်းလုံးသို့ဖြစ်စေ အခါအားလျော်စွာ မိန့်ခွန်းပြောကြားခွင့်၊ သဝဏ်လွှာပေးပို့ခွင့်ရှိသည်။

၁၀။ နိုင်ငံတော်သမ္မတသည် လိုအပ်လျှင် ပြည်ထောင်စုလွှတ်တော် အရေးပေါ်အစည်းအဝေးကိုဖြစ်စေ၊ အထူးအစည်းအဝေးကို ဖြစ်စေ ခေါ်ယူကျင်းပပေးရန် ပြည်ထောင်စုလွှတ်တော် နာယကအား အကြောင်းကြားနိုင်သည်။

၁၁။ (က) နိုင်ငံတော်သမ္မတသည် ပြည်ထောင်စုလွှတ်တော် အစည်းအဝေး တစ်ခု နှင့်တစ်ခုအကြား နိုင်ငံတော်၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ကိစ္စရပ်များမှအပ ချက်ချင်းအရေးယူဆောင်ရွက် ရန်လိုအပ်သော အုပ်ချုပ်ရေးဆိုင်ရာ ကိစ္စရပ်များအတွက် ဥပဒေကဲ့သို့ အာဏာတည်သောအမိန့် (Ordinance) ကို ထုတ်ပြန်ခွင့်ရှိသည်၊
(ခ) နိုင်ငံတော်သမ္မတသည် ပုဒ်မခွဲ(က)အရ ထုတ်ပြန်ခဲ့သည့် ဥပဒေကဲ့သို့ အာဏာတည်သောအမိန့်ကို ရုပ်သိမ်းထားခြင်း မရှိလျှင် ယင်းအမိန့်ထုတ်ပြန်သည့်နေ့မှ ရက်ပေါင်း ၆၀ အတွင်း ကျင်းပသော အနီးကပ်ဆုံး ပြည်ထောင်စုလွှတ်တော် အစည်းအဝေးသို့ တင်ပြ၍ အတည်ပြုချက် ရယူရမည်။ ရက်ပေါင်း ၆၀အတွင်း ပြည်ထောင်စုလွှတ်တော်အစည်းအဝေး ကျင်းပရန် မရှိလျှင် ပြည်ထောင်စုလွှတ်တော် အထူးအစည်းအဝေးကို ခေါ်ယူကျင်းပစေ၍ အတည်ပြုချက်ရယူရမည်၊
(ဂ) ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက် မရရှိလျှင် ဥပဒေကဲ့သို့ အာဏာတည်သော အမိန့်သည် အတည်မပြုသည့်နေ့မှစ၍ **အာဏာတည်ခြင်းမှ ရပ်စဲရမည်၊**
(ဃ) နိုင်ငံတော်သမ္မတသည် ပြည်ထောင်စုလွှတ်တော်၏ သဘောတူညီချက်ဖြင့် ထိုဥပဒေကဲ့သို့ အာဏာတည်သောအမိန့်ကို လိုအပ်သောကာလ အပိုင်းအခြားအထိ ဆက်လက်အတည်ဖြစ်စေနိုင်သည်၊
(င) ဥပဒေကဲ့သို့ အာဏာတည်သောအမိန့် ထုတ်ပြန်ကြေညာသည့်နေ့မှစ၍ ရက်ပေါင်း ၆၀အတွင်း ရုပ်သိမ်းပြီးဖြစ်စေကာမူ ထိုဥပဒေကဲ့သို့ အာဏာတည်သောအမိန့်ကို အနီးကပ်ဆုံး **ကျင်းပမည့် ပြည်ထောင်စုလွှတ်တော်အစည်းအဝေးသို့ တင်ပြရမည်၊**
(စ) ဥပဒေကဲ့သို့ အာဏာတည်သောအမိန့်တွင် ဤအခြေခံဥပဒေအရ ပြည်ထောင်စုလွှတ်တော်က ဆုံးဖြတ်ပိုင်ခွင့်မရှိသော ပြဋ္ဌာန်းချက်ပါရှိလျှင် ယင်းပြဋ္ဌာန်းချက်သည် ပျက်ပြယ်ရမည်။

၁၂။ နိုင်ငံတော်သမ္မတသည်–
(က) နိုင်ငံတော်အား ကျူးကျော်တိုက်ခိုက်ခြင်းခံရလျှင် ဖွဲ့စည်းပုံအခြေခံ ဥပဒေနှင့်အညီ ဖွဲ့စည်းထားသော အမျိုးသား ကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီနှင့် ညှိနှိုင်းလျက် စစ်ရေးအရ လိုအပ်သလို ဆောင်ရွက်ပိုင်ခွင့်ရှိသည်၊
(ခ) မိမိ၏ ဆောင်ရွက်ချက်ကို ပြည်ထောင်စုလွှတ်တော်အစည်းအဝေး ကျင်းပနေချိန်ဖြစ်လျှင် ယင်းအစည်းအဝေးသို့ တင်ပြ၍ အတည်ပြုချက်ရယူရမည်၊ ပြည်ထောင်စုလွှတ်တော် အစည်းအဝေး ကျင်းပနေချိန် မဟုတ်လျှင် ပြည်ထောင်စုလွှတ်တော်အရေးပေါ် အစည်းအဝေးခေါ်ယူစေ၍ တင်ပြအတည်ပြုချက်ရယူရမည်၊
(ဂ) ပြည်ထောင်စုလွှတ်တော်၏ သဘောတူညီချက်ဖြင့်သာ စစ်ကြေညာနိုင်သည်။ စစ်ပြေငြိမ်းနိုင်သည်။

၁၃။ နိုင်ငံတော်သမ္မတသည် ပြည်ထောင်စုလွှတ်တော်က အတည်ပြု ပြဋ္ဌာန်းသည့် ဥပဒေများကို ဖွဲ့စည်းပုံအခြေခံ ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ အရေးယူဆောင်ရွက်ပြီး လက်မှတ်ရေးထိုးရမည်၊ ယင်းသို့ လက်မှတ်ရေးထိုးပြီးသော ဥပဒေများကို နိုင်ငံတော်ပြန်တမ်းတွင် ထုတ်ပြန်ကြေညာရမည်။

၁၄။ နိုင်ငံတော်သမ္မတသည် ဤဖွဲ့စည်းပုံအခြခံဥပဒေအရသော်လည်းကောင်း၊ ဥပဒေတစ်ရပ်ရပ်အရသော်လည်းကောင်း မိမိအားအပ်နှင်းထားသည့် တာဝန်နှင့်လုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက်ရာတွင် သို့တည်းမဟုတ် ကျင့်သုံးဆောင်ရွက်သည့်အနေဖြင့် ပြုခဲ့သော ပြုလုပ်မှုအတွက် မည်သည့်လွှတ်တော်၊ မည်သည့်တရားရုံးတွင်မျှ ဖြေရှင်းရန် တာဝန်မရှိစေရ၊ သို့ရာတွင် ဤကဲ့သို့ တာဝန်မရှိစေခြင်းသည် နိုင်ငံတော်သမ္မတအား ဖွဲ့စည်းပုံအခြေခံဥပဒေပါ စွပ်စွဲပြစ်တင်ခြင်းနှင့် စပ်လျဉ်းသည့် ပြဋ္ဌာန်းချက်များနှင့် သက်ဆိုင်ခြင်းမရှိစေရ။

နိုင်ငံတော်သမ္မတ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များနှင့် စပ်လျဉ်း၍ မိမိစုစည်းတင်ပြထားသည့် အသေးစိတ် အခြေခံရမည့်မူများကို ချမှတ်ရန် သင့်မသင့် ကိုယ်စားလှယ်တော်ကြီးများအနေဖြင့် ဆွေးနွေးအကြံပြုကြရန် ဖြစ်ကြောင်းဖြင့် ဖတ်ကြားတင်ပြသည်။

(သတင်းစဉ်)

ဥပဒေကြမ်းတစ်ရပ် ဥပဒေဖြစ်လာရေးအတွက် သတ်မှတ်ပုံနည်းစနစ်များတွင်မတူညီ

- ပြည်ထောင်စုမြန်မာနိုင်ငံသည် ဘန်ဒေါင်းညီလာခံတွင် ချမှတ်ခဲ့သည့် "ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး" ဆိုသည့် မူကြီးငါးရပ်ပေါ်တွင် အစဉ်တစိုက် လိုက်နာကျင့်သုံးလာခဲ့သည့် နိုင်ငံဖြစ်ပါကြောင်း။ အိမ်နီးချင်းနိုင်ငံများနှင့် အစဉ်တစိုက်ချစ်ကြည်ရင်းနှီးစွာ နေထိုင် ဆက်ဆံရေးကို အမြဲလေးစား လိုက်နာလျက်ရှိပါကြောင်း။ အခြားနိုင်ငံများ၏ ပြည်တွင်းရေးကို မစွက်ဖက်သည့်အပြင် ရန်စကျူးကျော်မှုကိုလည်း လုံးဝမလိုလားသည့် နိုင်ငံဖြစ်ပါကြောင်း။
- ဥပဒေကြမ်းတစ်ရပ် ဥပဒေဖြစ်လာရေးအတွက် ဆောင်ရွက်ပုံအဆင့်ဆင့်မှာ တစ်နိုင်ငံနှင့် တစ်နိုင်ငံ များစွာမကွဲပြားသော်လည်း ယင်းအဆင့်များအကြား သတ်မှတ်ပုံ နည်းစနစ်များတွင် မတူညီကြသည်ကို တွေ့ရပါကြောင်း။ အချို့နိုင်ငံများတွင် လွှတ်တော်နှစ်ရပ်အကြား အတည်ပြုပုံ နည်းလမ်းချင်း ကွဲပြားကြကြောင်း။ အချို့နိုင်ငံများက များရာမဲစနစ်ဖြင့် ဆုံးဖြတ်အတည်ပြုကြပြီး အချို့နိုင်ငံများက လွှတ်တော်ကိုယ်စားလှယ်များ၏ သုံးပုံနှစ်ပုံ၏ သဘောတူညီချက်ဖြင့် အတည်ပြုကြ။

အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင် သဘာပတိ အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ တက်ရောက်ကြောင်း မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးစဉ်။ (သတင်းစဉ်)

■ **ရှေ့ဖုံးမှ**

တက်ရောက်

အဆိုပါ အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ကော်မရှင်အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုးနှင့် လုပ်ငန်းကော်မတီအဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်နှင့် စီမံခန့်ခွဲမှုကော်မတီဝင်များ၊ ဆပ်ကော်မတီအသီးသီးမှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ နိုင်ငံရေးပါတီများဖြစ်ကြသည့် ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီ၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ၊ ပြည်ထောင်စုကရင်အမျိုးသားများအဖွဲ့ချုပ်၊ ပြည်ထောင်စုပအိုဝ်း အမျိုးသားများအဖွဲ့ချုပ်၊ မြို(ခေါ်)ခမိ အမျိုးသား ညီညွတ်ရေးအဖွဲ့၊ လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ၊ ‘ဝ’အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီတို့မှ ကိုယ်စားလှယ်များ၊ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ၊ မြို (ခေါ်) ခမိ အမျိုးသားညီညွတ်ရေးအဖွဲ့နှင့် တစ်သီးပုဂ္ဂလတို့မှ ရွေးချယ်ခြင်းခံရသော ကိုယ်စားလှယ်များ၊ တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များဖြစ်ကြသည့် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ စစ်ကိုင်းတိုင်း၊ တနင်္သာရီတိုင်း၊ ပဲခူးတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့မှ တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များ၊ တောင်သူလယ်သမားကိုယ်စားလှယ်များဖြစ်ကြသည့် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ စစ်ကိုင်းတိုင်း၊ တနင်္သာရီတိုင်း၊ ပဲခူးတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့မှ တောင်သူလယ်သမား ကိုယ်စားလှယ်များ၊ အသိပညာရှင်၊ အတတ်ပညာရှင်ကိုယ်စားလှယ်များ၊ အလုပ်သမားကိုယ်စားလှယ်များဖြစ်ကြသည့် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ စစ်ကိုင်းတိုင်း၊ တနင်္သာရီတိုင်း၊ ပဲခူးတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့မှ အလုပ်သမားကိုယ်စားလှယ်များ၊ နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များဖြစ်ကြသည့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၊ နိုင်ငံတော်သမ္မတရုံး၊ ပြည်သူ့လွှတ်တော်ရုံး၊ အစိုးရအဖွဲ့ရုံး၊ တရားရုံးချုပ်၊ ရှေ့နေချုပ်ရုံး၊ စာရင်းစစ်ချုပ်ရုံး၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်ရုံး၊ ဝန်ထမ်း ရွေးချယ်လေ့ကျင့်ရေးအဖွဲ့၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီနှင့် ဝန်ကြီးဌာနအသီးသီးမှ နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များ၊ အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များတွင် ရှိသူများ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များ၊ တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များ၊ တောင်သူလယ်သမားကိုယ်စားလှယ်များ၊ အလုပ်သမားကိုယ်စားလှယ်များ၊ အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များ၊ နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များ၊ အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များသည် အမျိုးသားညီလာခံ စုံညီအစည်းအဝေး ကျင်းပရာ ပြည်ထောင်စုခန်းမနှင့် တစ်ဦးချင်းဖိတ်ကြားထားသူများနှင့် ဥပဒေဘောင်အတွင်း ဝင်ရောက်လာသည့် ငြိမ်းချမ်းရေးရယူထားသော တိုင်းရင်းသားအဖွဲ့ ၁၇ ဖွဲ့အပါအဝင် အခြားအဖွဲ့များမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အမျိုးသားညီလာခံစုံညီအစည်းအဝေး မစတင်မီ နံနက် ၇နာရီခွဲမှ စတင်၍ အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင် ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ကော်မရှင်အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ တရားသူကြီးချုပ်ဦးအောင်တိုးနှင့် လုပ်ငန်းကော်မတီ အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်နှင့် စီမံခန့်ခွဲမှုကော်မတီ အဖွဲ့ဝင်များ၊ ဆပ်ကော်မတီအသီးသီးမှ ဥက္ကဋ္ဌများနှင့် တာဝန်

အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ တက်ရောက်လာကြသော အမျိုးသားညီလာခံကိုယ်စားလှယ်များအား တွေ့ရစဉ်။ (သတင်းစဉ်)



အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင် အခမ်းအနားမှူးအဖြစ် အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင် အတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ဆောင်ရွက်စဉ်။ (သတင်းစဉ်)

စာမျက်နှာ ၅ မှ

နိုင်ငံတော်အကျိုးဖြစ်ထွန်းရန် နိုင်ငံတော်၏ ရည်မှန်းချက်ပန်းတိုင် အရောက်သွားရန် မူဝါဒများ ချမှတ်ထားခြင်း၊ လုပ်ငန်းအစီအစဉ်ချမှတ်ထားခြင်း မရှိဘဲ အစိုးရ၏ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရာတွင် “ငါးပွက်ရာ ငါးစာချ” ဆိုသကဲ့သို့ ဆောင်ရွက်နေပါက အောင်မြင်မှု၊ တည်ငြိမ်မှုရရှိမည် မဟုတ်ကြောင်း သုံးသပ်ရရှိကြောင်း။

နောင်တွင်ဖြစ်ပေါ်လာမည့် ဖွဲ့စည်းပုံအခြေခံဥပဒေအတွက် နိုင်ငံတော် ဦးတည်ချက်များ ချမှတ်ထားပြီးဖြစ်ကြောင်း၊ ကျင်းပပြီးစီးခဲ့သည့် အမျိုးသားညီလာခံများတွင် နိုင်ငံတော် အခြေခံမူများ သတ်မှတ်ရေးအတွက် အခြေခံရမည့်မူများချမှတ်ထားပြီးဖြစ်ကြောင်း၊ အဆိုပါနိုင်ငံတော်ဦးတည်ချက်များ၊ ချမှတ်ထားပြီးဖြစ်သည့် အခြေခံရမည့်မူများသည် နောင်တွင်ဖြစ်ပေါ်လာမည့် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပါရှိမည်ဖြစ်သည့်အတွက် ထိုမူများကို အာဏာပိုင်အဖွဲ့အစည်းများက ယေဘုယျလမ်းညွှန်သဖွယ် မှတ်ယူရန်ဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံတော်၏ အုပ်ချုပ်ရေးတာဝန်ကို ယူထားသော ပြည်ထောင်စုအစိုးရသည် မူဝါဒများချမှတ်သည့်အခါ နိုင်ငံတော်၏ မူဝါဒဘောင်အတွင်းက ဖြစ်ရမည့်အပြင် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီလည်း ဖြစ်စေရမည်ဖြစ်ကြောင်း။

ချမှတ်ထားပြီးဖြစ်သည့် နိုင်ငံတော်မူများနှင့်အညီ ပြည်ထောင်စုအစိုးရ၏ မူဝါဒများကို အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် နိုင်ငံ၏ အုပ်ချုပ်ရေးအဖွဲ့အစည်းဖြစ်သည့် ပြည်ထောင်စုအစိုးရတွင် အဓိကတာဝန်ရှိကြောင်း၊ ပြည်ထောင်စုအစိုးရသည် ချမှတ်ထားသော မူဝါဒများနှင့်အညီ နှစ်ရှည်နှစ်တိုနှင့် နှစ်စဉ်စီမံကိန်းများ ရေးဆွဲပြီး စနစ်တကျ အကောင်အထည်ဖော် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ လိုအပ်လျှင် အထူးစီမံကိန်းများ ရေးဆွဲပြီး အကောင်အထည်ဖော် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

ပြည်ထောင်စုအစိုးရသည် ချမှတ်ထားသည့် မိမိ၏ မူဝါဒများနှင့်အညီ နှစ်ရှည်၊ နှစ်တိုနှင့် နှစ်စဉ်စီမံကိန်းများကို ပြည်ထောင်စုလွှတ်တော်သို့ ရေးဆွဲတင်ပြရာတွင် စီမံကိန်းရည်မှန်းချက်များကို ဖော်ပြရမည်ဖြစ်ကြောင်း၊ ထိုသို့တင်ပြသည့်အခါ တစ်မျိုးသားလုံး၏ စီးပွားရေး စီမံကိန်းရည်မှန်းချက်များကို ဖော်ပြရန်လိုကြောင်း၊ လယ်ယာကဏ္ဍ၊ သားငါးကဏ္ဍ၊သစ်တောကဏ္ဍ၊ စွမ်းအင်ကဏ္ဍ၊ သတ္တုနှင့် တွင်းထွက်ပစ္စည်းများကဏ္ဍ၊ စက်မှုလက်မှုကဏ္ဍ၊ လျှပ်စစ်ဓာတ်အားကဏ္ဍ၊ ဆောက်လုပ်ရေးကဏ္ဍ၊ ပို့ဆောင်ဆက်သွယ်ရေးကဏ္ဍ၊ ကုန်သွယ်ရေးကဏ္ဍ၊ လူမှုရေးကဏ္ဍ၊ ငွေရေးကြေးရေးကဏ္ဍ အလိုက် ရည်မှန်းချက်များ၊ တစ်မျိုးသားလုံး၏ ပြည်တွင်းအသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး ရည်မှန်းချက်များကို အကျိုးအကြောင်းရှင်းလင်းချက်များနှင့်အတူ ဖော်ပြရမည်ဖြစ်ကြောင်း။

ပြည်ထောင်စုအစိုးရသည် လိုအပ်သည့်အခါ လမ်းမကြီးများ၊ တံတားကြီးများတည်ဆောက်သည့် အထူးစီမံကိန်းများ၊ ရေနံနှင့် သဘာဝဓာတ်ငွေ့တူးဖော်သည့် အထူးစီမံကိန်းများ၊ ဆည်ကြီးများ၊ တာတမံကြီးများ တည်ဆောက်သည့် အထူးစီမံကိန်းများကို ဘဏ္ဍာငွေကုန်ကျမှုနှင့်တကွ အထူးစီမံကိန်းများ၏ အကျိုးသက်ရောက်နိုင်မှုတို့နှင့် စပ်လျဉ်းပြီး အကျိုးအကြောင်း ရှင်းလင်းဖော်ပြလျက် ပြည်ထောင်စုလွှတ်တော်၏ သဘောတူညီချက်ရယူပြီး အကောင်အထည်ဖော်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

ထို့ကြောင့် ပြည်ထောင်စုအစိုးရ၏ မူဝါဒများ ချမှတ်ခြင်း၊ စီမံကိန်းများရေးဆွဲခြင်းနှင့် စပ်လျဉ်းပြီး–

“ပြည်ထောင်စုအစိုးရသည် ဖွဲ့စည်းပုံ အခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ပြည်ထောင်စုအစိုးရ၏ မူဝါဒများကို ချမှတ်ရမည်။ ယင်းမူဝါဒများနှင့်အညီ လိုအပ်သောစီမံကိန်းများကို ရေးဆွဲ၍ ပြည်ထောင်စုလွှတ်တော်၏ သဘောတူညီချက်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ရမည်”

ဟု အသေးစိတ် အခြေခံရမည့်မူ ချမှတ်ရန် သင့်မသင့် ဆွေးနွေးအကြံပြုကြရန် ဖြစ်ကြောင်းဖြင့် ဖတ်ကြားတင်ပြသွားသည်။

၂၀၀၅ခုနှစ် မတ် ၇ ရက်တွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၌ ဆက်လက်ကျင်းပသော အမျိုးသားညီလာခံစုံညီအစည်းအဝေးတွင် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှု အပိုင်းများအနက် အုပ်ချုပ်ရေးအပိုင်းပါ “ပြည်ထောင်စုအစိုးရ၏ အုပ်ချုပ်မှုအခွင့်အာဏာ”နှင့် စပ်လျဉ်းပြီး ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့် မူများနှင့် စပ်လျဉ်း၍ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌကိုယ်စား လုပ်ငန်းကော်မတီအဖွဲ့ဝင်များဖြစ်ကြသော ဒုတိယရှေ့နေချုပ် ဒေါက်တာထွန်းရှင်နှင့် တရားရုံးချုပ် တရားသူကြီး ဒေါက်တာတင်အောင်အေးတို့၏ ဆက်လက်ဖတ်ကြားတင်ပြချက်များကို မတ် ၁၀ရက်ထုတ် သတင်းစာများတွင် ဆက်လက်ဖော်ပြသွားမည်ဖြစ်သည်။

(သတင်းစဉ်)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင်ပါဝင်မည့် အုပ်ချုပ်ရေးနှင့်တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းများအတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့်စပ်လျဉ်း၍ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ရှင်းလင်းတင်ပြ

ကိုယ်စားလှယ်များ နားနေဆောင်ခန်းမတို့၌ အမျိုးသားညီလာခံအစည်းအဝေးသို့ တက်ရောက်ကြောင်း မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးကြသည်။

အမျိုးသားညီလာခံစုံညီအစည်းအဝေးတွင် သဘာပတိအဖြစ် အမျိုးသား ညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က ဆောင်ရွက်ပြီး အခမ်းအနားမှူးအဖြစ် အမျိုးသားညီလာခံကျင်းပရေးကော်မရှင် အတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ဆောင်ရွက်သည်။

အစည်းအဝေးစတင်

ရှေးဦးစွာ အခမ်းအနားမှူး အမျိုးသားညီလာခံကျင်းပရေးကော်မရှင် အတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက အမျိုးသားညီလာခံသို့ တက်ရောက်ခွင့်ရှိသည့် ကိုယ်စားလှယ် ၁၀၈၈ဦးရှိပြီး ၁၀၇၀ တို့ တက်ရောက်လာကြသည့်အတွက် ရာခိုင်နှုန်းအားဖြင့် ၉၈ ဒသမ ၉၈ ရာခိုင်နှုန်းရှိသဖြင့် အမျိုးသားညီလာခံ စုံညီအစည်းအဝေး အထမြောက်ကြောင်းနှင့်အစည်းအဝေးစတင်ကျင်းပကြောင်း ကြေညာသည်။

ဦးအောင်တိုးဖတ်ကြားတင်ပြ

အစီအစဉ်အရအမျိုးသားညီလာခံ၌ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းများအနက် အုပ်ချုပ်ရေးအပိုင်းပါ "ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့၏ အုပ်ချုပ်မှုအာဏာ" နှင့် စပ်လျဉ်းပြီး ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့် စပ်လျဉ်း၍ အမျိုးသားညီလာခံ ကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုးက ရှင်းလင်းတင်ပြသည်။

(အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုး၏ ရှင်းလင်းတင်ပြချက်ကို ဆက်လက်ဖော်ပြသွားပါမည်။)

ဦးအေးမောင်ဖတ်ကြားတင်ပြ

ထို့နောက် အမျိုးသားညီလာခံ၌ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းများအနက် အုပ်ချုပ်ရေးအပိုင်းပါ "နိုင်ငံ့ဝန်ထမ်း"နှင့် စပ်လျဉ်းပြီး ချမှတ်သင့်သည့် အသေးစိတ် အခြေခံရမည့်မူများနှင့် စပ်လျဉ်း၍ အမျိုးသား ညီလာခံ ကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ကိုယ်စား လုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ရှေ့နေချုပ် ဦးအေးမောင်က ဖတ်ကြားတင်ပြပြီး စုံညီအစည်းအဝေးကို ခေတ္တရပ်နားသည်။

(အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ရှေ့နေချုပ်ဦးအေးမောင်၏ ဖတ်ကြားတင်ပြချက်ကို ဆက်လက်ဖော်ပြသွားပါမည်။)

ဦးသောင်းညွန့်ဖတ်ကြားတင်ပြ

ဆက်လက်၍ အမျိုးသားညီလာခံစုံညီအစည်းအဝေးကို နံနက် ၁၀ နာရီ ၁၅ မိနစ်တွင် ပြန်လည်ကျင်းပရာ အမျိုးသားညီလာခံ၌ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့်အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှု အပိုင်းများအနက်တရားစီရင်ရေးအပိုင်းပါ "တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှု"နှင့်စပ်လျဉ်းပြီး ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့် စပ်လျဉ်း၍ အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ကိုယ်စား လုပ်ငန်းကော်မတီအတွင်းရေးမှူး ဦးသောင်းညွန့်က ဖတ်ကြားတင်ပြသည်။

(အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီ အတွင်းရေးမှူး ဦးသောင်းညွန့်၏ ဖတ်ကြားတင်ပြချက်ကို ဆက်လက် ဖော်ပြသွားပါမည်။)

ဦးသိန်းစိန်ဖတ်ကြားတင်ပြ

ထို့နောက်အမျိုးသားညီလာခံ၌ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင်ပါဝင်မည့် အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှု အပိုင်းများအနက် တရားစီရင်ရေးအပိုင်းပါ "တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှု"နှင့် စပ်လျဉ်းပြီး ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့် စပ်လျဉ်း၍ အမျိုးသား ညီလာခံကျင်းပရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌကိုယ်စား လုပ်ငန်းကော်မတီ အဖွဲ့ဝင် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိန်းစိန်က ဆက်လက်ဖတ်ကြားတင်ပြသည်။

(အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီအဖွဲ့ဝင် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိန်းစိန်၏ ဖတ်ကြား တင်ပြချက်ကို ဆက်လက် ဖော်ပြသွားပါမည်။)

ယင်းနောက် ယနေ့ကျင်းပသည့် အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို နံနက် ၁၁နာရီ ၁၅မိနစ်တွင် အောင်မြင်စွာ ကျင်းပပြီးစီးသွားသည်။

အမျိုးသားညီလာခံ၌ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းနှင့် စပ်လျဉ်း၍ အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းတင်ပြချက်အပေါ် မိမိတို့ ကိုယ်စားလှယ်အစုအဖွဲ့အလိုက် ဆွေးနွေးအကြံပြုချက်စာတမ်းပြုစုရန် ကိုယ်စားလှယ် အစုအဖွဲ့အလိုက် ဆွေးနွေးပွဲများကို ၂၀၀၅ခုနှစ် မတ် ၉ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၉ နာရီတွင် ကိုယ်စားလှယ် အစုအဖွဲ့အလိုက် သတ်မှတ်ထားသည့် အစုအဖွဲ့အလိုက် ဆွေးနွေးပွဲခန်းမများ၌ ညှိနှိုင်းဆွေးနွေး ဆောင်ရွက်ကြမည်ဖြစ်သည်။

(သတင်းစဉ်)

အမျိုးသားညီလာခံစုံညီအစည်းအဝေး၌ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှု အပိုင်းများအနက် အုပ်ချုပ်ရေးအပိုင်းပါ "ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့၏ အုပ်ချုပ်မှုအာဏာ"နှင့်စပ်လျဉ်းပြီး ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့် စပ်လျဉ်း၍ အမျိုးသား ညီလာခံကျင်းပရေးလုပ်ငန်း ကော်မတီဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုး ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

အမျိုးသား ညီလာခံစုံညီအစည်းအဝေး၌ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင်ပါဝင်မည့်အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းများအနက် အုပ်ချုပ်ရေးအပိုင်းပါ"နိုင်ငံ့ဝန်ထမ်း"နှင့် စပ်လျဉ်းပြီး ချမှတ်သင့်သည့် အသေးစိတ် အခြေခံရမည့်မူများနှင့်စပ်လျဉ်း၍ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌကိုယ်စား လုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ရှေ့နေချုပ် ဦးအေးမောင် ဖတ်ကြားတင်ပြစဉ်။ (သတင်းစဉ်)

အမျိုးသားညီလာခံစုံညီအစည်းအဝေး၌ နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင်ပါဝင်မည့် အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းများအနက်တရားစီရင်ရေးအပိုင်းပါ"တရားစီရင်ရေးဆိုင်ရာအာဏာခွဲဝေမှု"နှင့်စပ်လျဉ်းပြီးချမှတ်သင့်သည့် အသေးစိတ် အခြေခံရမည့် မူများနှင့် စပ်လျဉ်း၍ အမျိုးသား ညီလာခံကျင်းပရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌကိုယ်စား လုပ်ငန်းကော်မတီအတွင်းရေးမှူးဦးသောင်းညွန့် ဖတ်ကြားတင်ပြစဉ်။ (သတင်းစဉ်)

အမျိုးသားညီလာခံစုံညီအစည်းအဝေး၌ နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် အုပ်ချုပ်ရေးနှင့်တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းများအနက် တရားစီရင်ရေးအပိုင်းပါ "တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှု"နှင့်စပ်လျဉ်းပြီး ချမှတ်သင့်သည့် အသေးစိတ် အခြေခံရမည့် မူများနှင့် စပ်လျဉ်း၍ အမျိုးသား ညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ကိုယ်စား လုပ်ငန်းကော်မတီအဖွဲ့ဝင် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိန်းစိန် ဖတ်ကြားတင်ပြစဉ်။ (သတင်းစဉ်)

အမျိုးသားညီလာခံကိုယ်စားလှယ်များ အမျိုးသားညီလာခံစုံညီအစည်းအဝေးသို့တက်ရောက်ကြောင်း မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးကြစဉ်။ (သတင်းစဉ်)

ရွှေတိဂုံစေတီတော်ဗုဒ္ဓပူဇနီယပွဲတော်

စည်ကားသိုက်မြိုက်စွာကျင်းပပူဇော်မည်

ရန်ကုန် မတ် ၈

လေးဆူဓာတ်ပုံရွှေတိဂုံစေတီတော်မြတ်ကြီးတွင် နှစ်စဉ်ကျင်းပပူဇော်မြဲဖြစ်သော ဗုဒ္ဓပူဇာ၊ ဓမ္မပူဇာ၊ သံဃပူဇာဟု ဆိုအပ်သော ပူဇော်ခြင်းအရပ်ရပ်တို့ဖြင့် ဗုဒ္ဓပူဇနီယပွဲတော်ကြီးကို စည်ကားသိုက်မြိုက်စွာ ကျင်းပပူဇော်သွားမည်ဖြစ်သည်။

ယင်းသို့ကျင်းပပူဇော်ရာတွင် တပေါင်းလဆန်း ၆ရက်(မတ် ၁၅ ရက်)နံနက် ၉နာရီတွင် ရွှေတိဂုံ စေတီတော်ရင်ပြင် ရာဟုထောင့်ချမ်းသာကြီး တန်ဆောင်း၌ ဖွင့်ပွဲအခမ်းအနားကျင်းပပြီး တပေါင်းလပြည့်နေ့(မတ်၂၄ရက်)နံနက် ၉ နာရီအထိ သံဃာတော်အပါး ၁၂၀တို့က ၁၀ ရက်တိုင်တိုင် အသံမစဲမဟာပဋ္ဌာန်း ရွတ်ဖတ်ပူဇော်ကြမည်ဖြစ်သည်။ တပေါင်းလဆန်း ၁၄ ရက် အဖိတ်နေ့ (မတ် ၂၃ ရက်) ညနေ ၄ နာရီတွင် ရွှေတိဂုံစေတီတော်ရင်ပြင်၌ ရွှေတိဂုံစေတီတော် ဩဝါဒါစရိယဆရာတော်ကြီးများအပါအဝင် သံဃာတော် ၈၁ ပါးနှင့် သီလရှင် ၂၇ပါးတို့အား ဆွမ်းဆန်တော်လောင်းလှူပွဲ ကျင်းပမည်ဖြစ်သည်။ တပေါင်းလပြည့်နေ့(မတ် ၂၄ ရက်)နံနက် ၅ နာရီတွင် စေတီတော်မြတ်ကြီးအားဆွမ်းတော်ကြီးစုပေါင်းဆက်ကပ်လှူဒါန်းပြီး ယင်းနေ့နံနက် ၉နာရီခွဲတွင် လှူဒါန်းမှုအစုစုတို့အတွက် ရေစက်ချအနုမောဒနာအခမ်းအနား ကျင်းပမည်ဖြစ်သည်။

တပေါင်းလဆန်း ၆ ရက်(မတ် ၁၅ ရက်)မှ တပေါင်းလပြည့်နေ့(မတ် ၂၄ ရက်)အထိ ပွဲတော်ကာလအတွင်း နံနက် ၅ နာရီမှ ၇ နာရီအထိ အများပြည်သူများ လွယ်လင့်တကူ သင့်တင့်သောအလှူငွေ ထည့်ဝင်၍ အသင့် ဆွမ်းတော်ကြီးကပ်လှူနိုင်ရန် အထူး အစီအစဉ်ထားရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

(၄၂)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ

နိုင်ငံသား ကျောက်မျက်ရတနာလုပ်ငန်းရှင်များတက်ရောက်နိုင်

ရန်ကုန် မတ် ၈

(၄၂)ကြိမ်မြောက်မြန်မာ့ကျောက်မျက် ရတနာပြပွဲကို မတ် ၃၀ ရက်မှ စတင်၍ မြန်မာ့ကျောက်မျက်ရတနာခန်းမ၌ ကျင်းပမည်ဖြစ်သည်။ မြန်မာ့ကျောက်မျက်ရတနာ ဥပဒေနှင့်အညီ ခွင့်ပြုမိန့်ရယူ၍ ကျောက်မျက်ရတနာ တူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိသည့် နိုင်ငံသားများ မြန်မာ့ကျောက်မျက်ရတနာဥပဒေနှင့်အညီ လိုင်စင်ရယူ၍ ကျောက်မျက်ရတနာများ ရောင်းချခြင်းလုပ်ငန်းဆောင်ရွက်လျက်ရှိသည့် နိုင်ငံသားများအား သတ်မှတ်ချက်များနှင့်အညီ ရတနာပြပွဲသို့ တက်ရောက် ဝယ်ယူခွင့်ပြုမည်ဖြစ်သည်။

စီစဉ်ပေးမည်

ထို့အပြင် မြန်မာ့ကျောက်မျက် ရတနာဥပဒေနှင့်အညီလိုင်စင်ရယူ၍ ကျောက်မျက်ရတနာများရောင်းချခြင်း လုပ်ငန်းဆောင်ရွက်လျက်ရှိသည့် နိုင်ငံသားလုပ်ငန်းရှင်များအား (၄၂) ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာ ပြပွဲကာလတွင် ရတနာပြပွဲ ကျင်းပမည့် မြန်မာ့ကျောက်မျက်ရတနာခန်းမ မြေညီထပ်၌ ကျောက်မျက် ရတနာများ ရောင်းချနိုင်ရန် အရောင်းကောင်တာများ စီစဉ်ပေးမည်ဖြစ်သည်။

ဆက်သွယ်ဆောင်ရွက်နိုင်

(၄၂)ကြိမ်မြောက် မြန်မာ့ ကျောက်မျက်ရတနာပြပွဲသို့ တက်ရောက်လိုသူများနှင့် ကျောက်မျက်ရတနာများ ရောင်းချရန် ကောင်တာရယူလိုသူများသည် မတ် ၁၄ရက်မှစတင်၍ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေး လုပ်ငန်း မြန်မာ့ကျောက်မျက်ရတနာ အရောင်းခန်းမ၌ဖွင့်လှစ်ထားရှိသည့် စီမံရေးရာ ဆပ်ကော်မတီရုံးအဖွဲ့နှင့် ကျောက်မျက်ရတနာ ဈေးကြီးကြပ်ရေး အဖွဲ့များနှင့် ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကုန်သည်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်

နှစ်ပတ်လည်အစည်းအဝေးကျင်းပမည်

ရန်ကုန် မတ် ၈

ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI)၏ (၁၄)ကြိမ်မြောက် နှစ်ပတ်လည်အသင်းသားစုံညီ အစည်းအဝေးကို မတ် ၁၂ ရက် မွန်းလွဲ ၁ နာရီတွင် မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာ (MCC)၌ ကျင်းပမည်ဖြစ်ရာ အသင်းချုပ်ဝင်အသင်းသားများ မပျက်မကွက် တက်ရောက်ကြရန် အလုပ်အမှုဆောင်အဖွဲ့က နှိုးဆော်ထားသည်။

အစည်းအဝေးကျင်းပမည့် မတ် ၁၂ ရက်နံနက်ပိုင်းမှစတင်၍အသင်းချုပ်အသင်းဝင် ကုမ္ပဏီများကထုတ်လုပ်သည့် ပြည်ပပို့ကုန်အဆင့်ရှိသည့် မြန်မာ့ထုတ်ကုန်ပစ္စည်းများကို UMFCCI AGM Exhibition-2005 အဖြစ်ခင်းကျင်းပြသမည်ဖြစ်ပြီး ပြည်သူများ လာရောက်ကြည့်ရှုဝယ်ယူနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကောက်နှံဆပွား စပါးတောင်အသွင် ရှမ်း(တောင်)တစ်ခွင်

(ယမန်နေ့မှအဆက်)

(စ)

လွိုင်လင်ခရိုင်နှင့် တောင်ကြီးခရိုင် ခရိုင်အဆင့် စွမ်းရည်သုံးရပ်ပြိုင်ပွဲ၏ အရှိန်အဟုန်ကြောင့် တောင်သူများ စိုက်နည်းစနစ်မှန်၌ သက်ဝင်ယုံကြည်မှု နက်ရှိုင်းလာခြင်း၊ တောင်သူလောက၌ စိုက်ပျိုးရေးအသိပညာနှင့် အတတ်ပညာများ ပြန့်ပွားလာခြင်း၊ တောင်သူများ နိုးကြားတက်ကြွလာခြင်းတို့နှင့်အတူ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ပြည်နယ်အဆင့် စွမ်းရည်သုံးရပ် ပြိုင်ပွဲကြီးကို ဆက်လက်ကျင်းပပေး၏။

ပြည်နယ်အဆင့်ပြိုင်ပွဲကြီးဖြစ်ခြင်းကြောင့် အစစအရာရာ ကောင်းမွန်ချောမွေ့စေရေးအတွက် ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီကို တာဝန်ပေးအပ်ထားရာ အပြင်အဆင်အခင်းအကျင်းတို့မှာ ဝင်းဝင်းဝင့် ကြော့မော့နေတော့၏။ ပြိုင်ပွဲမဂ်လာမဏ္ဍပ်ကို ပျဉ်ခင်း၊ သွပ်မိုး၍ စင်မြင့်အဖြစ် ခင်းကျင်းထားပြီး ယင်းနှင့်မျက်နှာချင်းဆိုင်ဝယ် လူသွားလမ်းချန်ကာ မြေစိုက်မဏ္ဍပ်တစ်လုံး တည်ဆောက်ထားလျက် ထိုင်ခုံများ စီရရီပြင်ဆင်ထား၏။

ယင်းစင်မြင့်နှင့် မြေစိုက်မဏ္ဍပ်တို့၏ တစ်ဖက်တွင် ပရိသတ်များအဖို့ တစ်ခဏတာ လှည့်လည်ကြည့်ရှုလေ့လာရုံမျှဖြင့် စိုက်ပျိုးရေးသုတများ တစ်ပုံတစ်ပင် ရရှိစေနိုင်သော ပြခန်းများကို ခင်းကျင်းထား၏။ ပြန်/ဆက်ပြခန်း၊ ပြည်နယ်စိုက်ပျိုးရေးပြခန်း၊ ပြည်နယ်စက်မှုလယ်ယာပြခန်း၊ ပြည်နယ်ဆည်မြောင်းပြခန်း၊ လပ်ကီးဆဲဗင်း၊ မြရတနာ၊ သိန်းမင်း၊ ဦးအောင်ခင်၊ ပန်းသီး၊ ပဒုမ္မာ၊ ဦးစိုးဦး၊ ဦးကိုလတ်ဟူသည့် စိုက်ပျိုး/စက်မှု ပြခန်းများဖြစ်ပါသည်။

အခြားတစ်ဖက်တွင်မူ ပြိုင်ပွဲဝင်များအတွက် ပြိုင်ကွက်များအဖြစ် သမန်းညက်ပြီးသော စိုက်ကွက်များ အကွက်လိုက်အကွက်လိုက် ပြုပြင်ထားရှိ၏။ ကောက်စိုက်စွမ်းရည်ပြိုင်ပွဲအတွက် အသင့်ပြင်ပြီးအကွက်များ၊ တိုက်ရိုက်မျိုးစေ့ချ စွမ်းရည်ပြိုင်ပွဲအတွက် အသင့်ပြင်ပြီး အကွက်များ၊ လယ်ယာ(၁၆)ထွန်စက် စွမ်းရည်ပြိုင်ပွဲအတွက် အသင့်ပြင်အကွက်များ၊ ပတ်ပတ်လည်၌ ပြိုင်ပွဲဝင်အသင်းအလိုက် အားပေးကြမည့် အိုးစည်ဝိုင်း၊ ဒိုးပတ်ဝိုင်းတွေ မြူးထူးရွှင်ပျော်ဟစ်အော်အားပေးနိုင်ဖို့ မြေမာကွက်များ။ ယင်းတို့ကို လှည့်ပတ်ကြည့်ရှုနိုင်ရန် စီမံထားသော ကွင်းဖြတ်လျှောက်လမ်းများ၊ ကွင်းပတ်လျှောက်လမ်းများ။

ရှမ်းပြည်နယ် (တောင်ပိုင်း)ရှိ တောင်ကြီးခရိုင်၊ လွိုင်လင်ခရိုင်နှင့် လင်းခေးခရိုင်တို့မှ တစ်ခရိုင်လျှင် ပြိုင်ပွဲဝင်အသင်း ၁၃သင်းစီဖြင့် စုစုပေါင်းအသင်း ၃၉သင်း ပါဝင်ယှဉ်ပြိုင်မည့် ကျယ်ပြန့်ကြီးမားသော ပြိုင်ပွဲကြီးဖြစ်သည်နှင့်အညီ ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီအောက်တွင် အခမ်းအနားပြင်ဆင်ရေး၊ ပြိုင်ပွဲကြီးကြပ်ရေး၊ ဖိတ်ကြားရေး၊ ကြိုဆိုနေရာချထားရေး၊ ပြခန်းပြသရေး၊ ဆုချီးမြှင့်ရေး၊ ဧည့်ခံကျွေးမွေးရေးနှင့် အကဲဖြတ်ဒိုင်ဟူသော ဆပ်ကော်မတီအသီးသီးတို့က ကျရာတာဝန်ကျေပွန်အောင် အားသွန်ထားကြခြင်းကြောင့် ပြိုင်ပွဲကျင်းပမည့် နေရာဖြစ်သည့် ရွှေညောင်မြို့ ပြည်ထောင်စုလမ်းမကြီးအနီး လယ်ကွက်အမှတ် ၈၅ဝန်းကျင်သည် သစ်လွင်ဆန်းသစ်နေပြီး ပြိုင်ပွဲဝင်အသင်း ၃၉သင်းနှင့် ဖိတ်ကြားထားသူများအားလုံးကို ပြုံးပြုံးကြီး ကြိုဆိုလျက်ရှိနေတော့၏။

(ဆ)

ပြည်နယ်အဆင့် စွမ်းရည်ပြိုင်ပွဲသုံးရပ် ဖွင့်ပွဲအခမ်းအနားသို့ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်ခင်မောင်မြင့်နှင့်ဇနီးတို့ ဦးဆောင်ကာ ပြည်နယ်အဆင့်၊ ခရိုင်အဆင့်၊ မြို့နယ်အဆင့်အကြီးအကဲများ၊ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြိုင်ပွဲဝင်အသင်း၃၉သင်းမှ အသင်းသူများ၊ အုပ်ချုပ်သူနှင့် အားပေးသူအဖွဲ့များ၊ ဖိတ်ကြားထားသူများ စုံညီစွာတက်ရောက်ကြ၏။ စိတ်ဝင်စားကြသူ တောင်သူများပါ တက်ရောက်လေ့လာကြရာ ကြက်ပျံမကျ ရှိဘိ၏။

တိုင်းမှူးက အမှာစကားပြောကြားရာတွင် နိုင်ငံတော်အကြီးအကဲ၏ နိုင်ငံ့အပေါ် ထားအပ်သောစေတနာ၊ နိုင်ငံတော်အစိုးရ၏ ကြိုးပမ်းချက်၊ တပ်မတော်၏ အခန်းကဏ္ဍတို့ကို ခြုံငုံပြောကြားပြီး ရှမ်း(တောင်)တစ်ခွင် စိုက်ပျိုးရေးတိုးတက်မှုများကို ထည့်သွင်းပြောကြားကာ**“ဒေသဝမ်းစာဖူလုံရေး လက်တွဲပူးပေါင်း ဆောင်ရွက်ပေး”** ဆောင်ပုဒ်အတိုင်း တိုက်တွန်းရင်း ကုန်လွန်ခဲ့ပြီးသော ၂၀၀၃-၂၀၀၄ခုနှစ်၌ ရှမ်း(တောင်)တွင် မိုးစပါး ၄၁၆၉၈၄ ဧက၊ နွေစပါး ၃၀၆၄၁ဧက စိုက်ပျိုးခဲ့ပြီး ယခု ၂၀၀၄-၂၀၀၅ခုနှစ်၌ မိုးစပါးဧက ၆၂၅၀၀၀၊ နွေစပါးဧက ၃၂၀၀၀စိုက်ပျိုးရန် စီစဉ်ဆောင်ရွက်ပြီးဖြစ်ကြောင်းနှင့် အထွက်ကောင်းမျိုးများ တိုးတက်စိုက်ပျိုးခဲ့ရာ အခြားအထွက်ကောင်းမျိုးစပါးများနှင့်အတူ ရွှေရင်အေးအထွက်ကောင်းစပါးမျိုးကို ဧက ၅၀၀၀အထိ တိုးတက်စိုက်ပျိုးခဲ့ကြောင်း ထည့်သွင်းပြောကြား၏။

ယင်းရွှေရင်အေး အထွက်ကောင်းစပါးနှင့် စပ်လျဉ်း၍ ဤအရင်တို့ ကြားမြင်သိရှိရသမျှ မုဒိတာနှလုံးအိမ် ပီတိစိမ်လျက် အကြိမ်ကြိမ်ဖြန့်ပွားခဲ့သော ဆောင်းပါးများကို သတင်းစာချစ်သူတို့ မှတ်မိကြပါဦးမည်။ **‘ကောက်စိုက်ပြိုင်ပွဲ ကံစိုက်ပြိုင်ပွဲ’**၊ **‘ရွှေဘဝင်အေးသွားမည့် ရွှေရင်အေးစပါး’**စသည်ဖြစ်ပါကုန်၏။ ထိုဆောင်းပါးတို့၏ ထင်ဟပ်ချက်သည် “ခေတ်အဆက်ဆက် ဒေသဝမ်းစာပါးလျားခဲ့ရသည့် ရှမ်း(တောင်)ဒေသကို **ယနေ့တပ်မတော်အစိုးရ၏ ကြိုးပမ်းချက်များက ဝမ်းစာပြည့်ဖြိုးရန် ဖြည့်တင်းပေးလျက်ရှိနေပြီ”ဟူ၏။ ဒေသဝမ်းစာဖူလုံခြင်းဖြင့် ဒေသသားတို့ ဝမ်းရေးစိတ်အေးကြရပြီ။ ဝမ်းရေးစိတ်အေးရခြင်းနှင့်အတူ ဆွမ်းရေး ကွမ်းရေး ဒါနရေး စိတ်အေးချမ်းသာစွာ သာသနာ့အပံ့အထောက် မပြတ်မတောက်အစဉ်မပျက် သဒ္ဓါလက်သွက်နေကြပြီ** ဟူသော စပါးနှင့်ဆွမ်း ကြိုးတန်းနေပုံ ထင်ဟပ်ထားခြင်းဖြစ်ပါသည်။

(ဇ)

အခမ်းအနား အစီအစဉ်အရ ဆက်လက်၍ တောင်ကြီးခရိုင်ဥက္ကဋ္ဌနှင့် လွိုင်လင်ခရိုင်ဥက္ကဋ္ဌတို့က မိမိတို့ခရိုင်အလိုက် စိုက်ပျိုးရေးတိုးတက်မှု အခြေအနေများကို အသီးသီးတင်ပြကြကာ လင်းခေးခရိုင်အုပ်ချုပ်ရေးမှူးက လင်းခေးခရိုင်နှင့် စပ်လျဉ်း၍ စိုက်ပျိုးရေးတိုးတက်မှု အခြေအနေတင်ပြ၏။

ထို့နောက် ပြိုင်ပွဲစည်းကမ်းသတ်မှတ်ချက်နှင့် အမှတ်ပေးစနစ်တို့ကို ပြည်နယ် စိုက်ပျိုးရေးလုပ်ငန်းမန်နေဂျာနှင့် ပြည်နယ်စက်မှုလယ်ယာဦးစီးမှူးတို့က ကဏ္ဍအလိုက်အသီးသီးရှင်းလင်းပြောကြားကြပြီး ပြည်နယ်ရဲတပ်ဖွဲ့မှူးက ပြိုင်ပွဲဝင်အသင်းများအား ကောက်စိုက်ကြိုးတန်းများပေးအပ်လေ၏။

ပြိုင်ပွဲစတင်ရန် ဖါကြိုးဖြတ်၍ ပြိုင်ပွဲဖွင့်လှစ်ပေးပြီးနောက် ပြိုင်ပွဲဝင်အသင်းများက ကဏ္ဍအလိုက်စတင်ယှဉ်ပြိုင်ကြရာသတ်မှတ်ချိန်အတွင်းပြီးစီးမှု၊ သတ်မှတ်ကောက်ကွက်ဝင်မှု၊ ကောက်တန်းဖြောင့်တန်းမှု၊ လက်ဆမှန်ကန်မှု၊ ကောက်ပင်ခါးမကျိုးဘဲ မတ်ထောင်နေမှု၊ ကောက်ပင်အတိမ်အနက်မှန်ကန်မှု၊ စည်းကမ်းရှိမှုနှင့် သန့်ရှင်းသပ်ရပ်မှုဟူသော စံကိုမီအောင် ကြိုးစားယှဉ်ပြိုင်ကြသလို စက်မှုလယ်ယာသို့ကူးပြောင်းရေးအတွက် အထောက်အပံ့ဖြစ်စေသည့် လယ်ယာ(၁၆) ထွန်စက်ပြိုင်ပွဲဝင်များကလည်း လျင်မြန်စွာ ထွန်ယက်နိုင်မှု၊ ထွန်ရေးနှင့်သမန်းညီညာကောင်းမွန်မှု၊ လက်တွန်းထွန်စက်ကို ဖြောင့်တန်းစွာ မောင်းနှင်နိုင်မှု၊ ပုံစံအမျိုးမျိုးဖြင့် ကျွမ်းကျင်ပိုင်နိုင်စွာ မောင်းနိုင်မှု စက်ချွတ်ယွင်းမှုမဖြစ်အောင် ကြိုတင်ပြင်ဆင်ထိန်းသိမ်းနိုင်မှု၊ စည်းကမ်းရှိမှုနှင့် သပ်ရပ်မှု စံကိုမီအောင် ကြိုးစားယှဉ်ပြိုင်ကြ၏။

သတ်မှတ်ချိန်စေ့၍ အကဲဖြတ်ဒိုင်များက ကွင်းဆင်းစစ်ဆေးပြီးသောအခါ ကောက်စိုက်စွမ်းရည်ပြိုင်ပွဲ၌ လဲချားမြို့နယ်က ပထမ၊ တိုက်ရိုက်မျိုးစေ့ချစွမ်းရည်ပြိုင်ပွဲ၌ ပင်လောင်းမြို့နယ်ကပထမ၊လယ်ယာ(၁၆)လက်တွန်းထွန်စက် စွမ်းရည်ပြိုင်ပွဲ၌ ရပ်စောက်မြို့နယ်က ပထမရရှိကြပြီး အားပေးမှုအကောင်းဆုံးဆုကို လွိုင်လင်မြို့နယ်က ဆွတ်ခူးရရှိကြောင်း အတည်ပြုကြေညာချက်ထွက်ပေါ်လာလေ၏။

အားပေးမှုအကောင်းဆုံးဆု၏ ရည်ရွယ်ချက်မှာ မြို့နယ်အလိုက် တက်ရောက်အားပေးသူ များပြားလာစေရန်၊ အားပေးသူအချင်းချင်းတွေ့ကြုံရင်းနှီးစေရန်နှင့် အိုးစည်ဗုံမောင်း သီချင်းသံချပ်တို့ဖြင့် ထူးခြားစွာ၊ လိုက်လျောညီစွာ အားပေးမှုဓလေ့ ထွန်းကားလာစေရန်တို့ဖြစ်ပေ၏။

ရတနာစည်ဆရာတော်
(လွိုင်လင်)

အားပေးမှုအကောင်းဆုံးဆုကို လွိုင်လင်မြို့နယ်က ဆွတ်ခူးရရှိခြင်းနှင့် ပတ်သက်၍ ပရိသတ်များ ပြောကြ ဆိုကြ ထင်ကြေးပေးကြသည်များမှာ ဤသို့ ဖြစ်ပါ၏။

“လွိုင်လင်က အားပေးမှု အကောင်းဆုံးဆု ရသွားတယ်ဟေ့”

“ဟာ-ရထိုက်တာပေါ့၊ သူတို့အားပေးပုံကိုကြည့်လေ၊ အိုးစည် ဒိုးပတ်ဝိုင်းကလည်း မြိုင်မြိုင်ဆိုင်ဆိုင်၊ သီချင်းတွေ သံချပ်တွေကလည်း ကောင်းသလား မမေးနဲ့”

ယနေ့တပ်မတော်အစိုးရ၏ ကြိုးပမ်းချက်များက ဝမ်းစာပြည့်ဖြိုးရန် ဖြည့်တင်းပေးလျက်ရှိနေပြီဟူ၏။ ဒေသဝမ်းစာဖူလုံခြင်းဖြင့် ဒေသသားတို့ ဝမ်းရေးစိတ်အေးကြရပြီ။ ဝမ်းရေးစိတ်အေးရခြင်းနှင့်အတူ ဆွမ်းရေးကွမ်းရေး ဒါနရေး စိတ်အေးချမ်းသာစွာ သာသနာ့အပံ့အထောက် မပြတ်မတောက် အစဉ်မပျက် သဒ္ဓါလက်သွက်နေကြပြီ။

“အဲဒါတွေထက်ပိုပြီး အထူးခြားဆုံးကတော့ ဟိုမှာ ရွှေရင်အေးစပါးစေ့ အရုပ်ကြီးလေ”

မှန်ပါ၏။ အမြင့် ခြောက်ပေခန့်ရှိ ရွှေရင်အေးစပါးစေ့ကြီးတစ်စေ့သည် လူကြားထဲသွားလာလျက်ရှိ၏။ တကယ့်စပါးစေ့တော့မဟုတ်ပါ။ တီထွင်ဖန်တီးထားသော စပါးစေ့ကြီး ဖြစ်ပါသည်။

ရွှေရင်အေးစပါးစေ့၏ ပကတိပုံသဏ္ဌာန်ကိုယူကာ အတွင်းဘက်မှာ ဝါးခြမ်းစိတ်များနှင့် ပုံဆင်ရက်ထားပြီး အပြင်ဘက်၌ စက္ကူကပ်၍ စက္ကူကို စပါးစေ့အရောင် ဝါရင့်ရင့်ဆေးခြယ်ထားသည့် ခြောက်ပေခန့်အမြင့်ရှိ ရွှေရင်အေးစပါးစေ့ထောင်ထားပုံ အရုပ်ဖြစ်ပါသည်။ ထိုအထောင်လိုက် စပါးစေ့ အရုပ်အောက်ဘက်၌ လူတစ်ယောက်ဝင်သာသော အပေါက်ပါရှိပြီး ထိုအပေါက်ထဲ လူဝင်ကာ မတ်တပ်ရပ်ဟန်ချက်ထိန်းရင်း ခုန်ပေါက်သွားလာ လျက် ပြိုင်ပွဲကို အားပေးခြင်းဖြစ်ပါသည်။

မြန်မာနိုင်ငံအထက်ပိုင်း၌ ကျော်ကြားသည့် ဆင် နာမည်ကြီး၍ ရှမ်းပြည်နယ် တစ်ခွင်၌ တိုးနရားနာမည်ကြီးသလို ယခုရှမ်းပြည်နယ်(တောင်ပိုင်း) ပြည်နယ်အဆင့် စွမ်းရည်သုံးရပ်ပြိုင်ပွဲ၌ ထိုစပါးစေ့ကြီး နာမည်ကြီးသွား၏။ စပါးစေ့၏ မျက်နှာစာဘက်တွင် ရွှေရင်အေးဟု စာတန်းထိုးထားလေ၏။

ရွှေရင်အေးစပါးစေ့ပုံ အရုပ်ကြီးကိုတီထွင်ကာ ထူးခြားစွာအားပေးလာသော လွိုင်လင်မြို့နယ်သည် ထိုက်ထိုက်တန်တန် အားပေးမှုအကောင်းဆုံးဆု ဆွတ်ခူးရရှိပိုင်ဆိုင်တော့၏။

(ဈ)

ရွှေရင်အေးစပါးဟူသည်ကား နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီး သန်းရွှေ၏ လမ်းညွှန်ချက်ဖြစ်သော ပန်းတိုင်အထွက်နှုန်းရရှိရေး ဆောင်ရွက်ရမည့်နည်းလမ်းလေးသွယ်ကို အကောင်အထည်ဖော်သောအားဖြင့် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ကိုယ်တိုင် စိတ်စိုက်စူးနစ် မဖြစ်မနေရှာဖွေဖော်ထုတ်ရာမှ တွေ့ရှိလာသော အထွက်ကောင်းမျိုးတစ်ခုဖြစ်၏။ သက်လတ်စပါးမျိုးသစ်ဖြစ်၏။ အမှန်တကယ် အထွက်ကောင်းပြီး ဆန်သား ဆန်ရည် ကြည်လင်လျက် စားသုံးရာ၌ စေးပိုင်ရသရှိ၏။ အေးသွားလျှင် ထမင်းကြမ်းခဲဖြစ်မသွားဘဲ နူးညံ့ပျော့ပျောင်းစွာ ထွေးထွေးပို့ပို့ဖြစ်၏။

အထူးသဖြင့် စပ်မျိုး၊ ကပြားမျိုးမဟုတ်သလို တစ်နှစ်စိုက်ပြီး မျိုးတုံးသွားသော (နောက်တစ်နှစ် ထပ်စိုက်၍မရသော) စပါးမျိုးလည်းမဟုတ်ဘဲ ဗီဇသန့် မျိုးပွားနိုင်သော အအေးရာသီကြိုက် စပါးမျိုးဖြစ်၏။ အကြိမ်ကြိမ် စမ်းသပ်မှုများအရ တစ်ဧကစပါးတင်း တစ်ရာ့ငါးဆယ်ဝန်းကျင်ထွက်ရှိကြောင်း အတည်ပြုပြီးဖြစ်၏။ စနစ်တကျဂရုတစိုက် စိုက်ပျိုးလျှင် တင်း၂၀၀အထိ ထွက်ရှိ၏။

မကြာသေးမီ ၂၀၀၄ခုနှစ် နိုဝင်ဘာ ၇ရက်တုန်းက တိုင်းမှူးဗိုလ်ချုပ်ခင်မောင်မြင့်နှင့် စီးပွား/ကူးသန်း ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်ထွန်းတို့သည် တာဝန်ရှိသူများလိုက်ပါလျက် ညောင်ရွှေမြို့နယ် ကျော့မောင်ငယ်ကျေးရွာသို့ ရောက်ရှိကာ ရွှေရင်အေး မိုးစပါးရိတ်သိမ်းပွဲ ကျင်းပရာတွင် တစ်ဧက တင်း တစ်ရာ့ငါးဆယ်ထွက်ရှိကြောင်းတွေ့ရှိကြရ၏။ ဆက်လက်၍လည်း ရွှေရင်အေး မိုးစပါး ရိတ်သိမ်းပွဲများ ကျင်းပဦးမည်ဖြစ်ရာ တစ်ဧကတင်းတစ်ရာ့ငါးဆယ် အထက် ထွက်ရှိမည်မှာ သေချာလျက်သာရှိနေ၏။

ဤသို့သော မျိုးကောင်းမျိုးသန့် အထွက်ကောင်းမျိုးဖြစ်သဖြင့် စိုက်သူအကြိုက်၊ စားသူအကြိုက်၊ ရောင်းဝယ်ဖောက်ကားသူအကြိုက် ဖြစ်လျက်ရှိရာ ယင်းရွှေရင်အေးစပါးနှင့် စပ်လျဉ်း၍ တောင်သူကိုယ်တိုင် ကိုယ့်မျိုးကိုယ်ထားနိုင်သည့် နည်းပညာသစ်တစ်ရပ်ကို ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက လက်ကမ်းစာစောင်ဖြင့် ဖြန့်ဝေပေးလျက်ရှိ၏။

ကိုယ့်မျိုးကိုယ်ထား နည်းပညာသစ်အရ တောင်သူကိုယ်တိုင် လွယ်ကူစွာ ဆောင်ရွက်နိုင်ခြင်း၊ စိုက်ပျိုးချိန်၌ ဝဒသမ၁၂ဧက စိုက်ရုံမျှဖြင့် စပါးပေါ်ချိန်၌ လေးဧကစာ မျိုးကောင်းမျိုးသန့် လက်ရွေးစင်ရရှိပြီး ဖြစ်သည့်အပြင် သုံးနှစ်ဆက်တိုက် မျိုးအဖြစ်အသုံးပြုနိုင်ခြင်း၊ စိုက်ပျိုးထုတ်လုပ်မှုရော ရောင်းဝယ်ဖောက်ကားမှုသာမက စားသုံးမှုပါ သုံးဖက်ညီ အကျိုးဖြစ်ထွန်းနိုင်ခြင်းတို့ကြောင့် ယင်းနည်းပညာသစ်ကို ဤ၌ဖော်ပြအပ်ပါသည်။

ပြုလုပ်နည်းအဆင့်ဆင့်

၁။ ရိတ်သိမ်းခါနီးစပါးခင်းမှ ခေါင်နှံ ၅၀၀ကို ဖြတ်ယူ၍ အလံရွက်များ ဖယ်ရှားပြီး ကြိုးစည်းအခြောက်လှန်း သိမ်းထားပါ။

၂။ ပျိုးထောင်သည့်အချိန်တွင် အရွယ်အကြီးဆုံး၊ အောင်စေ့အများဆုံး၊ အဖျင်းအနည်းဆုံး၊ ရောဂါအကင်းဆုံး ခေါင်နှံ ၂၅၀ကို ထပ်မံ ရွေးချယ်ပါ။

၃။ (၃×၄၅)လက်မအရွယ် သမန်းစိုပေါင် ပြုလုပ်ပါ။

၄။ လေးလက်မစီခြားသော စိုက်မြောင်း ၁၂၅မြောင်းကို ဝါးချွန်ဖြင့် အရာပေးပါ။

၅။ စိုက်မြောင်း တစ်မြောင်း၌ ခေါင်နှံ နှစ်နှံကို အနှံရိုးချင်းထိပ်ချင်းဆိုင် အနေအထားဖြင့် မြောင်းအတွင်းချပြီး မြေပါးပါးဖုံးပေးပါ။

၆။ ရေမပြတ်ပေး၍ ပိုးမွှားမကျရောက်အောင်စောင့်ရှောက်ပါ။

၇။ ပျိုးသက် ၂၀ မှ ၂၅ရက်အတွင်း ခေါင်နှံတစ်ခုစီမှ အသန်စွမ်းဆုံး ပျိုးပင် ၃၀မှ၅၀ကို လက်သပ်ရွေးနုတ်ပြီး ပျိုးစည်းတစ်စည်းစီ စည်းပါ။

၈။ ပျိုးစည်းတစ်စည်းလျှင် ကောက်တန်းတစ်တန်းစနစ်ဖြင့် တန်းကြား ၁၀ လက်မ၊ ပင်ကြား ၁၀လက်မထား၍ အသန်စွမ်းဆုံး ပျိုးပင်၃၀ကို လက်ဆ တစ်ပင်ချင်းရွေးချယ်စိုက်ပါ။

၉။ တစ်တန်းလျှင် အပင် ၃၀ဖြင့် တန်း ၂၅၀ စိုက်ပါ။ ပျိုးပင်ပေါင်း ၇၅၀၀ အတွက် ဝဒသမ ၁၂ဧက ဖြစ်မည်။

၁၀။ မျိုးသန့်စင်မှုကို ပြောင်းရွှေ့စိုက်ပြီး ၂၅ရက် မှိုကပ်ချိန်နှင့် ခေါင်နှံထွက်ချိန်တို့တွင် ဆောင်ရွက်ပါ။ အပင်အရွယ်အစား၊ အပင်အမြင့်၊ အရွက်အရောင် ကွဲပြားခြားနားသော အပင်များကို တစ်ပင်ချင်း နုတ်ပယ်ပါ။

၁၁။ မောင်းညိုချိန်တွင် ရိတ်သိမ်း၊ ခြွေလှေ့၊ သန့်စင်အခြောက်ခံပြီး မျိုးအဖြစ် သိုလှောင်သိမ်းဆည်းပါ။ ဝဒသမ၁၂ဧက မြေပေါ်၌ စိုက်ခဲ့သောမျိုးမှ လေးဧကစာ မျိုးကောင်းမျိုးသန့်စပါးများ ရရှိပါမည်။

(ည)

အတိတ်၏ တစ်ချိန်သောကာလ(သာယာဝတီမင်းလက်ထက် ၁၂၀၂ခုနှစ်) တုန်းက ဆန်စပါးနှင့်ပတ်သက်၍ မြဝတီမင်းကြီးဦးစသည် ဤသို့ဖွဲ့ဆိုခဲ့ဖူး၏။ “ကောက်နှံငယ်ဆင့်ပွား ကောက်သားငယ်ကြွယ်ကုံ တောင်ပုံဖြိုးတော့သည်” ဟူ၏။ ယနေ့ပစ္စုပ္ပန်ကာလမှာလည်း ယခုလိုဖွဲ့သီသော် ဖွဲ့သီနိုင်မည်သာဖြစ်၏။“ကောက်ပင်ငယ်ရှင်သန် ကောက်နှံငယ်ဆပွား စပါးငယ် တောင်အသွင် မျက်မြင်တိုးတော့သည်”။ သို့ဆိုလျှင် ရှမ်းပြည်နယ်(တောင်ပိုင်း)ကလည်း **“ကောက်နှံဆပွား စပါးတောင်အသွင် ရှမ်း(တောင်)တစ်ခွင် မြေပြင်မိုးတော့သည်”**ဟု ဖွဲ့သီနိုင်ပြီဖြစ်ပါသတည်း။ ။

စစ်ရေးပြစစ်ကြောင်းကြီးများ တပ်ပါစစ်ရေးပြလေ့ကျင့်

ရန်ကုန် မတ် ၈

၂၀၀၅ခုနှစ် နှစ်(၆၀)ပြည့် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားတွင် ပါဝင်စစ်ရေးပြကြမည့် စစ်ကြောင်းကြီးများသည် ယနေ့နံနက် ၆ နာရီမှ ၁၀နာရီ ၄၅မိနစ်အထိ ရန်ကုန်မြို့ရှိ တော်လှန်ရေးပန်းခြံ၌ တပ်ပါစစ်ရေးပြလေ့ကျင့်မှုများကို ဆက်လက်လေ့ကျင့်ကြသည်။

တပ်ပါလေ့ကျင့်

ယင်းသို့ တပ်ပါစစ်ရေးပြလေ့ကျင့်မှုများကို ဆောင်ရွက်ရာတွင် စစ်ရေးပြမှူးကြီး ဗိုလ်မှူးချုပ်ညီထွန်း ဦးဆောင်၍ စစ်ကြောင်းမှူးဗိုလ်မှူးကြီး အောင်ကျော်ဦး ဦးဆောင်သည့် အနော်ရထာစစ်ကြောင်း၊စစ်ကြောင်းမှူး ဗိုလ်မှူးကြီးသာအောင် ဦးဆောင်သည့် ကျန်စစ်သားစစ်ကြောင်း၊ စစ်ကြောင်းမှူးဗိုလ်မှူးကြီးအောင်ကျော်ဦး ဦးဆောင်သည့် ဘုရင့်နောင်စစ်ကြောင်း၊ စစ်ကြောင်းမှူး ဗိုလ်မှူးကြီး အောင်ဇော်ဝင်း ဦးဆောင်သည့် နဝဒေးစစ်ကြောင်း၊စစ်ကြောင်းမှူးဗိုလ်မှူးကြီးမျိုးဝင်းဦးဆောင်သည့် အောင်ဇေယျစစ်ကြောင်း၊ စစ်ကြောင်းမှူးဗိုလ်မှူးကြီးခင်မောင်မြင့် ဦးဆောင်သည့် ဆင်ဖြူရှင်စစ်ကြောင်း၊ စစ်ကြောင်းမှူး ဗိုလ်မှူးကြီးခင်မောင်ဦး ဦးဆောင်သည့် ဗန္ဓုလစစ်ကြောင်း၊ စစ်ကြောင်းမှူး ဗိုလ်မှူးကြီးဝင်းဆွေ ဦးဆောင်သည့် မြဝတီစစ်ကြောင်းနှင့် စစ်ကြောင်းမှူး ဗိုလ်မှူးကြီးသိန်းဇော် ဦးဆောင်သည့်အောင်ဆန်းစစ်ကြောင်းတို့မှ တပ်မတော်သားများက တပ်ပါစစ်ရေးပြလေ့ကျင့်မှုများကို ပြုလုပ်ကြသည်။

ကြည့်ရှုစစ်ဆေး

စစ်ရေးပြ လေ့ကျင့်မှုများကို နှစ်(၆၀)ပြည့်တပ်မတော်နေ့ ကျင်းပရေး စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ဒုတိယတပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဗိုလ်ချုပ်အောင်ကြည်၊ တွဲဖက်စစ်ရေးချုပ် ဗိုလ်ချုပ်လှရွှေနှင့် တပ်မတော်အရာရှိကြီးများ လာရောက်ကြည့်ရှု စစ်ဆေးကြကြောင်း သတင်းရရှိသည်။ **(အောက်ပုံ) (သတင်းစဉ်)**

နှစ်(၆၀)ပြည့်တပ်မတော်နေ့ဦးတည်ချက်

၁။ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီး ပေါ်ထွန်းလာရေး အတွက် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရန် ပြည်သူတို့နှင့်အတူတကွ လက်တွဲ ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

၂။ ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်(၅)ရပ်ကို အင်တိုက်အားတိုက် ကြိုးပမ်းဆောင်ရွက်ရေး။

၃။ ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားပြီး နိုင်ငံတော်၏ ဦးတည်ချက်(၁၂)ရပ်ကို ပြည်သူလူထုနှင့်အတူ လက်တွဲ ကြိုးပမ်း အကောင်အထည်ဖော် ဆောင်ရွက်ရေး။

၄။ အင်အားတောင့်တင်း၍ စွမ်းရည်ထက်မြက်သော ခေတ်မီတပ်မတော်တည်ဆောက်ရေး။

ဝန်ကြီးဗိုလ်မှူးကြီးဇော်မင်း တပ်မတော်နေ့သမဝါယမပြခန်းများစစ်ဆေး

ရန်ကုန် မတ် ၈

သမဝါယမဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းသည် ယနေ့နံနက် ၉နာရီတွင် ရန်ကုန်မြို့ ရွှေတိဂုံဘုရားလမ်းရှိ တပ်မတော်စစ်သမိုင်းပြတိုက်သို့ သွားရောက်ပြီး နှစ်(၆၀)ပြည့် တပ်မတော်နေ့ပြခန်း သမဝါယမဝန်ကြီးဌာန ပြကွက်ပြင်ဆင်ပြီးစီးမှုများကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ပြကွက်များကို လိုက်လံရှင်းလင်းပြသ၍ ဝန်ကြီးက လိုအပ်သည်များကို မှာကြားကြောင်း သတင်းရရှိသည်။ **(အောက်ပုံ) (သတင်းစဉ်)**

မြဝတီရုပ်မြင်သံကြား

၉-၃-၂၀၀၅ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	အဖွင့်သီချင်း
၇း၁၀	၃။	မျိုးချစ်တပ်မတော်
၇း၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇း၄၀	၆။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၅	၇။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၀၀	၈။	မြဝတီရုပ်မြင်သံကြားသတင်း

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၁၀	၃။	လက်စွမ်းပြဟန်ဂီတသံ
၄း၂၀	၄။	ရင်ခုန်စီးဆင်းအချစ်သီချင်း
၄း၃၀	၅။	နားဝင်ငြိမ့်စီးသီချင်းကြီး
၄း၄၀	၆။	မျိုးချစ်တပ်မတော်
၄း၅၀	၇။	အလွမ်းတေးပန်းချီချစ်သူဆီ
၅း၀၀	၈။	အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် Compulsory English (ဒုတိယနှစ်-အင်္ဂလိပ်စာ) Soil Profile (တတိယနှစ်-ပထဝီဝင်)
၅း၃၅	၉။	မြတ်နိုးကြစေအမျိုးသားအမွေ
၅း၄၅	၁၀။	သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀	၁၁။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၁၂။	နိုင်ငံတကာသတင်း
၆း၂၀	၁၃။	မိုးလေဝသသတင်း
၆း၂၅	၁၄။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆း၄၀	၁၅။	လျှပ်တစ်ပြက်
၇း၀၀	၁၆။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"အင်တာနက်ချစ်သက်လျာ"** (အပိုင်း-၁၉)
၈း၀၀	၁၇။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၈။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၁၉။	မြန်မာ့ရှုခင်း
	၂၀။	ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
	၂၁။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"မျက်နှာဖုံးလူနဲ့ ရွှေမင်းသမီး"** (အပိုင်း-၁၀)

ဇာတ်လမ်းပမာနားဆင်စရာထုတ်လွှင့်မည်

ရန်ကုန် မတ် ၈

နှစ်(၆၀)ပြည့် တပ်မတော်နေ့ကိုဂုဏ်ပြုကြိုဆိုသောအားဖြင့် အောင်စံမြင့်၏ဝတ္ထုကို ယဉ်ယဉ်ရွှေ ဇာတ်ညွှန်းရေးသား စီစဉ်ထုတ်လွှင့်လိုက်သည့် "တရားသောအချစ်ရဲ့စစ်မျက်နှာ" ဇာတ်လမ်းပမာနားဆင်စရာကို မတ် ၁၀ ရက် ည ၇ နာရီ ၁၅ မိနစ်နှင့် မတ် ၁၁ ရက် မွန်းလွဲ ၁၂ နာရီခွဲတို့တွင် လည်းကောင်း၊ ဆလိုင်းရွှေဗမာ၏ ဝတ္ထုဇာတ်ညွှန်းကို နီလာသန်း စီစဉ်ထုတ်လွှင့်လိုက်သည့် "အဖော်မွန်" ဇာတ်လမ်းပမာနားဆင်စရာကို မတ် ၁၃ ရက် မွန်းလွဲ ၁၂ နာရီခွဲ နှင့် မတ် ၁၅ ရက် မွန်းလွဲ ၁၂နာရီခွဲ တို့တွင် လည်းကောင်း အသီးသီး ထုတ်လွှင့်မည်ဖြစ်သည်။ **(သတင်းစဉ်)**

မြတ်ဗုဒ္ဓ၏အောင်ခြင်းရှစ်ပါး ဗွီစီဒီ၊ဒီဗွီဒီအခွေများဖြန့်ချိ

ရန်ကုန် မတ် ၈

သာသနာရေး ဝန်ကြီးဌာန သာသနာတော်ထွန်းကားပြန့်ပွားရေး ဦးစီးဌာနက ကြီးကြပ်တည်းဖြတ်၍ သာသနာတော်ထွန်းကားပြန့်ပွားရန်နှင့် ကလေးသူငယ်မှအစ အရွယ်သုံးပါး ဗဟုသုတ ပွားများစေရန်ရည်ရွယ်ချက်ဖြင့် ဒါရိုက်တာဗညား(မဟာဗုဒ္ဓဝင်)စီစဉ်ထုတ်လုပ်ပြီး ဗုဒ္ဓဘာသာဝင်တိုင်း ဆောင်ထားသင့်သည့် မြတ်ဗုဒ္ဓ၏ အောင်ခြင်းရှစ်ပါး ဗွီစီဒီ၊ ဒီဗွီဒီ အခွေများအား သာသနာတော်ထွန်းကား ပြန့်ပွားရေးဦးစီးဌာနမှ တာဝန်ယူဖြန့်ချိပေးလျက်ရှိသည်။

အဆိုပါ မြတ်ဗုဒ္ဓ၏ အောင်ခြင်းရှစ်ပါး အထူးပူဇော်တင်ဆက်ထားသည့် ဗွီစီဒီအခွေများတွင် မြန်မာ၊ အင်္ဂလိပ်နှစ်ဘာသာဖြင့်လည်းကောင်း၊ ဒီဗွီဒီ အခွေများတွင် မြန်မာ၊အင်္ဂလိပ်၊ ဂျပန်၊တရုတ်၊ကိုရီးယား၊ ထိုင်းဘာသာ ခြောက်မျိုးဖြင့်လည်းကောင်း ဝယ်ယူပူဇော်နိုင်မည်ဖြစ်ပြီး ဝယ်ယူ ပူဇော်လိုသူများသည် သာသနာတော်ထွန်းကားပြန့်ပွားရေး ဦးစီးဌာန ဖုန်း-၆၆၅၃၅၈၊ ၆၆၅၃၅၂၊ (BN Production)ကမ္ဘာအေး ဝိသာခါတန်ဆောင်းအပေါ်ထပ် ဖုန်း-၆၆၅၇၂၅၊ ၆၆၄၃၉၅ တို့နှင့် ရန်ကုန်မြို့ရှိ တန်ခိုးကြီးဘုရားများ၌ ဝယ်ယူပူဇော်နိုင်ကြောင်းသိရသည်။ **(သတင်းစဉ်)**

ရွှေစက်တော်မဟာစည်ရိပ်သာ တရားစခန်းပွဲ

ရန်ကုန် မတ် ၈

အထက်စက်တော်ရာ အတက်(၈) အဝင်ဂိတ် မဟာစည်ရိပ်သာတွင် မကွေးမြို့ ပန်းရစ်တောင် ဆရာတော် အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ပါဠိပါရဂူ ဘဒ္ဒန္တကေသဝ ကြီးမှူး၍ မဟာစည်မွေ ကထိကများဖြင့်မတ်၁၀ ရက်မှသင်္ကြန်ပြီးသည်အထိ တရားစခန်း ဖွင့်လှစ်ထားမည်ဖြစ်ရာ မွှာရုံဒါနဆွမ်းဒါနများလှူဒါန်းပြီး လာရောက်တရားအားထုတ်နိုင်ကြောင်းသိရသည်။**(က-ပ)**

အိုင်တီပညာဖွံ့ဖြိုးရေးဟောပြောမည်

ရန်ကုန် မတ် ၈

မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်း(MCPA)က ကြီးမှူး၍ လစဉ် Seminar နှင့် Workshop များကို ကျင်းပပေးလျက်ရှိရာ "Role of Interaction Design in Modern Software Development Workshop"ကို မတ်၁၂ရက် မွန်းလွဲ ၁နာရီမှ ညနေ၃နာရီအထိ လှိုင်တက္ကသိုလ်နယ်မြေရှိ Myanmar ICT Park (Room-205)၌ ကျင်းပမည်ဖြစ်သည်။ **(သတင်းစဉ်)**

စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းအောင်ဆောင်ရွက် ကျေးလက်ပြည်သူများ ဝင်ငွေတိုးပြီး တိုင်းပြည်စီးပွားရေးပါ တိုးတက်လာမည်

ရန်ကုန် မတ် ၈

ပဲခူးတိုင်း(အနောက်ပိုင်း)ပြည်မြို့၌ ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် ပဲခူးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တောင်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ကိုကို၊ ပဲခူးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(အနောက်ပိုင်းတိုင်းခွဲ)ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်လှမင်းနှင့် အဖွဲ့ဝင်များလိုက်ပါလျက် မတ်၄ရက်နံနက်ပိုင်းက မော်တော်ယာဉ်များဖြင့် ပြည်မြို့မှထွက်ခွာကြရာ နံနက်၈နာရီတွင် ပြည်ခရိုင်ပြည်မြို့နယ် ဇီးအုပ်ကျေးရွာအုပ်စုရှိ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ရေအရင်းအမြစ်အသုံးချရေး ဦးစီးဌာန၏ ဇီးအုပ်လျှပ်စစ်ရေတင်လုပ်ငန်းသို့ ရောက်ရှိကြပြီးရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးသူရက လျှပ်စစ်ရေတင်လုပ်ငန်းဖြင့် ရေသောက်ဧရိယာဧက ၃၀၀သို့ ရေဖြန့်ဝေပေးနေမှုနှင့် အကျိုးပြုဧက ၉၀၀အထိ တိုးချဲ့ပေးပို့နိုင်ရန် စီစဉ်ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ တိုင်းမှူးဗိုလ်ချုပ်ကိုကိုနှင့် အဖွဲ့ဝင်များသည် ဇီးအုပ်လျှပ်စစ်ရေတင်လုပ်ငန်း မြောင်းလက်တံအတွင်း ရေပေးဝေနေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် ဇီးအုပ်လျှပ်စစ်ရေတင်လုပ်ငန်းရှိ ရှင်းလင်းဆောင်သို့ရောက်ရှိကြရာ ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန တိုင်းဦးစီးမှူး ဦးဝင်းဆန်းက ဇီးအုပ်လျှပ်စစ်ရေတင်စီမံကိန်းဧရိယာအတွင်း နွေစပါးလျာထားဧက ၃၀၀ အနက် ၂၁၂ဧက စိုက်ပျိုးပြီးစီးမှုနှင့် ရာသီကုန်အမီ လျာထားဧက အပြည့်အဝ စိုက်ပျိုးနိုင်ရန် စီစဉ်ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြပြီး တိုင်းစိုက်ပျိုးရေး မန်နေဂျာ ဦးစန်းမောင်နှင့် တိုင်းမှူးဗိုလ်ချုပ်ကိုကိုတို့က ဖြည့်စွက်ရှင်းလင်း တင်ပြကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက ဇီးအုပ်လျှပ်စစ် ရေတင်စီမံကိန်းဖြင့် ဧက ၉၀၀အထိ တိုးချဲ့စိုက်ပျိုးကြရန် တာဝန်ရှိသူများအား မှာကြားပြီး နွေစပါးစိုက်ပျိုးပြီးစီးမှုများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ တိုင်းမှူးဗိုလ်ချုပ်ကိုကိုနှင့် အဖွဲ့ဝင်များသည် ဇီးအုပ်ကျေးရွာအုပ်စုနှင့် ငါးရွာကျေးရွာအုပ်စုအကြားရှိ ဧက၅၀၀ တစ်ဆက်တစ်စပ်တည်း စိုက်ပျိုးထားရှိသော ပြည်မြို့နယ် ငါးရွာအုပ်စု၊ ထန်းပေါက်ကျေးရွာ စိုက်ကွင်းရှင်းလင်းဆောင်သို့ ရောက်ရှိကြသည်။

ထို့နောက် ရှင်းလင်းဆောင်၌ ပြည်ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးထွန်းအေးက ပြည်ခရိုင်အတွင်း နွေစပါးလျာထားဧက ၇၂၃၆၂ဧကအနက် ၅၈၅၆၅ဧက စိုက်ပျိုးပြီးစီးမှု အခြေအနေများကိုလည်းကောင်း၊ နွေစပါးအပြည့်အဝ စိုက်ပျိုးနိုင်ရေးအတွက် မြောက်နဝင်းဆည်၊ တောင်နဝင်းဆည်၊ လျှပ်စစ်ရေတင်၊ တမံပိတ်နှင့် အဝီစိတွင်းများဖြင့် ရေရရှိရေး နည်းလမ်းအလိုက် စိုက်ပျိုးပြီးစီးမှု အခြေအနေများကို လည်းကောင်း ရှင်းလင်းတင်ပြရာ ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(အနောက်ပိုင်းတိုင်းခွဲ)ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်လှမင်းနှင့် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုတို့က ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက နွေစပါးစိုက်ပျိုးရန် လျာထားဧက ၇၂၃၆၂ဧကကို ရာသီကုန်အမီ အပြည့်အဝ စိုက်ပျိုးရန်လိုအပ်သကဲ့သို့ ရေသယံဇာတနှင့် မြေသယံဇာတ အနေအထားအရ ဧက ၅၀၀၀ ပိုမိုတိုးချဲ့၍ ၇၇၃၆၂ ဧကအထိစိုက်ပျိုးရန်၊ နွေစပါးစိုက်ရေသောက်ဧရိယာများသို့ ယခုထက်ပိုမို စိုက်ပျိုးရေပေးဝေနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ကြရန် တာဝန်ရှိသူများအား မှာကြားသည်။

တွေ့ဆုံ

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း၊ တိုင်းမှူးဗိုလ်ချုပ်ကိုကိုနှင့် အဖွဲ့ဝင်များသည် နံနက် ၁၀ နာရီတွင် ပြည်ခရိုင် ရွှေတောင်မြို့နယ်သို့ ရောက်ရှိကြပြီး မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် မြို့မိမြို့ဖများအား တွေ့ဆုံသည်။



တိုးတက်ကောင်းမွန်လာမည်

တွေ့ဆုံပွဲတွင် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက အမှာစကားပြောကြားရာ၌ မိမိတို့နိုင်ငံတွင် လူများစုနေထိုင်ရာ ကျေးလက်ဒေသဖွံ့ဖြိုးမှ တိုင်းပြည်ဖွံ့ဖြိုး တိုးတက်မည်ဖြစ်ရာ နိုင်ငံတော်က ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်(၅)ရပ် ကို ချမှတ်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ နိုင်ငံတော်၏စီးပွားရေးသည် လယ်ယာစိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံကြောင်း၊ စိုက်ပျိုးရေးနှင့်မွေးမြူရေးသည် ကျေးလက်၏အဓိကလုပ်ငန်းဖြစ်ရာ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ တိုးချဲ့အောင်မြင်ဖြစ်ထွန်းအောင် ဆောင်ရွက်ခြင်းဖြင့် ကျေးလက်နေပြည်သူများ၏ တစ်ဦးချင်းဝင်ငွေတိုးပြီး တိုင်းပြည်၏စီးပွားရေးပါ တိုးတက်ကောင်းမွန်လာမည်ဖြစ်ကြောင်း။

ထို့ကြောင့် နိုင်ငံတော်ကသတ်မှတ်ပေးထားသည့် အဓိကသီးနှံ ၁၀မျိုး၊ နှစ်ရှည်ပင်သုံးမျိုး၊ အမယ်သစ်သုံးမျိုးတို့အနက် ဒေသနှင့်ကိုက်ညီသည့် သီးနှံများကို တိုးချဲ့စိုက်ပျိုးကြရန်လိုကြောင်း၊ ရွှေတောင်မြို့နယ်အပါအဝင် ပဲခူးတိုင်းတွင် လာမည့်နှစ် ၂၀၀၆-၂၀၀၇ခုနှစ်၌ မိုးစပါးစိုက်ဧက သုံးသန်းစိုက်ပျိုးရန် ရည်မှန်းချက်ထားရှိရာ ရည်မှန်းချက်ပြည့်မီရေးအတွက် နှစ်အလိုက်သတ်မှတ်ဧကရရှိရေး စီမံချက်အတိုင်း ကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်းပြောကြားသည်။

ရွှေတောင်မြို့နယ်တွင် ၂၀၀၄-၂၀၀၅ခုနှစ်၌ နွေစပါးဧက၂၈၅၀ စိုက်ပျိုးရန် လျာထားရာ ၂၈၂၄ဧကစိုက်ပျိုးပြီးစီးနေပြီဖြစ်ပြီး ရာသီကုန်တွင် လျာထားချက် ပြည့်မီကျော်လွန်အောင် စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ တိုင်းမှူး ဗိုလ်ချုပ်ကိုကိုနှင့် အဖွဲ့ဝင်များသည် မွန်းလွဲ ၁၂ နာရီခွဲတွင် နွေစပါး ၁၆၅၈ဧက တစ်ဆက်တစ်စပ်တည်း စိုက်ပျိုးထားရှိသည့် ပေါင်းတည်မြို့နယ် ကြူတောကန်ကျေးရွာအုပ်စု နတ်ပုတီးကျေးရွာ ကွင်းအမှတ်(၁၀၉၂-ဘီ)ရှိ ရှင်းလင်းဆောင်သို့ ရောက်ရှိကြရာ ပေါင်းတည်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမောင်မောင်သက်က နွေစပါးလျာထားဧက ၂၅၈၀၀ အနက် ၂၂၂၈၃ဧက စိုက်ပျိုးပြီးစီးမှု အခြေအနေများနှင့် စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ တိုင်းမှူး ဗိုလ်ချုပ်ကိုကိုနှင့် အဖွဲ့ဝင်များသည် ညနေ ၃နာရီတွင် သာယာဝတီမြို့နယ်သို့ ရောက်ရှိကြပြီး လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၈)က တာဝန်ယူတည်ဆောက်လျက်ရှိသော သုံးဆယ် ရေလှောင်တမံစီမံကိန်း၏ ဆည်ရေသောက်စနစ် တည်ဆောက်မှုလုပ်ငန်းဖြစ်သည့် လက်ယာတူးမြောင်းမကြီး ဖောက်လုပ်မှုလုပ်ငန်းခွင်၌ စက်ယန္တရားများဖြင့် မြေကြီးလုပ်ငန်း ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ တိုင်းမှူးဗိုလ်ချုပ်ကိုကိုနှင့် အဖွဲ့ဝင်များသည် သုံးဆယ်ရေလှောင်တမံ၏ ရေသောက်စနစ်တွင် ပါဝင်သည့် အလျား ၁၀၈ပေ၊ အကျယ် ပေ၁၅၀နှင့် အမြင့် ၂၇ပေရှိ သုံးဆယ်ရေလွှဲဆည်သို့ ရောက်ရှိကြရာ တည်ဆောက်ရေး(၈) ဒုတိယညွှန်ကြားရေးမှူး ဦးကျော်မြင့်လှိုင်က သုံးဆယ်ရေလှောင်တမံစီမံကိန်းဆိုင်ရာ အချက်အလက်များ၊ ဆည်ရေသောက်စနစ် တည်ဆောက်မှုလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း ပဲခူးတိုင်း ပြည်မြို့နယ် ဇီးအုပ်ကျေးရွာအုပ်စု၌ စိုက်ပျိုးအောင်မြင်လျက်ရှိသော နွေစပါးစိုက်ခင်းများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက လုပ်ငန်းများကို ငွေကုန်ကြေးကျသက်သာစွာ စံချိန်စံနှုန်းအပြည့်အဝဖြင့် အချိန်မီအပြီးတည်ဆောက်ရေး တာဝန်ရှိသူများအား မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ တိုင်းမှူးဗိုလ်ချုပ်ကိုကိုနှင့် အဖွဲ့ဝင်များသည် သုံးဆယ်ရေလွှဲဆည်မှ တည်ဆောက်ပြီးဖြစ်သည့် လက်ဝဲတူးမြောင်းမကြီးအတွင်းသို့ ရေစတင်စမ်းသပ်လွှတ်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကြသည်။

အဆိုပါ လက်ဝဲတူးမြောင်းမကြီးမှာ အလျားပေ ၃၂၈၀၀၊ အနက်ပေ ၃၀ နှင့် အောက်ခြေအကျယ် ၁၃၅ ပေရှိပြီး ဆောင်ရွက်ဆဲ လက်ယာတူးမြောင်းမကြီးမှာ အလျားပေ ၁၂၉၀၀ ရှိသည်။ **(သတင်းစဉ်)**

မိုးကုတ်ဝိပဿနာ တရားစခန်းပွဲ

ရန်ကုန် မတ် ၈

ဧရာဝတီတိုင်း ဇလွန်မြို့ မြို့သစ်ခပေါင်းလမ်းရှိ မိုးကုတ်ဝိပဿနာအဖွဲ့ခွဲ(၉၆) ဓမ္မရိပ်သာကြီးတွင် ဧပြီ ၆ရက်မှ မေ ၅ရက်အထိ တစ်လတရားစခန်းပွဲ၌ ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း မိုးကုတ်ဓမ္မကထိက ဦးဉာဏောဘာသ(သန်လျင်)ဆရာတော်က ဟောကြားပြသပြီး မိုးကုတ်ကမ္မဋ္ဌာန်း နည်းပြဆရာကြီးဦးကျော်စိန်(ဗဟန်း)နှင့် ဦးအေးဖေ(မြောက်ဒဂုံ)တို့က အနီးကပ်ကြီးကြပ်၍ သင်ကြားပြသပေးကြမည်ဖြစ်သည်။ တရားစခန်းဝင်ရောက်အားထုတ်လိုသော ယောဂီများသည် အထက်ပါ ရိပ်သာတွင်လည်းကောင်း၊ ဆရာကြီးဦးကျော်စိန် အမှတ်၅၁(ဘီ) ကိုယ့်မင်းကိုယ်ချင်းလမ်း ဗဟန်းမြို့နယ် ရန်ကုန်တွင်လည်းကောင်း၊ ဖုန်း-၅၅၄၄၃၅နှင့် ၅၈၄၈၆၇တို့သို့လည်းကောင်း ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ **(က-ပ)**



ဆုချီးမြှင့်

မတ် ၂၈ရက်က တာမွေမြို့နယ် အမှတ်(၁၁) အခြေခံပညာမူလတန်းကျောင်း မိဘဆရာအသင်းအစည်းအဝေးနှင့် ဘက်စုံပညာရည်ချွန်ဆုပေးပွဲ အခမ်းအနား ကျင်းပရာ ပထမတန်းမှ ဘက်စုံပထမဆုရ ကျောင်းသူ မအေးမြတ်နွယ်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်နန်းခမ်းက ဆုချီးမြှင့်စဉ်။ (က-ပ)

သဃ်န်းကျွန်းမြို့နယ် င/က ရပ်ကွက် အလင်းရောင်ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ၂၀ ရက်က ရပ်ကွက်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ ကျင်းပရာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရန်ကုန်အရှေ့ပိုင်းခရိုင်ဦးစီးအရာရှိ ဦးညွှန့်လှိုင်နှင့် ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစောမြင့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။

(ခရိုင် ပြန်/ဆက်)

အဘိဓမ္မာအခြေခံသင်တန်း

ရန်ကုန် မတ် ၈

ဆူးလေးစေတီတော် ရင်ပြင်တော်ပေါ်ရှိ အဘိဓမ္မာပြန့်ပွားရေးအသင်းကြီး၏ နွေရာသီအခြေခံအဘိဓမ္မာသင်တန်းကို မတ် ၂၈ရက်မှစ၍ မေ ၂၇ရက်အထိ ဗဟန်းလမ်းမကြီးပေါ်ရှိ ရတနာဃရ ဓမ္မဗိမာန်တော်ကြီးတွင် နေ့စဉ်မွန်းတည့်၁၂ နာရီမှ ညနေ ၃နာရီအထိ (စနေ၊ တနင်္ဂနွေနေ့များမှအပ) ဓမ္မဒါနဖွင့်လှစ်ပို့ချမည်ဖြစ်ရာအသင်းကြီးရုံးခန်းနှင့် ဓမ္မဗိမာန်တော်ကြီးရှိ စာကြည့်တိုက်ခန်းမတို့၌ စာရင်းပေးသွင်းနိုင်ကြောင်းသိရသည်။ **(က-ပ)**

စတုပစ္စယရိုးမနေ့စဉ်ဆွမ်းလောင်းအသင်း သံဃာအပါး ၄၀၀ကျော် ဆွမ်းလောင်းလှူမည်

ရန်ကုန် မတ် ၈

မကွေးတိုင်း ရေနံချောင်းမြို့ စတုပစ္စယရိုးမ နေ့စဉ်ဆွမ်းလောင်းအသင်းကြီးသည် ၁၂၇၆ ခုနှစ်မှ စတင်တည်ထောင်ခဲ့ပြီး နှစ်ပေါင်း ၉၀တိုင်အောင် အရှည်ခံ့၍တည်တံ့ရန်အတွက် အထောက်အပံ့ပြုခဲ့သော ဩဝါဒါစရိယ ဆရာတော်များ၊ အသင်းထောက် နာယကဆရာတော်များ၊ နှစ်စဉ်ဆွမ်းဆန်တော်အလှူခံပေးခဲ့ကြသည့် ဓမ္မာစရိယဆရာတော်များ၊ ဓမ္မကထိက ဆရာတော်များ အပါအဝင် သံဃာတော်အပါး၄၀၀ကျော်တို့အား ဧပြီ ၃ ရက်တွင် တစ်ပါးလျှင် သင်္ကန်း၊ ထီး၊ ဖိနပ်၊ လက်ဆွဲအိတ်၊ (တန်ဖိုးငွေ ကျပ်၁၀၀၀၀)၊ အရုဏ်ဆွမ်း၊ နေ့ဆွမ်း(တန်ဖိုးငွေကျပ်၁၅၀၀)တို့ဖြင့် လှူဒါန်းပူဇော်မည်ဖြစ်သည်။ လှူဒါန်းပူဇော်လိုသူများသည် ရန်ကုန်မြို့ ဦးလှရွှေ ဖုန်း-၀၁-၅၇၂၄၄၀၊ ဦးတင်မောင်သန်း ဖုန်း-၀၁-၆၈၀၉၀၉၊ မန္တလေးမြို့ ဦးမောင်မောင် ဖုန်း-၀၂-၃၁၈၃၆၊ ဦးသောင်းညွန့် ဖုန်း- ၀၂-၂၂၂၈၀နှင့် ရေနံချောင်းမြို့ ဦးပြုံး ဖုန်း-၀၆၀-၂၁၃၇၁တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့ အခမ်းအနားကျင်းပ

ရန်ကုန် မတ် ၈

မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီက ကြီးမှူးကျင်းပသည့် ၂၀၀၅ခုနှစ် အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ အခမ်းအနားကို ယနေ့နံနက် ၉နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ အပြည်ပြည်ဆိုင်ရာစီးပွားရေး လုပ်ငန်းဗဟိုဌာန(I BC)၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီ ဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွား၊ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီ ဝင်များနှင့် လုပ်ငန်းကော်မတီဝင်များ၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် နာယကများ၊ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ အထွေထွေအတွင်းရေးမှူးနှင့် ဗဟိုအလုပ်အမှုဆောင်များ၊ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာလုပ်ငန်းကော်မတီ အကြံပေးပုဂ္ဂိုလ်များ၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ သံတမန်အဖွဲ့နာယက ဖိလစ်ပိုင်နိုင်ငံသံအမတ်ကြီး Mme. Phoebe A. Gomez°နှင့် အမျိုးသမီးသံအမတ်ကြီးများ၊ သံအမတ်ကြီးများ၏ဇနီးများ၊ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများမှဌာနေကိုယ်စားလှယ်များနှင့် ၎င်းတို့၏ဇနီးများ၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ လူမှုရေး အသင်းအဖွဲ့များမှ ကိုယ်စားလှယ်များ၊ အပြည်ပြည်ဆိုင်ရာ အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ နိုင်ငံ့ဝန်ထမ်းများနှင့် အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အဖွင့်အမှာစကားပြော

အခမ်းအနားတွင် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီ ဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွားက အဖွင့်အမှာစကားပြောကြားသည်။ **(အောက်ပုံ)**

ထို့နောက်ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်က ပေးပို့သောသဝဏ်လွှာကို ယာယီကုလသမဂ္ဂ ညှိနှိုင်းရေးမှူး Ms. Caroll C. Long က ဖတ်ကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

အရှင်ဇဝန(ပဲခူး)၏ ဓမ္မခရီးစဉ်

ရန်ကုန် မတ် ၈

နယ်လှည့်သာသနာပြု ဓမ္မကထိက အရှင်ဇဝန(ပဲခူး)သည် မတ်၁၂ရက်တွင် မရမ်းကုန်းမြို့နယ် (၈)ရပ်ကွက် ဘုရားကြီးလမ်း ရေကူး မြို့မကျောင်းတိုက်၊ မတ်၁၄၊ ၁၅ရက်များတွင် လက်ပံတန်းမြို့နယ် အောင်မြေကျေးရွာ သီဝါရုံကျောင်း ကမ္ဘာ့ရန်ပြေဘုရားကြီး၊ ၁၆ ရက်တွင် ပေါင်းတည်မြို့နယ် သဖန်းချိုကျောင်း ရေစက်ချပွဲ၊ မတ်၂၁၊၂၂ ရက်များတွင် ကရင်ခြံရွာ၊ ၂၃ရက်တွင် ညောင်လှကျေးရွာ ညောင်လှကျောင်း၊ ၂၄ရက်တွင် ကြို့ပင်ကောက်မြို့ ထူပါရုံစေတီရင်ပြင်၊ ၂၅ရက်တွင် မိုးညှင်းမြို့နယ် မဒေါ်ကျေးရွာ ဗဟုနိမ္မိတရုပ်ပွားတော် မဟာစကျွဒါနအလှူတော်၊ ဧပြီ၂၊၃၊၄ ရက်တွင် မိတ္ထီလာမြို့နယ် အင်အုန်းကျေးရွာ ပုဏ္ဏားဝင်ကျောင်းတို့၌ ညစဉ်၇ နာရီခွဲ၌ တရားဓမ္မများ ဟောကြား ချီးမြှင့်တော်မူမည်ဟုသိရသည်။ **(က-ပ)**

ကွမ်းခြံကုန်းမြို့ မဟာတိလောကမှန်ကူသွန်းဘုရားကြီး နှစ်(၁၀၀)ပြည့် ဗုဒ္ဓပူဇနီယပွဲတော်ကျင်းပမည်

ရန်ကုန် မတ် ၈

ကွမ်းခြံကုန်းမြို့၏ မြို့ကျက်သရေဆောင်ဖြစ်တော်မူသော မဟာတိလောကမှန်ကူသွန်းဘုရားကြီး၏ နှစ်(၁၀၀)ပြည့် ရာပြည့်ဗုဒ္ဓပူဇနီယပွဲတော်ကို တပေါင်းလဆန်း ၁၀ ရက်မှ တပေါင်းလပြည့်ကျော် ၂ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

တပေါင်းလဆန်း ၁၀ ရက်တွင် အရှင်ဣန္ဒက(တွံတေးဆရာတော်)၏ တရားပွဲ၊ တပေါင်းလဆန်း ၁၁ ရက်တွင် အရှင်ဆေကိန္ဒ(ကထိက၊ ထေရဝါဒ-ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်) ဆရာတော်တို့၏ တရားပွဲကို ကျင်းပမည်ဖြစ်သည်။ တပေါင်းလဆန်း ၁၂ရက်တွင် ပဌာန်းပွဲကျင်းပ၍ ဘုရားကို တရားဖြင့် ပူဇော်မည်ဖြစ်ပြီး၊ သံဃာတော် အရှင်မြတ်တို့အား နေ့ဆွမ်းဆက်ကပ်၍ စတုဒိသာကျွေးမွေးမည် ဖြစ်သည်။ တပေါင်းလဆန်း ၁၃ရက်တွင် သင်းကျစ်တော်၊ မကိုဋ်တော်၊ စလွယ်တော် နှစ်ကျိပ်ရှစ်ဆူဘုရားများ ရပ်ကွက်အသီးသီးသို့ အပူဇော်ခံကြွရောက်မည် ဖြစ်သည်။

တပေါင်းလပြည့်နေ့ နံနက် ၇နာရီမှစတင်၍ ဘုရားအနေကဇာတင် ရေစက်ချတရားပွဲ ကျင်းပမည်ဖြစ်ရာ အခမ်းအနားတွင် 'ထူးမခြားနား' ဖြင့်ဖွင့်၍ ဓမ္မတေး၊ ရတု၊ ပိုဒ်စုံ၊ ကျူးရင့်သံများဖြင့် ဖြေဖျော်ဖွင့်လှစ်သွားမည်။ တပေါင်းလဆန်း ၁၂ ရက်မှ တပေါင်းလပြည့်ကျော် ၂ ရက်အထိ အလှူရှင်များမှ ခြောက်ရက် တိုင်တိုင် စတုဒိသာဖြင့် ဧည့်ခံကျွေးမွေးမည်ဟု သိရသည်။ **(က-ပ)**

ကျန်းမာရေးအကြောင်း သိကောင်းစရာ ဟောပြောပွဲကျင်းပ

ရန်ကုန် မတ် ၈

ကျန်းမာရေးအကြောင်း သိကောင်းစရာဟောပြောပွဲကို ရန်ကုန်မြို့ Grand Plaza Park Royal Ball Room၌ မတ်၆ရက် ညနေ၃နာရီတွင် ကျင်းပ သည်။ **(အောက်ပုံ)**

အဆိုပါဟောပြောပွဲတွင် Dr. Sujit Banyatpiyaphod မှ What We are doing at Bangkok Heart Hospital ခေါင်းစဉ်ဖြင့် တစ်ခေတ်ဆန်းလာသည့် နှလုံးသွေးကြောကျဉ်း ရောဂါကုသမှုနှင့် အသစ်ထပ်မံဖွင့်လှစ်လိုက်သော ဗန်ကောက်နှလုံး အထူးကုဆေးရုံသစ်ကြီး၏ ဝန်ဆောင်မှုများကိုလည်းကောင်း၊ Dr. Kham-noon Atipas က Bangkok Lasik Centre for all about your eyes ခေါင်းစဉ်ဖြင့် မျက်ကြည်လွှာအား လေဆာရောင်ခြည်ဖြင့် ကုသပေးခြင်းများကိုလည်းကောင်း ရှင်းလင်းတင်ပြသွားသည်။ အဆိုပါပွဲသို့ ဖိတ်ကြားထားသူ ဆရာဝန်ကြီးများ၊ စိတ်ဝင်စားသူများတက်ရောက်ခဲ့ကြကြောင်းနှင့် အသေးစိတ်သိရှိလိုပါက မြန်မာပြည်ရုံးခွဲ ဖုန်း-၂၀၂၁၂၀ သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

ဝါးခယ်မမြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည် အစည်းအဝေးကျင်းပမည်

ရန်ကုန် မတ် ၈

ဝါးခယ်မမြို့နယ်အသင်း(ရန်ကုန်)၏ (၅၄)ကြိမ်မြောက် နှစ်ပတ်လည် အစည်းအဝေးကို မတ်၂၀ရက်(တနင်္ဂနွေနေ့)နံနက်၈နာရီတွင် ပန်းဘဲတန်းမြို့နယ် သိမ်ကြီးဈေးမဟာသိမ်တော်ကြီး၌ ကျင်းပရန် စီစဉ်ထားသည်။

အသက်(၇၅)နှစ်ပြည့်ပြီး အသင်းဝင်များအား သက်ကြီးပူဇော်ပွဲ၊ တက္ကသိုလ်ဝင်စာမေးပွဲ၌ ဂုဏ်ထူးရရှိသော အသင်းဝင်များ၏ သားသမီးများအား ပညာရည်ချွန်ဆုချီးမြှင့်ပွဲ၊ စီမံထူးချွန်ဆုနှင့် လူမှုထူးချွန်ဆု ရရှိသူများအား ဂုဏ်ပြုပွဲများ ကျင်းပမည်ဖြစ်သည်။

အသက်(၇၅)နှစ်နှင့်အထက် ကန်တော့ခံမည့်သက်ကြီးများနှင့်၂၀၀၄ခုနှစ်တွင် ကျင်းပသော တက္ကသိုလ်ဝင်စာမေးပွဲ၌ ဂုဏ်ထူးရရှိကြသော ကျောင်းသူကျောင်းသားစာရင်းကို မတ် ၁၅ရက်နောက်ဆုံးထား၍ ဝါးခယ်မမြို့နယ်အသင်း(ရန်ကုန်)အသင်းတိုက် ဖုန်း-၂၂၆၅၉၀သို့ ဆက်သွယ်ပေးပို့နိုင်ကြောင်း၊ အသင်းကြီး၏ (၁၂)ကြိမ်မြောက် ဆရာကန်တော့ပွဲကို ဝါးခယ်မမြို့၌ မေ ၁ရက်တွင် လည်းကောင်း၊ ရန်ကုန်မြို့၌ မေ ၈ရက်တွင် လည်းကောင်း ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

တိုက်ဂါး-မြန်မာအပျော်တမ်း ဂေါက်သီးရိုက်ပြိုင်ပွဲ ဒုတိယနေ့(၁၈)ကျင်းပြိုင်ပွဲ ဆက်လက်ယှဉ်ပြိုင်

Tiger Golf

ရန်ကုန် မတ် ၈

မြန်မာနိုင်ငံဂေါက်သီးရိုက်အဖွဲ့ချုပ်ကကြီးမှူး၍ ၂၀၀၅ခုနှစ် တိုက်ဂါး-မြန်မာ အပျော်တမ်းတံခွန်စိုက် ဂေါက်သီးရိုက်ပြိုင်ပွဲကို ယနေ့နံနက် ၈ နာရီခွဲတွင် ရန်ကုန်မြို့ တညင်းကုန်းရှိ ရန်ကုန်ဂေါက်ကလပ်၌ ဆက်လက်ကျင်းပသည်။

ဦးဆောင်

ဒုတိယနေ့ ၁၈ ကျင်းပြိုင်ပွဲအပြီးတွင် သိန်းဇော်မြင့်က ၇၃+၇၄ ပေါင်း ၁၄၇ ချက်ဖြင့် ဦးဆောင်ကစားလျက်ရှိသည်။

ခင်ဇော်ဝင်းက ၇၂+၇၆ ပေါင်း ၁၄၈ ချက်ဖြင့် ဒုတိယလိုက်ပြီး အောင်ဝင်း(မုံရွာ)က ၇၇+၇၂ ချက်၊ နေလင်းထွန်းက ၇၇+၇၂ ချက်နှင့် ကျော်သီဟက ၇၆+၇၃ ပေါင်း ၁၄၉ ချက်စီဖြင့် တတိယလိုက်နေကြသည်။

ယင်းပြိုင်ပွဲ၏ Title Sponsor အဖြစ် Myanmar Brewery Ltd. က အဓိကပံ့ပိုးကူညီပြီး Co-Sponsors များအဖြစ် Air Mandalay Ltd.၊ Dusit Inya Lake Hotel၊ Ping ၊ Srixon နှင့် ACCEL International Co., Ltd.(Canon)၊ Popa Aqua Purified Drinking Water တို့ကလည်း ထပ်မံ၍ ကူညီပံ့ပိုးကြပြီး ပြိုင်ပွဲဖြစ်မြောက်အောင်မြင်ရေးအတွက်(Organized by Han Event Management)က တာဝန်ယူဆောင်ရွက်ပေးလျက်ရှိသည်။

ဆက်လက်ကျင်းပမည်

ယင်းပြိုင်ပွဲကို မတ်၉ ရက် နံနက် ၈ နာရီခွဲတွင် ယင်းဂေါက်ကွင်း၌ ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



၂၀၀၅ ခုနှစ် တိုက်ဂါး-မြန်မာ ဂေါက် သီး ရိုက် ပြိုင်ပွဲ ဒုတိယနေ့ ၁၈ ကျင်းပြိုင်ပွဲ အပြီးတွင် ဦး ဆောင် က စား လျက် ရှိ သော သိန်း ဇော် မြင့်၏ ရိုက်ဟန်။

(ဂေါက်သီးရိုက် အဖွဲ့ချုပ်)

အရှင်ဥတ္တရ(မဟာစည်)တရားပွဲ

ရန်ကုန် မတ် ၈

ဗဟန်းမြို့နယ် မဟာစည်သာသနာ့ရိပ်သာ သီတာအေးကျောင်း ဆရာတော်အရှင်ဥတ္တရ(သာသနဓဇ ဓမ္မာစရိယ)သည် မတ် ၁၁ရက်မှ ၂၁ ရက်အထိ ကျောက်တန်းမြို့နယ် မင်္ဂလွန်းကျေးရွာတရားစခန်း၊ ၁၅ ရက်မှ ၁၇ရက်အထိ ရခိုင်ပြည်နယ် သံတွဲမြို့ စာပြန်ပွဲဓမ္မသဘင်၊ မတ် ၂၈ရက်မှ ဧပြီ ၅ရက်အထိ တောင်ငူမြို့ မင်းကြီးညို့ရပ်ကွက် အေးကမ္ဘာမဟာစည် တရားစခန်း၊ ဧပြီ ၆ရက်မှ ၁၂ရက် အထိ ကျောက်တန်းမြို့နယ် ရွာသစ်ကြီးကျေးရွာ တရားစခန်း၊ ၁၃ရက်မှ ၁၇ရက်အထိ မြောက်ဥက္ကလာပမြို့နယ် ပြည့်စုံအေးမဟာစည် ရိပ်သာတရားစခန်းတို့တွင် တရားတော်များ ဟောကြားမည်ဖြစ်သည်။ **(က-ပ)**

ပဲခူးတိုင်း(အနောက်ပိုင်း)စည်ပင်သာယာရေး အဖွဲ့ နှင့် သာယာဝတီခရိုင် ရှစ်မြို့နယ် စည်ပင်သာယာရေး အဖွဲ့ များ လုပ်ငန်း ညှိနှိုင်း အစည်း အဝေးကို ဖေဖော်ဝါရီ ၉ရက်က ကြို့ပင်ကောက် မြို့နယ် စည်ပင်သာယာရေးအဖွဲ့ရုံး၌ ကျင်းပရာ ညွှန်ကြားရေးမှူး ဦးစိုးလွင်က မြို့ပြ၊ ကျေးလက်၊ လမ်းတံတား၊ ရေပေးရေးနှင့် သန့်ရှင်းသာယာလှပရေး လုပ်ငန်းများ ညှိနှိုင်းဆွေးနွေးစဉ်။ (မြို့နယ် စည်ပင်)

မွန်ပြည်နယ် ဆန်လှူအသင်း ဆွမ်းဆန်တော်လောင်းလှူမည်

မော်လမြိုင် မတ် ၅

မွန်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ဦးဆောင်မှုဖြင့် နှစ်စဉ်ကျင်းပမြဲဖြစ်သော မွန်ပြည်နယ် ဆန်လှူအသင်း၏ (၂၃)ကြိမ်မြောက် ပရိယတ္တိစာသင်တိုက်ကျောင်းများရှိ ဂိုဏ်းပေါင်းစုံ သံဃာတော်နှင့် သီလရှင်များအား ပူဇော်ပွဲနှင့်မော်လမြိုင်မြို့နယ် လေးလပတ် ဆွမ်းဆန်တော်လောင်းလှူပွဲကို ဧပြီ၂၄ရက် နှင့် ၂၅ရက်များတွင် မော်လမြိုင်မြို့ ဒိုင်းဝန်ကွင်းရှိ ဖလ်ယဉ်ဓမ္မာရုံတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

အဆိုပါဆွမ်းဆန်တော် လောင်းလှူပွဲတွင် မွန်ပြည်နယ် ၁၀မြို့နယ်မှ ဂိုဏ်းပေါင်းစုံသြဝါဒါစရိယဆရာတော်များ၊ နာယကဆရာတော်များ၊ မွန်ပြည်နယ် ၁၀မြို့နယ်မှစာသင်တိုက်များနှင့် မော်လမြိုင်မြို့နယ်ရှိ သံဃာတော်များနှင့် သီလရှင်များအား ဆွမ်းဆန်တော်များ လောင်းလှူကြမည်ဖြစ်သည်။

အဆိုပါ ဆွမ်းဆန်တော် လောင်းလှူပွဲတွင် ပါဝင်လှူဒါန်းလိုသူများသည် မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီး စိုးမြင့်အောင် ဖုန်း- ၀၅၇-၂၁၁၄၄နှင့် မွန်ပြည်နယ် ဆန်လှူအသင်းဥက္ကဋ္ဌ ဦးဝင်းရွှေ ဖုန်း- ၀၅၇-၂၁၈၉၇တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရခိုင်ပြည်နယ် လက်ထောက်ညွှန်ကြားရေးမှူး ဦးငွေထွန်းက ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး၏ မှာကြားချက်များကို ဖေဖော်ဝါရီ ၂၁ရက်က ခရိုင်၊ မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးများအား ပြည်နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုံးခန်းမတွင် ထပ်ဆင့်ရှင်းလင်းစဉ်။
(ခရိုင် ပြန်/ဆက်)

ရမ်းဗြဲမြို့ ကျေးရွာစာကြည့်တိုက်များ ရေရှည်တည်တံ့ရေး စာအုပ်များ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကျင်းပ

ရမ်းဗြဲ ဖေဖော်ဝါရီ ၂၈

ရခိုင်ပြည်နယ် ရမ်းဗြဲမြို့နယ်ရှိ ကျေးရွာအုပ်စုများတွင် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် ၅၄ခုဖွင့်လှစ်ခဲ့ပြီး ကျေးရွာစာကြည့်တိုက်များ ရေရှည်တည်တံ့ရေးအတွက် စာအုပ်လှူဒါန်းပွဲအခမ်းအနားကို ဇန်နဝါရီ ၃၀ရက်က ရမ္မာဝတီခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြန်မာ့လယ်ယာ စိုက်ပျိုးရေးဘဏ်မန်နေဂျာ ဦးသာစိန်ထွန်းက မဂ္ဂဇင်း၊ ဂျာနယ်စာအုပ် ၁၀၀ကို လည်းကောင်း၊ မြို့နယ် စာရင်းစစ်မှူး ဦးလှထွန်းဖြူက မဂ္ဂဇင်းစာအုပ် ၅၀ကိုလည်းကောင်း၊မြို့နယ်တိရစ္ဆာန်မွေးမြူရေးနှင့် ဆေးကုသရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်အေးက မဂ္ဂဇင်း၊ ဂျာနယ် အုပ် ၅၀ကို လည်း ကောင်း၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူးဦးတင်ရွှေက စာကြည့်တိုက်များအတွက် စာအုပ်၊ ဂျာနယ်၊ မဂ္ဂဇင်းစာအုပ် ၂၇၀၀ကို လည်းကောင်း၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း မြို့နယ်အလုပ်အမှုဆောင်ဦးကျော်မင်းက ဂျာနယ် ၁၅၀ကိုလည်းကောင်း၊ စုစုပေါင်း အုပ် ၃၀၅၀ကို ကျေးရွာစာကြည့် တိုက်မှူးများသို့ မြို့နယ်ဦးစီးမှူး ဦးတင်ရွှေက ပေးအပ်လှူဒါန်းကြောင်း သိရသည်။
(မြို့နယ် ပြန်/ဆက်)

မအူပင်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် စာအုပ်လှူဒါန်းပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၆ရက်က မအူပင်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး၌ ကျင်းပရာ မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးကျင်ဝင်း (ကျင်ဝင်းငြိမ်း၊ မအူပင်)က ငွေကျပ် ၆၀၀၀၀တန်ဖိုးရှိ သုတ၊ ရသ စာအုပ်မျိုးစုံကို ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးအရာရှိ ဒေါ်ငွေခင်သို့ ပေးအပ်လှူဒါန်းစဉ်။ (၄၂၁)

ကမမောင်းမြို့တွင် ကျေးရွာစာကြည့်တိုက်ဖွင့်

ကမမောင်း ဖေဖော်ဝါရီ ၂၈

ဘားအံခရိုင် ကမမောင်းမြို့ ကွင်းဒလကျေးရွာအုပ်စု ရေပူကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲကို ဖေဖော်ဝါရီ၂၂ရက်က ဘုန်းတော်ကြီးကျောင်းတွင်ကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးစနိုင်ဝင်း၊ အခြေခံပညာမူလတန်းကျောင်း ကျောင်းအုပ်ကြီး ဦးကျော်အေးနှင့် ရပ်မိရပ်ဖ ဦးမောင်သောင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ပေးအပ်လှူဒါန်း

အခမ်းအနားတွင် စာကြည့်တိုက်ဖွင့်လှစ်ရခြင်းရည်ရွယ်ချက်နှင့် ပတ်သက်၍ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူးက ရှင်းလင်းပြောကြားပြီး စာကြည့်တိုက်အတွက် စာအုပ်၊ မဂ္ဂဇင်းနှင့် ဂျာနယ်များ ပေးအပ်လှူဒါန်းကြောင်း သိရသည်။ **(အောက်ပုံ)** **(မြို့နယ် ပြန်/ဆက်)**

လေးမျက်နှာမြို့ ဘုရင့်နောင်လမ်း ကျောက်ချောလမ်းသစ်ဖွင့်

လေးမျက်နှာ ဖေဖော်ဝါရီ ၂၀

(၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် လေးမျက်နှာမြို့နယ်တွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ရန်ပုံငွေဖြင့် ဆောင်ရွက်သော ဘုရင့်နောင်လမ်း ကျောက်ချောလမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၀ရက်က ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးပေါက်ကျော်နှင့် မြို့နယ်စည်ပင် သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမက်အာသာတို့က ကျောက်ချောလမ်းသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။
(မြို့နယ် စည်ပင်)

အမြို့မြို့ အနယ်နယ် သတင်းများ

ပန်းအလှပင်နှင့် အရိပ်ရပင်များ စုပေါင်းစိုက်ပျိုး

မချမ်းဘော ဖေဖော်ဝါရီ ၂၈

မချမ်းဘောမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် မြို့သန့်ရှင်းသာယာလှပရေးအတွက် ပန်းအလှပင်များနှင့် အရိပ်ရပင်များကို စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများဖြင့် စုပေါင်းစိုက်ပျိုးကြရာ ဖေဖော်ဝါရီ၁၅ရက်က မြို့နယ် စည်ပင်သာယာရေးအဖွဲ့ တာဝန်ခံ အင်ဂျင်နီယာ ဦးစိုင်းရဲဝင်းနိုင်က ကြီးကြပ်ဆောင်ရွက်ပေးကြောင်း သိရသည်။ **(နယ်စပ်/စည်ပင်)**

သန်လျင်မြို့နေ ပြည်သူများ သွားလာမှု လွယ်ကူစေရေးအတွက် ဇန်နဝါရီ၂၄ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ လမ်းသစ်လမ်းအား ကျောက်လမ်းမှ ကတ္တရာလမ်း အဆင့်မြှင့်ခင်းခြင်း လုပ်ငန်း ဆောင်ရွက်ကြစဉ်။ (မြို့နယ် စည်ပင်)

ကွင်းဆင်းကြီးကြပ်

မော်ဘီမြို့ သာယာကုန်း-မိုးကြိုးပစ် ကျေးရွာချင်းဆက် ဂဝံလမ်း ပြုပြင်ခြင်းလုပ်ငန်းကို ဖေဖော်ဝါရီ ၁၅ရက်က အမှုဆောင်အရာရှိ ဦးမိုးကျော်၊ လက်ထောက်အင်ဂျင်နီယာ ဦးစိုးသိမ်းနှင့် ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဌေးဝင်းတို့ ကွင်းဆင်း ကြီးကြပ်ဆောင်ရွက်ပေးစဉ်။
(မြို့နယ် စည်ပင်)

အကြို အခြေခံမီးသတ်သင်တန်းဆင်း

ထားဝယ် ဖေဖော်ဝါရီ ၂၈

ထားဝယ်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကြီးမှူး၍ မြို့နယ်မီးသတ်တပ်ဖွဲ့က ဦးဆောင်ဖွင့်လှစ်သည့် (၄/၂၀၀၅) အကြို အခြေခံမီးသတ်သင်တန်းဆင်းပွဲကို ဖေဖော်ဝါရီ၂၄ရက်က ဒေါင်းငူ/တံငါရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်ဥက္ကဋ္ဌ ဦးသိန်းထွန်းလွင်နှင့် ထားဝယ်ခရိုင် မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးအောင်ကြင်ထွန်းတို့က အမှာစကားပြောကြားကြပြီး သင်တန်းသားများအား သင်တန်းဆင်း လက်မှတ်များ ပေးအပ်ချီးမြှင့်ကြသည်။ အဆိုပါသင်တန်းသည် စွမ်းရည်ပြည့်ဝသော အရန်မီးသတ်တပ်ဖွဲ့ဝင်များဖြစ်စေရေး ရည်ရွယ်ချက်ဖြင့် ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး သင်တန်းသို့ သင်တန်းသား ၄၀ တက်ရောက်ခဲ့ကြောင်း သိရသည်။ **(က-ပ)**

တောင်တွင်းကြီးမြို့ ပြည်သူ့ဆေးရုံတွင် မျက်စိအခမဲ့ ခွဲစိတ်ကုသပေး

တောင်တွင်းကြီး ဖေဖော်ဝါရီ ၂၈

ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးဦးစီးဌာန၏စီစဉ်မှုဖြင့် မျက်စိဆရာဝန်ကြီး ပါမောက္ခ ဒေါက်တာ ဦးသန်းအောင်နှင့် ပါမောက္ခဒေါက်တာ ဦးမြအောင်တို့ ဦးဆောင်သော မျက်စိအထူးကုဆရာဝန်အဖွဲ့သည် မကွေးတိုင်း တောင်တွင်းကြီးမြို့နယ် ပြည်သူ့ဆေးရုံတွင် ဖေဖော်ဝါရီ ၁၀ ရက်မှ ၁၂ ရက်အထိ ပြင်ပလူနာစုစုပေါင်း ၁၃၇ ဦးကို ကြည့်ရှုစစ်ဆေးရာ အတွင်းတိမ်လူနာ ၅၆ ဦးနှင့် မျက်စိစွေစောင်း လူနာတစ်ဦး စုစုပေါင်း ၅၇ဦးအား အခမဲ့ခွဲစိတ်ကုသပေးကြသည်။ (အောက်ပုံ)



ဆောင်ရွက်ပေး

ထိုသို့ခွဲစိတ်ကုသရာတွင် မကွေးခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ တောင်တွင်းကြီးမြို့နယ်ဥက္ကဋ္ဌ ဦးခင်မောင်ဦးနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မြို့နယ်ဆရာဝန်နှင့် ကျန်းမာရေး ဝန်ထမ်းများက လိုအပ်သည်များကို ကူညီပံ့ပိုးဆောင်ရွက်ပေးကြကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ဖေဖော်ဝါရီ ၁၈ရက်က မော်လမြိုင်မြို့ ဆံတော်ရှင် ကျိုက်သုတ်စေတီတော်တွင် ရှင်ဥပဂုတ္တကျောင်းဆောင် ပြုပြင်ရန်အတွက် ရန်ကုန်မြို့နေ ဦးစိုးနိုင်၊ ဒေါ်ခင်မြင့်ဝင်း မိသားစုနှင့် မောင်နှမတစ်စုတို့က ငွေကျပ် ၃၄၀၀၀၀ ကို ပေးအပ်လှူဒါန်းရာ ကျိုက်သုတ်စေတီတော် ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးရွှေရင်က လက်ခံရယူစဉ်။ (၁၆၈)

အထူးစုံစမ်းစစ်ဆေးရေး ဦးစီးဌာန ရှမ်းပြည်နယ်ရုံး ဝန်ထမ်းမိသားစုများအား နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်ပွဲကို ဖေဖော်ဝါရီ ၂၇ ရက်က တောင်ကြီးမြို့ ပြည်နယ်ရုံးအစည်းအဝေးခန်းမ၌ ကျင်းပရာ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဦးစီးဌာနမှူး ဦးဘခင်က ဝန်ထမ်းမိသားစုများကိုယ်စား ပြည်နယ်ဦးစီးဌာနမှူး ဒုတိယညွှန်ကြားရေးမှူး ဦးနိုင်မင်းထံ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်စဉ်။ (က-ပ)

ကျေးလက်ရေရရှိရေး လက်နှိပ်တုံကင်ဖွင့်

မင်းကင်း ဖေဖော်ဝါရီ ၂၇

(၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ကိုဂုဏ်ပြုသောအားဖြင့် မင်းကင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ကျေးလက်ဒေသ ရေရရှိရေးအတွက် နိုင်ငံတော် ထောက်ပံ့ငွေဖြင့် ဆောင်ရွက်ခဲ့သော ဇီးကုန်းကျေးရွာ လက်နှိပ်တုံကင်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၁ ရက်က ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်နိုင်နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးအောင်နိုင်မိုးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

နယ်လှည့်အဓိဋ္ဌာန် တရားပွဲ ကျင်းပမည်

ကျောက်ပန်းတောင်း ဖေဖော်ဝါရီ ၂၈

မန္တလေးတိုင်း ကျောက်ပန်းတောင်းမြို့ သဲအင်းအရှင်ဓမ္မသာမိ (မဟာကမ္မဋ္ဌာနာစရိယ)ဆရာတော်၏ နယ်လှည့်တရားပွဲများကို မကွေးတိုင်း ရေနံချောင်းမြို့ ရတနာဂီရိကျောင်းတွင် မတ် ၁၀ ရက်မှ ၁၈ ရက်အထိ အဓိဋ္ဌာန်တရားပွဲကို ကျင်းပမည်ဖြစ်ပြီး မတ် ၁၉ ရက်မှ ၂၄ ရက်အထိ ရေနံချောင်းမြို့နယ် သပြေတွင်ကျေးရွာ၌ လည်းကောင်း၊ မတ် ၂၅ ရက်မှ ၂၈ ရက်အထိ ရေနံချောင်းမြို့ သံကန်ကုန်းရပ်ကွက်တွင် လည်းကောင်း၊ မတ် ၃၀ ရက်မှ ဧပြီ ၆ ရက်အထိ ကျောက်ပန်းတောင်းမြို့နယ် ပွေးကျစ်ကျေးရွာတွင် လည်းကောင်း၊ ဧပြီ ၁၀ ရက်မှ ၁၉ ရက်အထိ ကျောက်ပန်းတောင်းမြို့ သဲအင်းဂူ ဝိပဿနာ ရိပ်သာတွင် လည်းကောင်း၊ ၂၀ ရက်မှ ၂၅ ရက်အထိ ရေနံချောင်းမြို့ လက်မှတ်ကုန်းရပ်ကွက်တွင် လည်းကောင်း၊ ဧပြီ ၂၈ ရက်မှ မေ ၈ ရက်အထိ ဆိပ်ဖြူမြို့နယ် အလိုတော်ပေါက် ဘုရားကြီးတွင် အဓိဋ္ဌာန်ပွဲကို လည်းကောင်း၊ မေ ၁၄ ရက်မှ ၂၅ ရက်အထိ ရေနံချောင်းမြို့ ကျောက်မဆင်ရပ်ကွက်တို့တွင် နိဗ္ဗာန်ရောက်ကြောင်း တရားပွဲများကို ဟောကြားမည်ဖြစ်ကြောင်း သိရသည်။

(ဝ၆၁)

အမြို့မြို့ အနယ်နယ် သတင်းများ

စစ်ကိုင်းတိုင်း ချောင်းဦးမြို့ အမှတ်(၅)အခြေခံပညာမူလတန်းကျောင်းတွင် ဇန်နဝါရီ ၁၆ရက်က ပညာရေးစုံညီပွဲတော်ကျင်းပရာ ကုလသမဂ္ဂအထိမ်းအမှတ်နေ့ မှတ်ဉာဏ်စွမ်းရည် ပြိုင်ပွဲဆုနှင့် ဘက်စုံ ပညာထူးချွန်ဆုရ မောင်မိုးပိုင်စိုး(စတုတ္ထတန်း)အား ကျောင်းအုပ်ဆရာကြီး ဦးစန်းမောင်က ဆုချီးမြှင့်စဉ်။ (က-ပ)

အငြိမ်းစားဆရာကြီး၊ ဆရာမကြီးများအား ပူဇော်ပွဲ မော်လမြိုင်ကျွန်း အထက(၁)တွင် ကျင်းပ

မော်လမြိုင်ကျွန်း ဖေဖော်ဝါရီ ၂၈

မော်လမြိုင်ကျွန်း အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းတွင်တာဝန်ထမ်းဆောင်ခဲ့သော အငြိမ်းစား ဆရာကြီး၊ ဆရာမကြီးများအား (၂၁)ကြိမ်မြောက် ပူဇော်ကန်တော့ပွဲကို ဇန်နဝါရီ ၂၉ရက် ညနေ ၅နာရီက ကျောင်းရင်ပြင်၌ ကျင်းပရာ အငြိမ်းစားဆရာကြီး၊ ဆရာမကြီး ၇၀ တက်ရောက်ပူဇော်ကန်တော့ ခံယူကြသည်။

ယင်းနောက် ဆရာကြီး ဦးဘဖေ အထိမ်းအမှတ်အဖြစ် အငြိမ်းစားဆရာကြီး၊ ဆရာမကြီးများ၏ ကျန်းမာရေး စောင့်ရှောက်မှု ငွေပဒေသာပင် စိုက်ထူခြင်းနှင့် ငွေစာရင်းရှင်းတမ်းကို ကျန်းမာရေးစောင့်ရှောက်မှုကော်မတီ ဒုတိယဥက္ကဋ္ဌဦးစိုးမြင့်ကလည်းကောင်း၊ (၂၁)ကြိမ်မြောက် အငြိမ်းစားဆရာကြီး၊ ဆရာမကြီးများ ပူဇော်ကန်တော့ပွဲ ငွေစာရင်းရှင်းတမ်းကို ကျင်းပရေးနာယက ဦးစံသိန်းကလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ထို့နောက် အငြိမ်းစားဆရာကြီး၊ ဆရာမကြီးများအား ကျောင်းသား၊ ကျောင်းသူဟောင်းများက ပူဇော်ကန်တော့ငွေများဖြင့် ပူဇော်ကန်တော့ကြပြီး အသက် ၈၅ နှစ်ရှိပြီး အငြိမ်းစားဆရာကြီး ဦးတင်ဆောင်အား ကျောင်းသား၊ ကျောင်းသူဟောင်းများနှင့် ဦးသောင်းညွန့်-ဒေါ်တင်ကြည် (ရွှေမြန်မာ လယ်ယာသုံးပစ္စည်း ရောင်းဝယ်ရေး)တို့က ပူဇော်ကန်တော့ငွေကျပ် တစ်သိန်းဖြင့် ပူဇော်ကန်တော့ကြသည်။ **(အပေါ်ပုံ)** (ဝ၉၇)

သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး သိကောင်းစရာဟောပြော

ပေါင် မတ် ၁

ပေါင်မြို့နယ် သစ်တောဦးစီးဌာနကကြီးမှူးကျင်းပသည့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ဆိုင်ရာ သိကောင်းစရာများ ဟောပြောပွဲကို ဖေဖော်ဝါရီ ၂၂ရက် နံနက် ၁၁နာရီက ပေါင်မြို့နယ် ကျခတ်ငူကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်း၌ ကျင်းပသည်။

ရေးဦးစွာ ကျခတ်ငူကျေးရွာဥက္ကဋ္ဌ ဦးသင်းဖေက အဖွင့်အမှာစကားပြောကြားပြီး သထုံ-ပေါင်သစ်တောဦးစီးအရာရှိ ဦးတက်တိုးက သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ သိကောင်းစရာများကို ဟောပြောသည်။ **(အောက်ပုံ)**

ထို့နောက်ပေါင်မြို့နယ် သစ်တောဦးစီးဌာနတောခေါင်း ဦးရဲနိုင်က သစ်တောသစ်ပင်နှင့် လူ့သဘာဝပတ်ဝန်းကျင်ဆက်နွယ်မှု အကြောင်းအရာများ ရှင်းလင်းပြောကြားကြောင်းသိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ထန်းတပင်မြို့နယ်ရှိ လှည်းဆိပ်ကျေးရွာကို စံပြကျေးရွာအဖြစ် အဆင့်မြှင့်တင်ရေးအတွက် ဇန်နဝါရီ ၃၀ ရက်က မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသာနိုးအောင်၊ မြို့နယ် စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးသန်းဇော်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ စုပေါင်း၍ စံပြကျေးရွာ အင်္ဂါရပ်နှင့် ညီညွတ်မှုရှိရေး ကွင်းဆင်း ဆောင်ရွက်ကြစဉ်။

(မြို့နယ်စည်ပင်)

9-3 (16).p65 1 3/25/05, 9:42 AM

နိုင်ငံရေးဦးတည်ချက်(၄)ရပ်	စီးပွားရေးဦးတည်ချက်(၄)ရပ်	လူမှုရေးဦးတည်ချက်(၄)ရပ်
* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး	* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး	* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးသား ပြန်လည် စည်းလုံး ညီညွတ်ရေး	* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး	* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး	* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး	* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့် အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး	* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး	* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

အမျိုးသားညီလာခံ စုံညီအစည်းအဝေး သဘာပတိ

မတ် ၈ ရက်က အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင် သဘာပတိ အဖြစ် အမျိုးသားညီလာခံကျင်းပရေး ကော်မရှင် ဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန် ဆောင်ရွက်စဉ်။

(သတင်း-ရှေ့ဖုံး)
(သတင်းစဉ်)

နိုင်ငံတော်သမ္မတအနေဖြင့် မိမိအားအပ်နှင်းထားသည့် တာဝန်နှင့်လုပ်ပိုင်ခွင့်များကျင့်သုံးဆောင်ရွက်ရာတွင် ပြုခဲ့သောပြုလုပ်မှုအတွက် မည်သည့်တရားရုံးတွင်မျှ ဖြေရှင်းရန်တာဝန်မရှိစေသင့်

ရန်ကုန် မတ် ၈

၂၀၀၅ ခုနှစ် မတ် ၇ ရက်တွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၌ ဆက်လက်ကျင်းပသော အမျိုးသားညီလာခံစုံညီအစည်းအဝေး၌ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံ ဥပဒေရေးဆွဲရာတွင် ပါဝင်မည့် အုပ်ချုပ်ရေးနှင့်တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းများအနက် အုပ်ချုပ်ရေးအပိုင်းပါ "နိုင်ငံတော်သမ္မတ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ"နှင့်စပ်လျဉ်းပြီး ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့် မူများနှင့် စပ်လျဉ်း၍ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌကိုယ်စား လုပ်ငန်းကော်မတီ အတွင်းရေးမှူး ဦးသောင်းညွှန့်၏ ဆက်လက်ဖတ်ကြားတင်ပြချက် အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်။

နိုင်ငံတော်သမ္မတ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်အဖြစ် သတ်မှတ်သင့်သည့် စစ်ကြေညာခြင်း၊ စစ်ပြေငြိမ်းခြင်းနှင့် စပ်လျဉ်း၍ လုပ်ငန်းကော်မတီ၏လေ့လာတွေ့ရှိချက်များကို ဆက်လက်တင်ပြလိုပါကြောင်း။

စာမျက်နှာ ၆ ကော်လံ ၁ ✻

အမျိုးသားညီလာခံ စုံညီအစည်းအဝေး၌ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် အုပ်ချုပ်ရေးနှင့်တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းများအနက် အုပ်ချုပ်ရေးအပိုင်းပါ "နိုင်ငံတော်သမ္မတ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ"နှင့်စပ်လျဉ်းပြီး ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့်စပ်လျဉ်း၍ အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌကိုယ်စား လုပ်ငန်းကော်မတီ အတွင်းရေးမှူး ဦးသောင်းညွှန့် ဖတ်ကြားတင်ပြစဉ်။

(သတင်းစဉ်)

ပြည်ထောင်စုအစိုးရအား အုပ်ချုပ်မှုအခွင့်အာဏာများ ကျယ်ကျယ်ပြန့်ပြန့်အပ်နှင်းပြီး ယင်းအုပ်ချုပ်မှုအခွင့်အာဏာနှင့်ဆက်စပ်နေသည့် တာဝန်နှင့်လုပ်ပိုင်ခွင့်များ ပီပီပြင်ပြင်သတ်မှတ်ထားရှိသင့်

ရန်ကုန် မတ် ၈

၂၀၀၅ ခုနှစ် မတ် ၇ ရက်တွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၌ ဆက်လက်ကျင်းပသော အမျိုးသားညီလာခံစုံညီအစည်းအဝေး၌ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံ ဥပဒေရေးဆွဲရာတွင် ပါဝင်မည့်အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းများအနက် အုပ်ချုပ်ရေးအပိုင်းပါ "ပြည်ထောင်စုအစိုးရ၏ အုပ်ချုပ်မှုအခွင့်အာဏာ"နှင့်စပ်လျဉ်းပြီး ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့် မူများနှင့်စပ်လျဉ်း၍ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ကိုယ်စား လုပ်ငန်းကော်မတီအဖွဲ့ဝင် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိန်းစိန်၏ ဖတ်ကြားတင်ပြချက် အပြည့်အစုံမှာ အောက်ပါအတိုင်း ဖြစ်သည်။

ကျင်းပပြီးစီးခဲ့သည့် အမျိုးသားညီလာခံ စုံညီအစည်းအဝေးများတွင် အုပ်ချုပ်ရေးဆိုင်ရာဖွဲ့စည်းမှု အပိုင်းနှင့် စပ်လျဉ်းပြီး အသေးစိတ်အခြေခံရမည့် မူများချမှတ်ခဲ့ပြီးဖြစ်ကြောင်း၊ ထိုကဲ့သို့ချမှတ်ခဲ့ရာတွင် ပြည်ထောင်စုအစိုးရဖွဲ့စည်းရေးနှင့်စပ်လျဉ်းပြီး "နိုင်ငံတော်အုပ်ချုပ်ရေးအကြီးအကဲသည် နိုင်ငံတော်သမ္မတ ဖြစ်သည်။ နိုင်ငံတော်တွင် ပြည်ထောင်စုအစိုးရအဖွဲ့ကို နိုင်ငံတော်သမ္မတ၊ ဒုတိယသမ္မတများ၊ ပြည်ထောင်စု ဝန်ကြီးများ၊ ပြည်ထောင်စုရှေ့နေချုပ်တို့ဖြင့်ဖွဲ့စည်းသည်"ဟု

စာမျက်နှာ ၄ ကော်လံ ၁ ●

အမျိုးသားညီလာခံ စုံညီအစည်းအဝေး၌ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် အုပ်ချုပ်ရေးနှင့်တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းများအနက် အုပ်ချုပ်ရေး အပိုင်းပါ "ပြည်ထောင်စုအစိုးရ၏အုပ်ချုပ်မှု အခွင့်အာဏာ"နှင့်စပ်လျဉ်းပြီး ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့် စပ်လျဉ်း၍ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌကိုယ်စား လုပ်ငန်းကော်မတီအဖွဲ့ဝင် ပြန်ကြား ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိန်းစိန် ဖတ်ကြား တင်ပြစဉ်။ **(သတင်းစဉ်)**